# ရတနာပုံ

၁၉၉၂ ခုနှစ် ၊ မေလ ၁ ရက် စတင်ထုတ်ဝေသည်။

yadanarbonnews.com

၁၃၈၆ ခုနှစ် ၊ တန်ဆောင်မုန်းလဆန်း (၁၂)ရက် ၊ အင်္ဂါနေ့ ၊ (12-11-2024) ၊ အတွဲ (၃၃) ၊ အမှတ် (၁၉၆)


**ဒို့တာဝန်အရေးသုံးပါး**

- ❖ ပြည်ထောင်စုမပြိုကွဲရေး။
- ❖ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး။
- ❖ အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး။

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ရှေ့လုပ်ငန်းစဉ်(၅)ရပ်

၁။ လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာကျင်းပနိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေးအပြည့်အဝရရှိလာအောင် အလေးထားဆောင်ရွက်သွားမည်။

၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့်အကျိုးဝင်သော စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် ကုန်ထုတ်လုပ်ငန်းများအား မြှင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝမြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။

၃။ နိုင်ငံတော်၏ ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့်ပြည်တွင်းငြိမ်းချမ်းရေးရလဒ်များ တည်ငြိမ်မှုရှိစေရေးအတွက် NCA ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထားလုပ်ဆောင်သွားမည်။

၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်သွားမည်။

၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏အခွင့်အရေးများ နစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျနမှန်ကန်မှုရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေးဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ပြီးစီးပါက လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကျင်းပ၍ ထွက်ပေါ်လာသည့်အစိုးရအား နိုင်ငံတော်တာဝန်လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ၂၀၂၄ ခုနှစ် ကထိန်သင်္ကန်းဆက်ကပ်လှူဒါန်းပွဲအခမ်းအနား ကျင်းပ



**နေပြည်တော် နိုဝင်ဘာ ၁၁**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ၂၀၂၄ ခုနှစ် ကထိန်သင်္ကန်းဆက်ကပ်လှူဒါန်းပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ ဥပ္ပါတသန္တိစေတီတော် သာသနာ့မဟာဗိမာန်တော်ကြီး၌ ဆင်ယင်ကျင်းပရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့် ဇနီး ဒေါ်ကြူကြူလှတို့ တက်ရောက်၍ ကထိန်လျာသင်္ကန်းနှင့် ကထိန်လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းသည်။

အခမ်းအနားသို့ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ဥက္ကဋ္ဌ သန်လျင်မြို့ မင်းကျောင်းပထမပြန်စာသင်တိုက်ပဓာနနာယက အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဒေါက်တာဘဒ္ဒန္တစန္ဒိမာဘိဝံသ၊

စာမျက်နှာ ၁၆ ကော်လံ ၁ ☞

ကထိန်အလှူခံကျောင်း နေပြည်တော် ဥတ္တရသီရိမြို့နယ် ဝဇိရာနန္ဒသုဇောခာရုံကျောင်းတိုက် ပါမောက္ခချုပ်ဆရာတော်ကြီး ဒေါက်တာ ဘဒ္ဒန္တနန္ဒမာလာဘိဝံသထံ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့် ဇနီး ဒေါ်ကြူကြူလှတို့က ကထိန်လျာသင်္ကန်းနှင့် လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းစဉ်။




ရတနာပုံ
၂၀၁၉ ခုနှစ် နိုဝင်ဘာ ၁၂ ရက်
အယ်ဒီတာ့အာဘော်

# နိုင်ငံတော်အတွက်အကျိုးရှိသော အလွန်အောင်မြင်သည့်ခရီးစဉ်

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်သည် တရုတ်ပြည်သူ့သမ္မတနိုင်ငံအစိုးရ၏ ဖိတ်ကြားချက်အရ နိုဝင်ဘာ ၅ရက်နေ့မှစတင်ကာ တရုတ်နိုင်ငံသို့ သွားရောက်ခဲ့သည်။ နိုင်ငံတော်အကြီးအကဲသည် နိုဝင်ဘာ ၅ ရက်နေ့မှ ၁၀ ရက်နေ့ ခရီးစဉ်အတွင်း တရုတ်ပြည်သူ့သမ္မတနိုင်ငံ ကူမင်းမြို့တွင် အဋ္ဌမအကြိမ်မြောက် မဟာမဲခေါင်ဒေသခွဲ ထိပ်သီးအစည်းအဝေး(GMS)၊ (၁၀)ကြိမ်မြောက် ဧရာဝတီ-ကျောက်ဖရား-မဲခေါင် စီးပွားရေးပူးပေါင်းဆောင်ရွက်မှုမဟာဗျူဟာ ထိပ်သီးအစည်းအဝေး(ACMECS)နှင့် (၁၁)ကြိမ်မြောက် ကမ္ဘောဒီးယား-လာအို-မြန်မာ-ဗီယက်နမ် ပူးပေါင်းဆောင်ရွက်မှုထိပ်သီးအစည်းအဝေး(CLMV) တို့တွင် ပါဝင်တက်ရောက်ခြင်း၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံအစိုးရအဖွဲ့တာဝန်ရှိသူများနှင့် တွေ့ဆုံဆွေးနွေးခြင်းနှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံရှိ အထင်ကရနေရာများ၊ တက္ကသိုလ်များနှင့် စက်ရုံ၊ အလုပ်ရုံများကို သွားရောက်လေ့လာခြင်းများပြုလုပ်ခဲ့သည်။

နိုင်ငံတော်အကြီးအကဲ၏ တရုတ်ပြည်သူ့သမ္မတနိုင်ငံခရီးစဉ်တွင် တရုတ်နိုင်ငံဝန်ကြီးချုပ်၊ ယူနန်ပြည်နယ်၏ ပါတီအတွင်းရေးမှူး၊ ချုံချင့်ပြည်နယ်ပါတီအတွင်းရေးမှူးတို့နှင့် တွေ့ဆုံခဲ့သည်။ ထိုသို့တွေ့ဆုံရာတွင် တရုတ်နိုင်ငံသည် ယခင်ကကဲ့သို့ပင် မြန်မာနိုင်ငံ၏ အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲမှုကို အားပေးထောက်ခံနေဆဲဖြစ်သည်။ ထိုသည်ကိုကြည့်ခြင်းအားဖြင့် မြန်မာနိုင်ငံ၏ နိုင်ငံရေးစနစ်ခိုင်မာစေရန်အတွက် တရုတ်နိုင်ငံ၏အားပေးထောက်ခံမှုရရှိထားခြင်းပင်ဖြစ်သည်။ ထို့ပြင်အိမ်နီးချင်းနိုင်ငံများဖြစ်သော ထိုင်း၊ ကမ္ဘောဒီးယား၊ လာအိုနိုင်ငံတို့ဖြင့်လည်း အပြုသဘောဆောင်သောဆက်ဆံရေးနှင့် တိုးတက်မှုများရရှိရေးကိုလည်း ဆွေးနွေးနိုင်ခဲ့သည်။

စီးပွားရေးနှင့်ပတ်သက်ပြီး မြန်မာနိုင်ငံကို လာရောက်ရင်းနှီးမြှုပ်နှံရန်စိတ်ဝင်စားသူများနှင့် လာရောက်ရင်းနှီးမြှုပ်နှံလိုသည့် စီးပွားရေးလုပ်ငန်းရှင်များကို ကူမင်းနှင့်ချုံချင့်တို့တွင် တွေ့ဆုံကာ အပြုသဘောဆောင်သောဆွေးနွေးမှုများဆောင်ရွက်နိုင်ခဲ့သည်။ ထို့ပြင် နိုင်ငံတော်အကြီးအကဲသည် ပညာကိုလိုလား၍ ပညာရေးကိုအားပေးသူဖြစ်သည့်အားလျော်စွာ တရုတ်နိုင်ငံခရီးစဉ်တွင်လည်း မိမိနိုင်ငံအတွက် အကျိုးဖြစ်ထွန်းစေမည့် အတတ်ပညာ၊ အသိပညာများရပ်တို့ဖြစ်ထွန်းရာနေရာများကို သွားရောက်လေ့လာမှုများပြုလုပ်ခဲ့သည်။ နည်းပညာခေတ်တွင် နည်းပညာရပ်များအရှိန်အဟုန်ဖြင့် တိုးတက်ထွန်းကားနေချိန်တွင် ရပ်တန့်နေခဲ့၍မရသည်ကို ကောင်းစွာသိမြင်နားလည်သောကြောင့် သတင်းအချက်အလက်နှင့် ဆက်သွယ်ရေးနည်းပညာရပ်များနှင့် ခေတ်အလိုက်ပြောင်းလဲတိုးတက်လာသည့် နည်းပညာနှင့်အတူ ဆန်းသစ်တီထွင်ထုတ်လုပ်ထားပုံများ ကို အသေးစိတ်လေ့လာကြည့်ရှုဆွေးနွေးခဲ့ကြကြောင်း သိရသည်။

နိုင်ငံတော်အကြီးအကဲဦးဆောင်သည့် အဆင့်မြင့်ကိုယ်စားလှယ်အဖွဲ့၏ခရီးစဉ်အတွင်း ဆောင်ရွက်ခဲ့သည့် နိုင်ငံတော်လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေး၊ တည်ငြိမ်အေးချမ်းရေး၊ ကျန်းမာရေးစောင့်ရှောက်မှု၊ နည်းပညာကဏ္ဍမြင့်မားတိုးတက်ရေး၊ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်ရေးများအတွက် ထိပ်သီးအစည်းအဝေးများတက်ရောက်ကာ တိုင်းပြည်နှင့်လူမျိုးအကျိုးကို ရှေးရှုဆွေးနွေးခဲ့သည်မှာ နိုင်ငံတော်အတွက် ကောင်းကျိုးများစွာရှိခဲ့သည့်အတွက် အလွန်အောင်မြင်သည့်ခရီးစဉ်အဖြစ် ပြည်သူများက ကျေနပ်ယုံကြည်ကြသည်။ ထို့ကြောင့် ပြည်သူ၊ ပြည်သားများသည် ရင်တွင်းဆန္ဒအခံဖြင့် မြန်မာနိုင်ငံနှင့် တရုတ်နိုင်ငံအလံများ တလွင့်လွင့်ကိုင်ဆောင်လျက် နိုင်ငံတော်အကြီးအကဲ၏ အိမ်အပြန်ခရီးကို သောင်းသောင်းဖြဖြကြိုဆိုခဲ့ကြသည်မှာ ပီတိဖြစ်ဖွယ်ရာပင်ဖြစ်ပါကြောင်း ရေးသားအပ်ပါသည်။

# ဘိုကလေးမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ အောက်တိုဘာလအတွင်း ငါးခုံးမပိသာချိန် ၇၀၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့

**ဘိုကလေး နိုဝင်ဘာ ၁၁**

ဧရာဝတီတိုင်းဒေသကြီး ဘိုကလေးမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ အောက်တိုဘာလအတွင်း ငါးခုံးမပိသာချိန် ၇၀၀၀၀ ထိ တင်ပို့ ရောင်းချနိုင်ခဲ့ကြောင်း ဘိုကလေးမြို့နယ် ရေထွက်ကုန်ပစ္စည်းများ ရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်သင်းသင်းအေးက ပြောပြ၍ သိရသည်။

ဘိုကလေးမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ စက်တင်ဘာလ တစ်လအတွင်းက ငါးခုံးမပိသာချိန် ၅၀၀၀၀ ထိသာတင်ပို့ရောင်းချနိုင်ခဲ့ပြီး အောက်တိုဘာ ၁ ရက်မှ ၃၁ ရက်ထိ ငါးခုံးမပိသာချိန် ၇၀၀၀၀ တင်ပို့ ရောင်းချနိုင်ခဲ့ကြောင်း၊ အဆိုပါဒေသမှ ရန်ကုန်ဈေးကွက်သို့ငါးခုံးမများအပါအဝင် ရေထွက်ကုန်များကို အများဆုံးတင်ပို့ရောင်းချလျက်ရှိကြောင်း သိရသည်။

"ပြီးခဲ့တဲ့ တစ်လအတွင်း ဘိုကလေးမြို့နယ်က ငါးခုံးမကို ရန်ကုန်ဈေးကွက်ထဲ ပိသာချိန် ၇၀၀၀၀ ထိ တင်ပို့ရောင်းချခဲ့ပါတယ်။ စက်တင်ဘာလကထက် အောက်တိုဘာလထဲမှာ ငါးခုံးမပိသာချိန် ၂၀၀၀၀ ထိ ပိုမိုတင်ပို့ရောင်းချခဲ့ရပါတယ်။ ပြည်တွင်း ငါးစားသုံးမှုများလာတာကြောင့် ရန်ကုန်ဈေးကွက်က အဝယ်လိုက်လာတာဖြစ်ပါတယ်။ လက်ရှိပေါက်နေတဲ့ ငါးဈေးကအရောင်းအဝယ်လုပ်သူတွေအတွက်အဆင်ပြေတဲ့ ဈေးနှုန်းဖြစ်ပါတယ်"ဟု ဘိုကလေးမြို့နယ် ရေထွက်ကုန်ပစ္စည်းများရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်သင်းသင်းအေးက ပြောပြသည်။

ဘိုကလေးမြို့နယ်မှ ငါးခုံးမများကို ရန်ကုန်ဈေးကွက်သို့ တင်ပို့ရောင်းချလျက်ရှိပြီး ရန်ကုန်ဈေးကွက်မှတစ်ဆင့်နေပြည်တော်နှင့် အခြားဒေသများသို့တင်ပို့ရောင်းချလျက်ရှိကြောင်း၊ အဆိုပါငါးများ နေ့စဉ်တင်ပို့ရောင်းချလာရသည့်အတွက် မွေးမြူရေးလုပ်ငန်းရှင် များ၊ မွေးမြူရေးလုပ်သားများ၊ ကုန်သည်များ၊ ကုန်တင်ယာဉ်အငှားလိုက်သူများ အဆင်ပြေလျက်ရှိကြောင်း သိရသည်။

**ကျော်ကျော်လင်း**

# မန္တလေး ပဲ၊ နှမ်း ဈေးကွက်တွင် မြေထောက်ပဲနှင့်ပဲကြီး အရောင်းအဝယ်ကောင်းမွန်လာ



**မန္တလေး နိုဝင်ဘာ ၁၁**

မန္တလေး ပဲ၊ နှမ်းဈေးကွက်တွင် မြေထောက်ပဲနှင့်ပဲကြီး အရောင်းအဝယ် ကောင်းမွန်လာကြောင်း ပွဲစားကုန်သည်စက်ပိုင်များ မဟာကထိန်တော်အသင်း (မန္တလေးကုန်စည်ဒိုင်) အတွင်းရေးမှူး ဦးစက်မောင်ဆွေက ပြောပြ၍ သိရသည်။

ပဲ၊ပြောင်း၊နှမ်း စသည့်ကုန်စည်များထဲတွင် ယခင်က မြေထောက်ပဲနှင့်ပဲကြီးမှာ ပြည်တွင်းဈေးကွက်အတွင်းမှ ဝယ်ယူမှုနည်းခြင်းကြောင့် အရောင်းအဝယ်အေးနေခဲ့ကြောင်း၊ လက်ရှိတွင် မြေထောက်ပဲနှင့်ပဲကြီးကို ကုန်သည်များဝယ်ယူမှုများပြားလာပြီး အရောင်းအဝယ်မှာ အကောင်းဆုံးအနေအထားတွင်ရှိကြောင်း သိရသည်။

"မြေထောက်ပဲနဲ့ ပဲကြီးက အရင် တစ်ပတ်လောက်က အဝယ် သိပ်မလိုက်တာကြောင့် မန္တလေးဈေးကွက်ထဲ အရောင်းအဝယ်သိပ်မဖြစ်ခဲ့ဘူး။ အခု လက်ရှိမှာတော့ အရောင်းအဝယ် ကောင်းမွန်လာတဲ့အပြင် ပြည်ပကပါဝယ်ယူမှုတွေများလာတာကြောင့် မြေထောက်ပဲနှင့်ပဲကြီးမှာ အရောင်းအဝယ် ပြန်ပြီးကောင်းမွန်နေပါတယ်"ဟု ဦးစက်မောင်ဆွေက ပြောပြသည်။

မန္တလေး ပဲ၊ နှမ်းဈေးကွက်အတွင်း ယနေ့ပေါက်ဈေးအရ မြေထောက်ပဲ သုံးတင်းဝင်တစ်အိတ်လျှင် ငွေကျပ် ၃၃၀၀၀၀ ပေါက်ဈေးရှိကြောင်း၊ ပဲကြီး သုံးတင်းဝင်တစ်အိတ်လျှင် ငွေကျပ် ၃၀၀၀၀၀ ပေါက်ဈေးရှိကြောင်း သိရသည်။

ယခု ပဲ၊ပြောင်း၊နှမ်းဈေးကွက်အတွင်း ယနေ့ပေါက်ဈေးအရ နှမ်းညို သုံးတင်းဝင်တစ်အိတ်လျှင်ငွေကျပ် ၃၀၅၀၀၀၊ နှမ်းနက်(စမုန်) သုံးတင်းဝင်တစ်အိတ်လျှင် ငွေကျပ် ၆၅၀၀၀၀ ထိပေါက်ဈေးရှိကြောင်း ပွဲစားကုန်သည်စက်ပိုင်များ မဟာကထိန်တော်အသင်း (မန္တလေးကုန်စည်ဒိုင်) အတွင်းရေးမှူး ဦးစက်မောင်ဆွေက ပြောပြ၍ သိရသည်။ (၁၈၄)

# ကန့်ဘလူမြို့နယ်တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ဟင်းသီးဟင်းရွက်သီးနှံစုံ ၃၆၂၁ ဧကထိ စိုက်ပျိုးပြီးစီးပြီဖြစ်

**ကန့်ဘလူ နိုဝင်ဘာ ၁၁**

စစ်ကိုင်းတိုင်းဒေသကြီး ကန့်ဘလူခရိုင် ကန့်ဘလူမြို့နယ်တွင် ယခုနှစ်ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ဟင်းသီးဟင်းရွက်သီးနှံစုံ ၃၆၂၁ ဧကထိ စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း ကန့်ဘလူမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ကန့်ဘလူမြို့နယ်တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ဟင်းသီးဟင်းရွက်သီးနှံ ၇၄၂၆ ဧက စိုက်ပျိုးရန်လျာထားပြီး ယခုနှစ်အောက်တိုဘာလမှစတင်စိုက်ပျိုးခဲ့ရာ ယနေ့ထိ ၃၆၂၁ ဧကစိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း သိရသည်။

"ဒီနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ ကန့်ဘလူမြို့နယ်မှာ ဟင်းသီးဟင်းရွက်သီးနှံစုံ ဧက ၇၀၀၀ ကျော်စိုက်ပျိုးဖို့ လျာထားပါတယ်။ ဒီနေ့ထိ ဧက ၃၀၀၀ ကျော်စိုက်ပျိုးပြီးစီးပြီဖြစ်ပါတယ်။ မုန်ညင်း၊ ငရုတ်၊ နံနံ၊ အာလူး၊ ဂေါ်ဖီထုပ်၊ ခရမ်းသီးစတဲ့သီးနှံတွေဖြစ်ပါတယ်။ စိုက်ပျိုးတဲ့ ဟင်းသီးဟင်းရွက်အားလုံးကို GAP နည်းစနစ်နဲ့စိုက်ပျိုးနိုင်ဖို့ တောင်သူတွေကိုနည်းပညာပေးတယ်။ စိုက်ပျိုးတဲ့ ဟင်းသီးဟင်းရွက် အားလုံးကို တောင်သူတွေကို ဓာတုဓာတ်ကြွင်းအနည်းဆုံးဖြစ်အောင် ကျန်းမာရေးနဲ့ကိုက်ညီအောင် စိုက်ပျိုးဖို့ နည်းပညာတွေ ပေးနေတယ်"ဟု ကန့်ဘလူမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးမျိုးဇော်က ပြောပြသည်။

ယခုနှစ် ကန့်ဘလူမြို့နယ်တွင် ဟင်းသီးဟင်းရွက်စိုက်တောင်သူများကို မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနအနေဖြင့် GAP နည်းစနစ်ဖြင့် စိုက်ပျိုးရန်အတွက် နည်းပညာသင်တန်းပေးခြင်း၊ စိုက်ခင်းများမှ ထွက်ရှိလာသည့် ဟင်းသီးဟင်းရွက်များ ကျန်းမာရေးနှင့်ညီညွတ်သည့် သီးနှံဖြစ်စေရန် နည်းပညာများပေးခြင်း၊ တောင်သူများဟင်းသီးဟင်းရွက်များ တိုးချဲ့စိုက်ပျိုးလာရန်အတွက် ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

ကန့်ဘလူမြို့နယ်တွင် နှစ်စဉ်ရာသီအလိုက် ဟင်းသီးဟင်းရွက်မျိုးစုံစိုက်ပျိုးလျက်ရှိရာ စိုက်ပျိုးကြသော ဟင်းသီးဟင်းရွက်သီးနှံများ အောင်မြင်ဖြစ်ထွန်းပြီး မိသားစုဝင်ငွေ ရရှိကြောင်းနှင့် ဟင်းသီးဟင်းရွက် စိုက်ပျိုးမည့် တောင်သူများကို စိုက်ပျိုးရေးဦးစီးဌာနက စိုက်နည်းစနစ်မှန်ကန်ရေး၊ ပိုးမွှားကျရောက်မှု ကင်းစင်ရေး၊ သဘာဝမြေဩဇာ၊ သဘာဝပိုးသတ်ဆေးနှင့် ပိုးနှင်ဆေးပြုလုပ်သုံးစွဲရေး အသိပညာပေးလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။ (၂၀၆)

ထုတ်ဝေခွင့်အမှတ်-၀၀၃၂၄၊ ပုံနှိပ်ခြင်းလုပ်ငန်းအမှတ်-၀၀၁၀၆၈၊ စာတည်းအဖွဲ့-၀၃၃-၇၂၇၈၁၊ ၀၉-၄၅၈၈၉၁၃၀၀၊ ကြော်ငြာ-၈၄ လမ်းနှင့် ၂၉-၃၀ လမ်းကြား- ၀၂-၄၀၆၆၆၅၁၊ ဖြန့်ချိရေး-၀၂-၄၀၃၆၄၂၂၊
E-mail-yadanarbonnewspaper@gmail.com၊ မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ ဘိုးရာဇာလမ်းနှင့် ဇေရက်လမ်းကြား၊ ရတနာပုံသတင်းစာတိုက်တွင် ပုံနှိပ်ထုတ်ဝေသည်။

## အလှူရှင်များသို့ တိုက်တွန်းပန်ကြားချက်

၁။ နိုင်ငံအတွင်း လတ်တလောဖြစ်ပွားခဲ့သော ရေကြီးရေလျှံမှုများကြောင့် ယာယီကယ်ဆယ်ရေးစခန်းများတွင် ခေတ္တလာရောက်နေထိုင်နေသူများနှင့် ရေဘေးသင့်ကျေးရွာ၊ ရပ်ကွက်များရှိ မိမိတို့၏နေအိမ်များတွင် နေထိုင်လျက်ရှိသည့် ပြည်သူများအတွက် အလှူရှင်များက စေတနာသဒ္ဓါတရားထက်သန်စွာဖြင့် အစားအသောက်များလာရောက်လှူဒါန်းနေမှုများအား ဝမ်းမြောက်ဝမ်းသာစွာတွေ့ရှိရပါသည်။

၂။ သို့ရာတွင် ပတ်ဝန်းကျင်ရာသီဥတုအခြေအနေအရ အလှူရှင်များက ပြင်ဆင်ချက်ပြုတ်လာသော အစားအသောက်များကိုချက်ချင်းစားသုံးခြင်းမပြုဘဲ သိုလှောင်သိမ်းဆည်းထားစဉ် အစာအဆိပ်သင့်ဖြစ်ပွားစေသော ရောဂါပိုးများ ပေါက်ဖွားရှင်သန်စေမှုဖြစ်စေနိုင်ခြင်း၊ စားသုံးရန်မသင့်သည့်အခြေအနေများသို့ ရောက်ရှိစေနိုင်ခြင်းနှင့် အဆိုပါအစားအသောက်များကို စားသောက်မိပါက အော့အန်ခြင်း၊ ဝမ်းပျက်ဝမ်းလျှောဖြစ်ခြင်းစသည့် ကျန်းမာရေးဆိုင်ရာ နောက်ဆက်တွဲရောဂါများ ဖြစ်ပေါ်နေမှုများကြောင့် ရေဘေးသင့်ပြည်သူများအတွက် ကျန်းမာရေးကိုထိခိုက်စေကြောင်း တွေ့ရှိရသည်။

၃။ သို့ပါ၍ အလှူရှင်များအနေဖြင့် အစားအသောက်များလာရောက်လှူဒါန်းရာတွင် ပြင်ဆင်ချက်ပြုတ်ထားသော အစားအစာများဖြင့် လှူဒါန်းခြင်းမျိုးမပြုဘဲ စခန်းများတွင် နေထိုင်သူများအား ပူပူနွေးနွေးချက်ပြုတ်ကျွေးမွေးနိုင်ရန် ဆန်၊ ဆီ၊ ဆား၊ ပဲ၊ ငါးခြောက်၊ ကြက်ဥ၊ ဘဲဥနှင့် ချက်ပြုတ်ရန် လတ်ဆတ်သော အသား၊ ငါး စသည်တို့ကို ပေးပို့လှူဒါန်းခြင်း၊ ပေးပို့လှူဒါန်းရာတွင် မြို့နယ်အလိုက်မြို့နယ်အုပ်ချုပ်ရေးမှူးရုံးရှိ ကြီးကြပ်ရေးအဖွဲ့၊ စီမံခန့်ခွဲမှုအဖွဲ့များမှတစ်ဆင့်သာ ပေးပို့လှူဒါန်းခြင်းနှင့် ယာယီကယ်ဆယ်ရေးစခန်းများတွင် တာဝန်ယူဆောင်ရွက်နေကြသော စီမံခန့်ခွဲမှုအဖွဲ့နှင့် ကျန်းမာရေး ဝန်ထမ်းများက စခန်းများတွင် လှူဒါန်းကြသော အစားအသောက်များအား ကျန်းမာရေးနှင့်ညီညွတ်စေရန်နှင့် သန့်ရှင်းမှုရှိစေရန်ကြီးကြပ်စစ်ဆေးခြင်းတို့ကို ဆောင်ရွက်ပေးကြပါရန် တိုက်တွန်းနှိုးဆော်ပန်ကြားအပ်ပါသည်။

**အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုကော်မတီ**



မန္တလေး ချမ်းမြသာစည်မြို့နယ် ကန်တော်ကြီးကန်ပတ်လမ်းရှိ ဇီဝိတဒါနသံဃာ့ဆေးရုံကြီးတွင် စစ်ကိုင်းမြို့ ရွှေမင်းဝံ(စ)ရပ်ကွက် အိမ်အမှတ်(၇၀)နေ ဦးကျော်ဆွေ-ဒေါ်ခင်မာရီ၊ ဦးမျိုးညွှန့်အောင်-ဒေါ်အေးမြတ်သီတာ၊ ဦးတင်မြင့်၊ ဒေါ်ဆုမွန်ကျော်မိသားစုတို့က ပစ္စည်းလေးပါးအတွက် ငွေကျပ် ၅၀၀၀၀၀ လှူဒါန်းရာ ရုံးအဖွဲ့မှူး ဦးသန့်ဇင်က လက်ခံရယူစဉ်။

## မုံရွာမြို့နယ်တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ကုလားပဲ ၄၄၈၇ ဧကထိ စိုက်ပျိုးပြီးစီးပြီဖြစ်



**မုံရွာ နိုဝင်ဘာ ၁၁**

စစ်ကိုင်းတိုင်းဒေသကြီး မုံရွာခရိုင် မုံရွာမြို့နယ်တွင် ယခုနှစ်ဆောင်းသီးနှံ စိုက်ပျိုးရာသီ၌ ကုလားပဲ ၄၄၈၇ ဧကထိ စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း မုံရွာမြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

မုံရွာမြို့နယ်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ကုလားပဲ ဧက ၁၇၇၉၀ စိုက်ပျိုးရန်လျာထားပြီး ယခုနှစ် အောက်တိုဘာလမှစတင်စိုက်ပျိုးခဲ့ရာ ယနေ့ထိ ၄၄၈၇ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း သိရသည်။

"ဒီနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ မုံရွာမြို့နယ်မှာ ကုလားပဲ ဧက ၁၇၀၀၀ ကျော် စိုက်ပျိုးဖို့အတွက် လျာထားပါတယ်။ ဒီနေ့ထိ ဧက ၄၀၀၀ ကျော်စိုက်ပျိုးပြီးစီးပြီဖြစ်ပါတယ်။ လျာထားဧကပြည့်မီအောင်စိုက်ပျိုးနိုင်ဖို့ ဆောင်ရွက်ပေးနေပါတယ်။ ကုလားပဲစိုက်ပျိုးမှုအနေနဲ့ တစ်နှစ်ထက်တစ်နှစ် တိုးတက်လာပါတယ်။ ကုလားပဲ အထွက်နှုန်းနဲ့ အရည်အသွေးကောင်းမွန်ဖို့အတွက် လိုအပ်တဲ့ မျိုးကောင်းမျိုးသန့်တွေ၊ သွင်းအားစုတွေ၊ ရိတ်သိမ်းချိန်လွန်နည်းပညာပေး လုပ်ငန်းတွေကို တောင်သူတွေနဲ့ ပူးပေါင်းပြီးတော့ ဆောင်ရွက်ပေးနေပါတယ်" ဟု မုံရွာမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးစိုးသက်အောင်က ပြောပြသည်။

မုံရွာမြို့နယ်၌ ကုလားပဲစိုက်ပျိုးရာတွင် ဒေသနှင့်ကိုက်ညီပြီး အထွက်နှုန်း ကောင်းမွန်သည့် ရေဆင်း (၈) နှင့်ရေဆင်း (၁၁) မျိုးများကို ရွေးချယ်စိုက်ပျိုးကြကြောင်း၊ ကုလားပဲ တစ်ဧကစိုက်ပျိုးပါက ငွေကျပ် သုံးသိန်းခန့်ကုန်ကျကြောင်း သိရသည်။

စစ်ကိုင်းတိုင်းဒေသကြီးတွင် ပဲမျိုးစုံ စိုက်ပျိုးထုတ်လုပ်မှု၌ တစ်နိုင်ငံလုံး အတိုင်းအတာဖြင့် ဧရိယာအများဆုံး စိုက်ပျိုးထုတ်လုပ်သည့် တိုင်းဒေသကြီးဖြစ်ပြီး ပဲမျိုးစုံသီးနှံကို အဓိကသီးနှံအဖြစ် စိုက်ပျိုးလျက်ရှိကြောင်း သိရသည်။

(၂၀၆)

## ကျိုင်းတုံမြို့နယ် လွယ်မွေကျေးရွာ၌ ရေရှိရေးလုပ်ငန်းဆောင်ရွက်ပြီးစီးမှု စစ်ဆေး

**ကျိုင်းတုံ နိုဝင်ဘာ ၁၁**

ရှမ်းပြည်နယ်(အရှေ့ပိုင်း) ကျိုင်းတုံခရိုင် ကျိုင်းတုံမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကျိုင်းတုံမြို့နယ် လွယ်မွေကျေးရွာ၌ ကျေးလက်ရေရရှိရေးလုပ်ငန်းနှင့် ဆက်စပ်လုပ်ငန်းများ ဆောင်ရွက်ပြီးစီးမှုများကို နိုဝင်ဘာ ၁၀ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာ ကျိုင်းတုံမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးရဲခေါင်နှင့် အင်ဂျင်နီယာဝန်ထမ်းများက လွယ်မွေအုပ်စုအတွင်းရှိ လွယ်မွေကျေးရွာ၊ ရွာသစ် ကျေးရွာ၊ ခွန်ဆိုင်း(ထက်) ကျေးရွာနှင့် ခွန်ဆိုင်း (အောက်) ကျေးရွာ စုစုပေါင်း ကျေးရွာလေးရွာကို အကျိုးပြုသည့် ဂါလန် ၁၀၀၀၀ဆံ့ အုတ်ရေကန် တည်ဆောက်ခြင်းလုပ်ငန်း၊ ဆိုလာ ရေတင်စနစ်ဖြင့် အရှည်ပေ ၄၀၀ ရေပိုက်လိုင်း သွယ်တန်းခြင်းနှင့် ဆက်စပ်လုပ်ငန်းများ ရာနှုန်းပြည့် ဆောင်ရွက်ပြီးစီးမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး ခရိုင်ဦးစီးမှူးက ကျေးရွာရှိ ရပ်မိရပ်ဖများ၊ ရေပေးဝေရေး ကော်မတီဝင်များနှင့်တွေ့ဆုံကာ ဆောင်ရွက်ပြီး ရေရရှိရေးလုပ်ငန်းများကို ရေရှည်တည်တံ့အောင်ဆောင်ရွက်ကြရန် ဆွေးနွေးမှာကြားသည်။

အဆိုပါ ကျေးရွာလေးရွာကို အကျိုးပြုသည့် ကျေးလက်ရေရရှိရေးနှင့် ဆက်စပ်လုပ်ငန်းများကို ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ် ပြည်ထောင်စု ခွင့်ပြုရန်ပုံငွေကျပ် ၃၁ ဒသမ ၈ သန်း အသုံးပြု၍ ယခုနှစ်ဇူလိုင်လစတုတ္ထပတ်မှ စတင်အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းများအားလုံး ရာနှုန်းပြည့် ဆောင်ရွက်ပြီးစီးပြီဖြစ်ကြောင်း သိရသည်။

**ချိုသန်းညွှန့်**

## ညောင်တုန်းမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ အောက်တိုဘာလအတွင်း ငါးကြင်းပိဿာချိန် ၇၁၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့

**ညောင်တုန်း နိုဝင်ဘာ ၁၁**

ဧရာဝတီတိုင်းဒေသကြီး ညောင်တုန်းမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ အောက်တိုဘာလအတွင်း ငါးကြင်းပိဿာချိန် ၇၁၀၀၀ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း ညောင်တုန်းမြို့နယ် ရေထွက်ကုန်ပစ္စည်းများရောင်းဝယ်ရေး ပွဲရုံပိုင်ရှင် ဒေါ်ဝင်းဌေးက ပြောပြ၍ သိရသည်။

ညောင်တုန်းမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ပြီးခဲ့သည့် စက်တင်ဘာလအတွင်းက ငါးကြင်းပိဿာချိန် ၅၀၀၀၀ ထိသာ တင်ပို့ရောင်းချနိုင်ခဲ့ပြီး အောက်တိုဘာလ ၁ ရက်မှ ၃၁ ရက်ထိ တစ်လအတွင်း ငါးကြင်းပိဿာချိန် ၇၁၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း၊ အဆိုပါ ငါးကြင်းများကို ရန်ကုန်ဈေးကွက်မှဝယ်ယူမှုများပြားလာခြင်းကြောင့် အရောင်းအဝယ်ကောင်းခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

"ရန်ကုန်ဈေးကွက်ကနေ ညောင်တုန်းမြို့နယ်က ထွက်ရှိတဲ့ ငါးကြင်းတွေ အဝယ်လိုက်နေတာကြောင့် ငါးကြင်း တင်ပို့မှု များပြားခဲ့တာဖြစ်ပါတယ်။ ရန်ကုန်ဈေးကွက်က ငါးကြင်းတွေ ကို ပြီးခဲ့တဲ့လ ပထမပတ်လောက်တည်းက စတင်အရောင်းအဝယ်ကောင်းခဲ့ပါတယ်။ အခြားငါးအမျိုးအစားတွေလဲ ဝယ်ယူမှုက ပုံမှန်အနေအထားမှာ ရှိပါတယ်။ ရန်ကုန်ဈေးကွက်ကနေ ငါးတွေဝယ်ယူအား များပြားလာပေမဲ့ ဈေးကတော့ ပုံမှန်အနေအထားမှာပဲ ရှိပါတယ်"ဟု ညောင်တုန်းမြို့နယ်မှ ရေထွက်ကုန်ပစ္စည်းများ ရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်ဝင်းဌေးက ပြောပြသည်။

ညောင်တုန်းမြို့နယ်တွင် ဒေသရေထွက်ကုန်ပစ္စည်း ရောင်းဝယ်ရေးပွဲရုံပိုင်ရှင်များသည် ရေထွက်ကုန်ပစ္စည်းများကိုဝယ်ယူပြီး ဒေသဈေးကွက်အပြင် ရန်ကုန်ဈေးကွက်သို့ တင်ပို့ရောင်းချလျက်ရှိကြောင်း၊ အဆိုပါ ရန်ကုန်ဈေးကွက်မှတစ်ဆင့် အခြားဒေသများသို့ ဆက်လက်ဖြန့်ဖြူးရောင်းချလျက်ရှိကြောင်း၊ ရေထွက်ကုန်ပစ္စည်းများ အရောင်းအဝယ်ကောင်းမွန်လာမှုကြောင့် အဆိုပါဒေသမှ ရေလုပ်ငန်းလုပ်ကိုင်သူများ အဆင်ပြေလျက်ရှိကြောင်း သိရသည်။

**ကျော်ကျော်လင်း**



# မြေဆီလွှာနှင့် မြေသြဇာ အပိုင်း(၁၂)

ပါမောက္ခကိုကိုအောင်

မြေဆီလွှာတိုင်းသည် သဘာဝတရားကြီး၏ ပြုပြင်ပြောင်းလဲပေးမှုကို ခံကြရသည့်အားလျော်စွာ မြေစေး၊ မြေဆီလွှာ၊ နုန်းနုမြေဆီလွှာနှင့် နုန်းမြေဆီလွှာတို့သည်လည်း သဲမြေဆီလွှာကဲ့သို့ပင် သဘာဝတရားကြီး၏ ပြုပြင်ပေးနေမှုကို အစဉ်သဖြင့် ခံနေကြရသည်။ ထိုကဲ့သို့သော သဘာဝတရားကြီး၏ပြုပြင်ပေးခြင်းကို ခံနေကြခြင်းသည်ပင်လျှင် မြေဆီလွှာကျစ်များအတွင်း၌ တမန်းဖြစ်ခြင်းကို အတော်အတန် အကာအကွယ်ရနေကြသည်။ ဤသည်မှာကား မြေဆီလွှာကိုဖြစ်ပေါ်လာစေသော သဘာဝတရားကြီးက မြေဆီလွှာ၌ရှိရန်လိုအပ်သည့် မြေစမြေနခေါ် မြေစေ့မြေမှုန့်များဖြစ်လာအောင်လည်း ဖန်တီးပေးနေခြင်းပင်ဖြစ်သည်။ မြေဆီလွှာအတွင်းရှိ မြေမှုန့်ကလေးများ ပူးကပ်နေခြင်းနှင့် ကွဲကွာပြန့်ကျဲခြင်းများဖြစ်အောင် နွေ၊ မိုး၊ ဆောင်းနှင့် နွေဦးရာသီ၊ ဆောင်ဦးရာသီတို့က တစ်လှည့်စီ ပြုပြင်ပေးနေကြသည်။

ရာသီအကူးအပြောင်း၌ မြေဆီလွှာတို့က စွတ်စိုလိုက်၊ ခြောက်သွေ့လိုက်ဖြစ်နေကြသလိုပင်၊ အေးခဲရာသီများ၌လည်း ရေခဲခြင်းနှင့် အရည်ပျော်ခြင်းဖြစ်စဉ်တို့က မြေဆီလွှာအတွင်း၌ မြေစေ့မြေမှုန့်လေးများ သိသိသာသာဖြစ်ပေါ်လာအောင် ဆောင်ကြဉ်းပေးလျက်ရှိနေကြသည်။ ထိုကဲ့သို့သော ရာသီအပြောင်းအလဲတို့၏အစတွင် ထယ်ထိုးပေးခြင်းဖြင့် မြေဆီလွှာအတွင်း သဘာဝတရား၏ စီမံပြုပြင်ပေးမှုကို ပို၍ထိထိရောက်ရောက်ဖြစ်စေလိမ့်မည်ဖြစ်သည်။ စိုက်ပျိုးသော ကောက်ပဲသီးနှံတို့၏အတွက်နှုန်းကို ပို၍မြင့်မားစေလိမ့်မည်ဖြစ်သည်။ အဘယ်ကြောင့်ဆိုသော် သဘာဝတရားကြီးက ပြုပြင်ပေးမှုအပေါ် ထယ်ထိုးမြေလှန်ပေးခြင်းက မြေဆီလွှာကို မြေစေ့မြေမှုန့်လေးများဖြစ်လာအောင် သဘာဝ၏ ဆောင်ကြဉ်းပေးနေမှုကို အချိုပေါ်သကာလောင်း သကဲ့သို့ဖြစ်စေသောကြောင့်ပင်ဖြစ်သည်။

အော်ဂဲနစ်ဒြပ်အများအပြားပါဝင်နေသော မြေဆီလွှာသည် ကောက်ပဲသီးနှံစိုက်ပျိုးဖြစ်ထွန်းအောင်မြင်မှုအတွက် အဖော်မွန်ကောင်းဖြစ်သည်။ အော်ဂဲနစ်ဒြပ်တို့က ပွပြီးပြန့်ကျဲနေကြလေမြေဆီလွှာက ပို၍ စွမ်းဆောင်ရည်ရှိလေဖြစ်သည်။ အော်ဂဲနစ်ဒြပ်များသည် မြေဆီလွှာကို အစုလိုက်အပြုံလိုက် ပြိုကွဲပြန့်ကျဲစေသည်။ ထို့အတူပင် ၎င်းအော်ဂဲနစ်ဒြပ်များ၏ ရေအများအပြားသိုလှောင်နိုင်သည့်စွမ်းရည်က ခြောက်သွေ့ခြင်းနှင့် အေးခဲခြင်းများကြောင့်ဖြစ်ပေါ်လာသည့် မြေဆီလွှာပြိုကွဲမှုကို အားပေးသည်။

ထိုသို့သော အော်ဂဲနစ်ပစ္စည်းများကို သဘာဝ မြေဆွေးမြေသြဇာများ ထည့်ပေးခြင်းအားဖြင့်လည်းကောင်း၊ မြေသြဇာစိမ်းဟုခေါ်တွင်သည့် ကောက်ပဲသီးနှံပင်စိမ်းများကို မြေဆီလွှာအတွင်း၌ မြှုပ်နှံပေးခြင်းအားဖြင့်လည်းကောင်း ရရှိနိုင်သည်။ ထို့အတူ ကောက်ပဲသီးနှံပင်တို့၏အမြစ်များ၊ ရိတ်သိမ်းပြီးသော ကောက်ပဲသီးနှံပင်တို့၏ ကျန်ရှိသောပင်စည်ရိုးများကလည်း မြေဆီလွှာထဲ၌ အော်ဂဲနစ်ဒြပ်များ



တိုးပွားလာအောင် စွမ်းဆောင်ပေးနိုင်ကြသည်။ အခြားနည်းလမ်းတစ်ရပ်အနေဖြင့် မြေစေးမြေဆီလွှာနှင့် နုန်းနုမြေဆီလွှာများထဲ၌ ထုံးကို ထည့်ပေးလျှင်လည်း မြေစေ့မြေမှုန့်လေးများအဖြစ် ကွဲပြားပြန့်ကျဲသွားအောင် ထူးထူးကဲကဲ စွမ်းဆောင်ပေးလိမ့်မည်ဖြစ်သည်။

ထုံး၏အစွမ်းသတ္တိကြောင့် မြေဆီလွှာသည် အရွယ်အစားမတူညီသော မြေစေ့မြေမှုန့်အစုအဝေးများစွာအဖြစ် တစ်ကွဲတစ်ပြား ဖြစ်သွားကြလိမ့်မည်ဖြစ်သည်။ ထုံးကြောင့်ဖြစ်ပေါ်လာသော ဓာတ်ပြောင်းလဲမှုများက မြေဆီလွှာ၏အခြေအနေကို သိသိသာသာ ပြောင်းလဲသွားစေကာ မြေဆီလွှာ၏ အရည်အသွေးကိုများစွာတိုးတက်စေသည်။ ထုံးသည် အဓိကအားဖြင့် မြေဆီလွှာကျစ်များအတွင်း၌ ကောင်းမွန်သောအခြေအနေကို တိုးတက်ဖြစ်ပေါ်စေသည်။ မြေဆီလွှာအမျိုးအစားအပေါ်မူတည်ပြီး စိုက်ပျိုးမြေတစ်ဧကအတွက် ထုံးတစ်တန်မှလေးတန်ထိ ထည့်သွင်းပေးရသည်။ အချို့သောမြေဆီလွှာများသည် အက်စစ်ဓာတ်များပြီး ချဉ်နေသည့်အခါ

ကောက်ပဲသီးနှံဖြစ်ထွန်းမှုကို များစွာအဟန့်အတားဖြစ်နေတတ်သည်။ ထိုအခြေအနေမျိုး၌ ၎င်းမြေဆီလွှာ၌ ထုံးကိုထည့်ပေးခြင်းအားဖြင့် ကောက်ပဲသီးနှံပင်တို့ ဖြစ်ထွန်းအောင်မြင်မှု၏အဟန့်အတားကို ကျော်လွှား လွှန်မြောက်နိုင်လိမ့်မည်ဖြစ်သည်။ သမားရိုးကျစိုက်ပျိုးတောင်သူတို့က မြေဆီလွှာ၌ ထုံးထည့်ခြင်းမှာ အက်စစ်ဓာတ်မရှိစေရေးအတွက်ဟုသာ ယေဘုယျသဘောသိရှိထားကြပြီး တကယ့် သိပ္ပံနည်းကျ လက်တွေ့ဖြစ်ရပ်ကမူ ထုံးက ကျစ်သော မြေဆီလွှာကို တဖြည်းဖြည်းပွလာစေပြီး မြေစေ့မြေမှုန့်လေးများအဖြစ်သို့ ကွဲပြားပြန့်ကျဲသွားစေခြင်းအားဖြင့် မြေဆီလွှာ၏ အရည်အသွေးကိုပါ တိုးတက်လာစေခြင်းဖြစ်သည်။

ရေခဲခြင်း၊ ရေခဲများ အရည်ပျော်ခြင်း၊ စိုထိုင်းခြင်း၊ ခြောက်သွေ့ခြင်း၊ အော်ဂဲနစ်ပစ္စည်းများ ဖြည့်စွက်ထည့်ပေးခြင်းနှင့် ထုံးထည့်ခြင်းတို့က မြေဆီလွှာတွင် မြေစေ့မြေမှုန့်လေးများကိုဖြစ်ပေါ်စေသည်။ ထယ်ထိုးခြင်းနှင့် ထွန်ယက်ခြင်းတို့ကလည်း မြေဆီလွှာအတွင်း၌ မြေစေ့မြေမှုန့်လေးများကို ဖြစ်ပေါ်စေသည်။ မြေဆီလွှာအတွင်း၌ ရေငွေ့ပမာဏက အတိုင်းအဆ မှန်ကန်စွာရှိနေချိန်၌ ထယ်ထိုးခြင်းအားဖြင့် မြေဆီလွှာကိုအမှုန့်ဖြစ်စေရန် အားပေးသည်။ မြေဆီလွှာက အလွန်စွတ်စိုနေချိန်မျိုး၌ ထယ်ထိုးခြင်းကမူ မြေဆီလွှာကို တမန်းဖြစ်စေသည်။ မြေဆီလွှာ၏ သဘောသဘာဝမှာ ခြောက်သွေ့လွန်းပါက အစိုင်အခဲများဖြစ်နေပြီး စွတ်စိုလွန်းပါက တမန်းဖြစ်နေသည်။ ထို့ကြောင့်ပင် မြေဆီလွှာအတွင်း၌ ရေငွေ့ ပမာဏက အတိုင်းအဆမှန်မှန်ရှိနေချိန်၌ ထယ်ထိုးခြင်းကသာလျှင် အကျိုးကျေးဇူးအများအပြားကို ရရှိစေနိုင်မည်ဖြစ်သည်။

ထယ်ထိုးချိန်၌ မြေဆီလွှာအတွင်းရှိ ရေငွေ့ပမာဏအချိုးအစားမှန်ကန်စွာ ရှိနေခြင်းသည် အပင်ကြီးထွားရန်အတွက် အကောင်းဆုံးသောအခြေအနေဖြစ်သည်။ ထယ်ထိုးပြီးသော မြေဆီလွှာသည် ကောက်ပဲသီးနှံမျိုးစေ့များ အပင်ပေါက်ရန်အတွက် အကောင်းဆုံး သဘာဝလက်ဆောင်မွန်ဖြစ်သည်။ ထိုအခြေအနေ၌ မြေဆီလွှာက ကောက်ပဲသီးနှံပင်များကို ရာသီဥတုနှင့် လိုက်လျောညီထွေဖြစ်စေရန် အတွက် အာဟာရနှင့်ရေငွေ့အမြောက်အမြားကို ပေးစွမ်းနိုင်စွမ်းရှိလာသည်။ စိုက်ပျိုးတောင်သူများအဖို့ မြေဆီလွှာ၏စိုထိုင်းဆကို ကောင်းစွာခန့်မှန်းလုပ်ကိုင်နိုင်မည်ဆိုပါက ကောက်ပဲသီးနှံပင်များ ဖြစ်ထွန်းအောင်မြင်နိုင်မည့်အရေးကို စိုးရိမ်ပူပန်ရန် မလိုတော့ပေ။

မြေဆီလွှာကို ထယ်ထိုးလိုက်သည့်အခါ မြေကအပေါ်သို့ကြွတက်သွားပြီး ပြန့်၍တွန့်လိမ်သွားသည်။ ထယ်နားရွက်နှင့် ထိုးမိသောမြေက ပွတ်တိုက်မှုကြောင့် ကနဦး၌တုံဆိုင်းနေသော်လည်း အပေါ်၌ ရှိနေသည့်မြေစိုင်က ထယ်နားရွက်ပေါ်မှလျှောကျကာ မြေဆီလွှာ၏အတွင်းသားက အမှုန့်ဖြစ်သွားသည်။ မြေဆီလွှာကို မှုန့်ညက်သွားစေရန်အတွက် ထယ်ထိုးခြင်းထက် ပို၍ကောင်းမွန်သောနည်းလမ်းကမရှိနိုင်ပေ။ ထယ်ထိုးခြင်း နောက်ဆုံးအဆင့်တွင် ထယ်ခဲမြေစိုင်က ထယ်နားရွက်ပေါ်မှ ပြုတ်ကျကာ ရှေ့ကကျန်ခဲ့သော ထယ်ခဲပေါ်သို့ကျပြီး ကြေကွဲသွားရသည်။ မှုန့်ညက်သော မြေဆီလွှာဖြစ်စေလိုပါက ထယ်နားရွက်ကို တိုတိုပြုလုပ်ပြီး ထယ်သွားကို လိမ်နေအောင် ပြုလုပ်ထားရမည်ဖြစ်သည်။

မြေဆီလွှာအတွင်း၌ သင့်တင့်သောရေငွေ့ရှိနေချိန်ကို အကောင်းဆုံးခန့်မှန်းပြီး ထယ်ထိုးခြင်းက ကောက်ပဲသီးနှံပင်များ ဖြစ်ထွန်းအောင်မြင်မှု၏ သော့ချက်ဖြစ်သည်မှာမှန်သော်လည်း ထိုမည့် ထယ်သွားများကို မှန်ကန်စွာတပ်ဆင်ခြင်းနှင့် ထယ်ထိုးစက်ကို လွယ်ကူချောမွေ့စွာ ဆွဲငင်နိုင်ခြင်းတို့ကလည်း အလွန်အရေးကြီးသည်ကို သတိပြုသင့်ကြသည်။ ကမ္ဘာတစ်ဝန်းရှိ အများစုသော စိုက်ပျိုးတောင်သူတို့သည် ထယ်ကို မှန်ကန်စွာတပ်ဆင်ခြင်း မပြုနိုင်ကြသည့်အတွက် ကောက်ပဲသီးနှံများ စိုက်ပျိုးဖြစ်ထွန်း အောင်မြင်သင့်သလောက် အောင်မြင်ဖြစ်ထွန်းခြင်းမရှိကြပေ။

# ဥတ္တရသီရိမြို့နယ် ဇလောင်းမြောက်ကျေးရွာ၌ ကျေးရွာရေရရှိရေးလုပ်ငန်းများဆောင်ရွက်နေမှု စစ်ဆေး



နေပြည်တော် နိုဝင်ဘာ ၁၁

နေပြည်တော်ကောင်စီနယ်မြေ ဥတ္တရခရိုင် ဥတ္တရသီရိမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ယခုဘဏ္ဍာနှစ်တွင် ပြည်ထောင်စုခွင့်ပြုရန်ပုံငွေဖြင့် ဇလောင်းမြောက်ကျေးရွာ၌ ကျေးရွာရေရရှိရေးလုပ်ငန်းဆောင်ရွက်နေမှု အခြေအနေများကို နိုဝင်ဘာ ၁၀ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်းသိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် ဥတ္တရသီရိမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ဇာကြည်မွန်နှင့်ဝန်ထမ်းများက ကျေးရွာကော်မတီဝင်များနှင့်အတူ ဇလောင်းမြောက်ကျေးရွာ၌ စက်ရေတွင်းတူးဖော်ခြင်းလုပ်ငန်း၊ စင်မြင့်ရေစင်တည်ဆောက်ခြင်းလုပ်ငန်းနှင့် ခြံစည်းရိုးကာရံခြင်းလုပ်ငန်းများ ဆောင်ရွက်နေမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးပြီးနောက် မြို့နယ်ဦးစီးမှူးက ကျေးရွာတာဝန်ရှိသူများ၊ ကျေးရွာကော်မတီဝင်များ၊ တင်ဒါရကုမ္ပဏီမှတာဝန်ရှိသူများနှင့်တွေ့ဆုံကာ သတ်မှတ်ကာလအတွင်း စံချိန်စံညွှန်းများနှင့်အညီ အချိန်မီပြီးစီးရေး၊ သတ်မှတ်အရည်အသွေးပြည့်မီရေး အလေးထားဆောင်ရွက်ရန် ဆွေးနွေးမှာကြားခဲ့သည်။

ဥတ္တရသီရိမြို့နယ် ဇလောင်းမြောက်ကျေးရွာ၌ အကျယ် လေးလက်မ၊ အနက် ပေ ၄၀၀ ရှိ စက်ရေတွင်းတူးဖော်ခြင်း၊ ဂါလံ ၂၄၀၀ ဆံ့ စင်မြင့်ရေစင်တည်ဆောက်ခြင်းနှင့် အရှည်ပေ ၁၂၀၊ အမြင့်ငါးပေရှိ ခြံစည်းရိုးကာရံခြင်းလုပ်ငန်းများကို ပြည်ထောင်စုခွင့်ပြုရန်ပုံငွေကျပ် ၃၁ ဒသမ ၈၃၂ သန်းဖြင့် NTT Construction ကုမ္ပဏီက တာဝန်ယူ၍ ဩဂုတ် ၁၁ ရက်က စတင်ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းများ ၅၀ ရာခိုင်နှုန်း ဆောင်ရွက်ပြီးစီးပြီဖြစ်ကြောင်း၊ အဆိုပါလုပ်ငန်းများ ရာနှုန်းပြည့်ပြီးစီးပါက ဇလောင်းမြောက်ကျေးရွာရှိပြည်သူများ သန့်ရှင်းသော သောက်သုံးရေကို ဖူလုံစွာရရှိမည်ဖြစ်ကြောင်း သိရသည်။

ကိုညီ

# လက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများ၏ အသုံးချမှုမခံရစေရေးနှင့် ဘေးကင်းလုံခြုံမှုရှိစေရေးတို့အတွက် သတိပြုကြရန်လိုအပ်

**"လက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများအနေဖြင့် ၎င်းတို့ အစမ္ပဝင်ရောက်နေထိုင်နေသည့်မြို့ရွာများ၌ တပ်မတော်၏တန်ပြန်ထိုးစစ်ဆင်မှုများကို ကာကွယ်ရန်အတွက် ပြည်သူတို့၏ နေအိမ်အဆောက်အအုံများ၊ အရပ်ဘက်အုပ်ချုပ်မှုဆိုင်ရာအဆောက်အအုံများကို အသုံးပြုခြင်း၊ အပြစ်မဲ့ပြည်သူလူထုကို လူသားတံတိုင်းအဖြစ်အသုံးပြုနိုင်ရေး ယာယီနေရပ်စွန့်ခွာနေရသူများကို ပြန်လည်နေထိုင်ရန်ဆွဲဆောင်စည်းရုံးခြင်း၊ အတင်းအဓမ္မလူသစ်စုဆောင်းခြင်းများကိုလုပ်ဆောင်လျက်ရှိကြောင်း၊ တပ်မတော်အနေဖြင့် နိုင်ငံတော်၏ အချုပ်အခြာအာဏာကို မဖြစ်မနေ ကာကွယ်စောင့်ရှောက်သွားမည်ဖြစ်ပြီး အဆိုပါလက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများ၏ သတင်းရရှိမှုနှင့် အခြေအနေအရပ်ရပ်အပေါ်မူတည်၍ လိုအပ်သလိုတုံ့ပြန်ဆောင်ရွက်သွားမည်ဖြစ်သဖြင့် ၎င်းတို့အစမ္ပဝင်ရောက်နေထိုင်လျက်ရှိသည့် မြို့ရွာများရှိပြည်သူများအနေဖြင့် ၎င်းတို့၏အသုံးချမှုမခံရစေရေးနှင့် ဘေးကင်းလုံခြုံမှုရှိစေရေးတို့အတွက် သတိပြုကြရန် လိုအပ်ကြောင်း။"**

( ၃-၉-၂၀၂၄ ရက်တွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ရှမ်းပြည်နယ် အစိုးရအဖွဲ့ဝင်များ၊ ပြည်နယ်နှင့် ခရိုင်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများအားပြောကြားသည့် အမှာစကားမှကောက်နုတ်ချက် )

## ကျိုက်လတ်မြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ အောက်တိုဘာလအတွင်း အုန်းသီးအနု အလုံးရေ ၅၅၀၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့



**ကျိုက်လတ် နိုဝင်ဘာ ၁၁**

ဧရာဝတီတိုင်းဒေသကြီး ဖျာပုံခရိုင် ကျိုက်လတ်မြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ အောက်တိုဘာလအတွင်း ဒေသထွက် အုန်းသီးအနု အလုံးရေ ၅၅၀၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း ကျိုက်လတ်မြို့နယ်မှ အုန်းသီးရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်အေးမြင့်က ပြောပြ၍ သိရသည်။

ကျိုက်လတ်မြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ယခုနှစ် စက်တင်ဘာလအတွင်းက အုန်းသီးအနုအလုံးရေ၄၀၀၀၀၀ ထိသာ တင်ပို့ရောင်းချနိုင်ခဲ့ပြီး အောက်တိုဘာ ၁ ရက်မှ ၃၁ ရက်ထိ အုန်းသီးအနုအလုံးရေ ၅၅၀၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း၊ အဆိုပါ တင်ပို့ရောင်းချခဲ့ရသည့် အုန်းသီးအနုအလုံးရေ ၁၀၀ လျှင် ငွေကျပ် ၈၈၀၀၀ ထိ ပေါက်ဈေးရှိနေကြောင်း သိရသည်။

"ကျိုက်လတ်မြို့နယ်ကနေ ထွက်ရှိတဲ့ ဒေသထွက်ကုန်တွေကို ရန်ကုန်ဈေးကွက်ကိုပဲ အဓိက တင်ပို့ရောင်းချပါတယ်။ ရန်ကုန်ဈေးကွက်ကနေ အောက်တိုဘာလထဲမှာ အုန်းသီးအနုတွေ ဝယ်ယူမှုများပြားခဲ့ပါတယ်။ အောက်တိုဘာလထဲမှာ အုန်းသီးအနုအလုံးရေ ၅၅၀၀၀၀ ထိ တင်ပို့ရောင်းချခဲ့ရပါတယ်။ လက်ရှိ နိုဝင်ဘာလထဲမှာလဲ အုန်းသီးအနုတွေဝယ်ယူမှုများပြားနေပါတယ်။ ဒေသထွက် အုန်းသီးအနုတွေ ဝယ်ယူမှုများပြားလာတဲ့အတွက် အုန်းစိုက်ပျိုးသူတွေအနေနဲ့ အုန်းသီးတွေကို ရင့်တဲ့ထိ စောင့်စရာမလိုဘဲ ဝင်ငွေရရှိနေပါတယ်"ဟု ကျိုက်လတ်မြို့နယ်မှ အုန်းသီးရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်အေးမြင့်က ပြောပြသည်။

ကျိုက်လတ်မြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ အုန်းသီးအနုများ ပိုမိုတင်ပို့ ရောင်းချနေရသည့်အတွက် ပွဲရုံလုပ်ငန်းရှင်များ၊ အုန်းစိုက်ပျိုးသူများ၊ ကုန်ထမ်းလုပ်သားများနှင့် ကုန်တင်ယာဉ်အငှားလိုက်သူများ အလုပ်အကိုင်အခွင့်အလမ်းများရရှိကာ အဆင်ပြေနေကြောင်း ကျိုက်လတ်မြို့နယ်မှ အုန်းသီးရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်အေးမြင့်က ပြောပြ၍ သိရသည်။

**ကျော်ကျော်လင်း**

## ဖာပွန်မြို့နယ် ကမမောင်းကျေးရွာ၌ လက်တူးတွင်းတူးဖော်ခြင်းနှင့် ရေစင်တည်ဆောက်ခြင်းလုပ်ငန်းဆောင်ရွက်ပြီးစီးမှု စစ်ဆေး

**ဖာပွန် နိုဝင်ဘာ ၁၁**

ကရင်ပြည်နယ် ဖာပွန်ခရိုင် ဖာပွန်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက ကမမောင်းကျေးရွာ၌ လက်တူးတွင်းတူးဖော်ခြင်းနှင့် ရေစင်တည်ဆောက်ခြင်းလုပ်ငန်း ဆောင်ရွက်ပြီးစီးမှု အခြေအနေများကို နိုဝင်ဘာ ၁၀ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် ဖာပွန်ခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးခင်မောင်ဝင်း၊ မြို့နယ်ဦးစီးမှူး ဦးပြည့်ဦးကိုကိုနှင့်တာဝန်ရှိသူများက ကမမောင်းကျေးရွာရေရရှိရေး ကော်မတီဝင်များနှင့်အတူ လက်တူးတွင်းတူးဖော်ခြင်းနှင့် ရေစင်တည်ဆောက်ခြင်းလုပ်ငန်း ဆောင်ရွက်ပြီးစီးမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး ခရိုင်ဦးစီးမှူး ဦးခင်မောင်ဝင်းက လုပ်ငန်းများ ရေရှည်တည်တံ့ခိုင်မြဲရေးအတွက် သက်ဆိုင်သူအားလုံးက ဝိုင်းဝန်းစောင့်ရှောက်ကြရန် ဆွေးနွေးမှာကြားသည်။

ဖာပွန်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ယခုဘဏ္ဍာနှစ်တွင် ကမမောင်းကျေးရွာ၌ ပြည်နယ်အစိုးရရန်ပုံငွေကျပ် ၃၄ ဒသမ ၉၄ သန်းဖြင့် အကျယ် ခြောက်ပေ၊ အနက်ပေ ၄၀ ရှိ လက်တူးတွင်းတစ်တွင်း၊ ဂါလံ ၂၄၀၀ ဆံ့ စင်မြင့်ရေစင်နှင့် ရေစက်ရုံ အောက်ခန်းဖွဲ့ခြင်း၊ နှစ်လက်မ PVC ပိုက် ပေ ၂၀၀၀ သွယ်တန်းခြင်း လုပ်ငန်းများကို မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ဇွန်လ ပထမပတ်တွင် စတင်တာဝန်ယူဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းများ ရာနှုန်းပြည့် ပြီးစီးပြီဖြစ်သဖြင့် ကမမောင်းကျေးရွာရှိ အိမ်ခြေ ၅၂၈ အိမ်မှ လူဦးရေ ၂၉၂၆ ဦး အတွက် သန့်ရှင်းသောသောက်သုံးရေများ ဖူလုံစွာရရှိနေပြီဖြစ်ကြောင်း ဖာပွန်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ သိရသည်။

**ကိုသက်**

## လမြတ်တန်ဆောင်မုန်း

– နှင်းမှုန်တွေ ကြဲကာဖြန့်လို့
ဝဲကာပျံ့ မြိုင်ယံဆီ၊
အေးချမ်းကာ အောင်နိမိတ်နှင့်
ဖြိုးစွာရာသီ၊
မြောက်ပြန်လေတို့ ဝေ့ကာချီ
ဓလေ့ရာသီ ပန်းစုံဖူး၊
နှင်းပုလဲတွေ လွှမ်းယှက်လို့
ဖျန်းပက်သုတ်ဖြူး။

– တောမြိုင်ယံ ရဂုံဦး
တေးသီကျူး သာရကာ၊
ပန်းရောင်စုံ ထူးတင့်လို့
ဖူးပွင့်လို့ဖြာ၊
ခဝဲပန်းတို့ ရွှေရောင်ဝါ
သဇင်ခိုင်ညှာ ဖူးပွင့်စ၊
ဆည်းဆာချိန် ပန်းရနံ့သင်းလို့
ညင်းလေတို့ခ။

– တန်ဆောင်တိုင် ပွဲတော်လ
နွဲပျော်ကြ များသူငါ၊
ရက်လုပ်ကာ မသိုးသင်္ကန်းတို့
လှူဒါန်းချိန်ခါ၊
မီးပုံးပျံပွဲ လွှတ်တင်ကာ
မြင်းမိုရ်ပွဲမဟာ တူယှဉ်တွဲ၊
ကထိန်ပွဲတော် ကျင်းပမြဲပေမို့
နှင်းကျမစဲ လပြည့်ချိန်မှာ
ဗုဒ္ဓဂုဏ်ရှိန် တရားရဖို့
သာမညဖလသုတ် ဒေသနာရယ်နှင့်
ထုတ်ဖော်ကာ တရားမြတ်ကို
ဟောကြားစဉ်မြဲ။ ။

**ရွှေတိုး(ထုံးဘို)**

# နိုင်ငံတကာ သတင်းများ

## ဆော်ဒီအာရေဗျစစ်ဦးစီးချုပ် ဖေယက်ဒ်အယ်လ်ရူဝိလီ အီရန်နိုင်ငံ တီဟီရန်မြို့သို့ ရောက်ရှိ

**တီဟီရန် နိုဝင်ဘာ ၁၁**

ဆော်ဒီအာရေဗျစစ်ဦးစီးချုပ် ဖေယက်ဒ်အယ်လ်ရူဝိလီ သည် နိုဝင်ဘာ ၁၀ ရက်တွင် အီရန်နိုင်ငံ တီဟီရန်မြို့သို့ရောက်ရှိခဲ့ပြီး အီရန်စစ်ဦးစီးချုပ်နှင့် တွေ့ဆုံဆွေးနွေးခဲ့ကြောင်း သိရသည်။

အီရန်စစ်ဦးစီးချုပ် မိုဟာမက် ဘာဂဟီရီနှင့် တွေ့ဆုံဆွေးနွေးစဉ် ဆော်ဒီစစ်ဦးစီးချုပ်သည် နှစ်နိုင်ငံကြား ကာကွယ်ရေးဆက်ဆံမှုများကို မြှင့်တင်ရေးအတွက် ဆွေးနွေးခဲ့ကြောင်း ဆော်ဒီမီဒီယာများက သတင်းထုတ်ပြန်ထားသည်။

အမေရိကန်သမ္မတရွေးကောက်ပွဲ၌ ရီပတ်ဘလီကန်သမ္မတလောင်း ဒေါ်နယ်ထရန့်အနိုင်ရခဲ့ပြီးနောက် အီရန်နှင့်ဆော်ဒီအာရေဗျစစ်ဦးစီးချုပ်များ တီဟီရန်မြို့၌ တွေ့ဆုံဆွေးနွေးခဲ့ခြင်းဖြစ်သည်။

အီရန်အစိုးရ မီဒီယာများ၏ အဆိုအရ အီရန်နှင့်ဆော်ဒီအာရေဗျစစ်ဦးစီးချုပ်တို့သည် နိုဝင်ဘာ ၁၀ ရက် ဆွေးနွေးပွဲတွင် အရှေ့အလယ်ပိုင်းဒေသတွင်း အခြေအနေများနှင့် ပတ်သက်၍လည်း ဆွေးနွေးခဲ့ကြောင်း သိရသည်။

ထို့ပြင် နိုဝင်ဘာ ၁၀ ရက်တွင် အီရန်သမ္မတ ပါဇက်ရှ်ကီရမ်နှင့် ဆော်ဒီအိမ်ရှေ့မင်းသားမိုဟာမက် ဘင်ဆယ်လ်မန်တို့ကြား ဖုန်းခေါ်ဆိုဆွေးနွေးမှုပြုလုပ်ခဲ့ကြောင်း အီရန်အစိုးရမီဒီယာများက သတင်းထုတ်ပြန်ထားသည်။

အီရန်နှင့်ဆော်ဒီအာရေဗျနိုင်ငံတို့သည် တရုတ်နိုင်ငံ၏ကြားဝင်စေ့စပ်မှုဖြင့် နှစ်နိုင်ငံသံတမန်ဆက်ဆံရေးပြန်စရန် ၂၀၂၃ ခုနှစ် မတ်လတွင် သဘောတူထားကြပြီးဖြစ်ကြောင်း သိရသည်။

Ref : Xinhua

Trs : KKO

## မက္ကဆီကိုနိုင်ငံအလယ်ပိုင်း အရက်ဆိုင်တစ်ဆိုင်၌ သေနတ်ပစ်ခတ်မှုဖြစ်ပွား လူ ၁၀ဦး သေဆုံး

**မက္ကဆီကိုစီးတီး နိုဝင်ဘာ ၁၁**

မက္ကဆီကိုအလယ်ပိုင်း ကွာရီတာရိုမြို့ အရက်ဆိုင်တစ်ဆိုင်၌ သေနတ်သမားများ၏ ပစ်ခတ်တိုက်ခိုက်မှုကြောင့် လူပေါင်း၁၀ဦး သေဆုံးခဲ့ရကြောင်း မက္ကဆီကို အာဏာပိုင်များက နိုဝင်ဘာ ၁၀ ရက်တွင် သတင်းထုတ်ပြန်ထားသည်။

နိုဝင်ဘာ ၉ ရက်တွင်ဖြစ်ပွားခဲ့သော အဆိုပါသေနတ်ပစ်ခတ်မှုအတွင်း လူပေါင်း ၁၃ ဦးလည်း ဒဏ်ရာများရရှိခဲ့ကြောင်း မက္ကဆီကိုတာဝန်ရှိသူများက ပြောကြားခဲ့သည်။

ကွာရီတာရိုမြို့ တည်ရှိရာ ကွာရီတာရိုပြည်နယ်သည် အိမ်နီးချင်းပြည်နယ်များနှင့် နှိုင်းယှဉ်ပါက အကြမ်းဖက်တိုက်ခိုက်မှုများနှင့် ကင်းလွတ်ခဲ့သည့်မြို့ဖြစ်ကြောင်း သိရသည်။

သို့ရာတွင် မကြာသေးမီနှစ်များအတွင်း ကွာရီတာရိုပြည်နယ်၌ အကြမ်းဖက်တိုက်ခိုက်မှုဖြစ်ပွားနှုန်းမြင့်တက်လာကြောင်း မက္ကဆီကိုတာဝန်ရှိသူများက ပြောကြားခဲ့သည်။

ကွာရီတာရိုမြို့သေနတ်ပစ်ခတ်မှုကို ကျူးလွန်သည့်သေနတ်သမားများမှာ အခင်းဖြစ်ပွားရာမှ မော်တော်ယာဉ် တစ်စီးနှင့် ထွက်ပြေးသွားရာ လုံခြုံရေးတပ်ဖွဲ့ဝင်များက လိုက်လံရှာဖွေနေကြောင်း သိရသည်။

ကွာရီတာရိုမြို့ သေနတ်ပစ်ခတ်မှုအတွင်း ဒဏ်ရာရသူများအနက် နှစ်ဦးမှာ အခြေအနေစိုးရိမ်ရသည်ဟု မက္ကဆီကိုတာဝန်ရှိသူများက ပြောကြားခဲ့ကြောင်း သိရသည်။

Ref : Xinhua

Trs : KKO



## အကြမ်းဖက်မှုတိုက်ဖျက်ရေးပုံစံတူလေ့ကျင့်မှုများ ရုရှားနှင့်အင်ဒိုနီးရှားစစ်သင်္ဘောများ ပြုလုပ်



**မော်စကို နိုဝင်ဘာ ၁၁**

ရုရှားနှင့် အင်ဒိုနီးရှားရေတပ်တို့မှစစ်သင်္ဘောများသည် ဂျာဗားပင်လယ်ဒေသ၌ ပြုလုပ်နေသည့် ပူးတွဲစစ်ရေး လေ့ကျင့်မှုအတွင်း အကြမ်းဖက်မှု တိုက်ဖျက်ရေးပုံစံတူလေ့ကျင့်မှုများ ထည့်သွင်းလုပ်ဆောင်ခဲ့ကြောင်း ယနေ့ သတင်းများတွင် ရေးသားဖော်ပြထားသည်။

ပြီးခဲ့သည့် ရက်သတ္တပတ်က စတင်ခဲ့သော ဂျာဗားပင်လယ်ပူးတွဲစစ်ရေးလေ့ကျင့်မှုသည် ရုရှားနှင့် အင်ဒိုနီးရှားနိုင်ငံတို့၏ ပထမဆုံး ပူးတွဲရေတပ် စစ်ရေးလေ့ကျင့်မှု ဖြစ်သည်။

အဆိုပါပူးတွဲစစ်ရေးလေ့ကျင့်မှုအစီအစဉ်အရ ရုရှားနှင့် အင်ဒိုနီးရှား ရေတပ်သင်္ဘောများသည် ယနေ့တွင် အကြမ်းဖက်သမားများ ဖမ်းဆီးထားသည့် ရေယာဉ်တစ်စီးအား ပြန်လည်ကယ်ထုတ်မှု ပုံစံတူလေ့ကျင့်မှုကို ပြုလုပ်ခဲ့သည်ဟု ရုရှားမီဒီယာများက သတင်းထုတ်ပြန်ထားကြောင်း သိရသည်။

ရုရှားနိုင်ငံနှင့် ကာကွယ်ရေးဆက်ဆံမှု မြှင့်တင်မည်ဟု အင်ဒိုနီးရှားသမ္မတ ပရာဘိုဝိုဆူဘီယန်တိုက ကတိပြုထားကြောင်း သိရသည်။

အင်ဒိုနီးရှားနိုင်ငံ အနေဖြင့် ကာလကြာမြင့်စွာကျင့်သုံးခဲ့သော ဘက်မလိုက်သည့် နိုင်ငံခြားရေးမူဝါဒအရ ရုရှားနိုင်ငံနှင့်လည်း ကာကွယ်ရေးဆက်ဆံမှု မြှင့်တင်မည်ဖြစ်သည်ဟု အင်ဒိုနီးရှားသမ္မတက ထုတ်ဖော်ပြောကြားထားကြောင်း သိရသည်။

ဂျာဗားပင်လယ်ပူးတွဲစစ်ရေးလေ့ကျင့်မှုတွင် ရုရှားရေတပ်မှ အမြန်တိုက်ရေယာဉ် လေးစီးနှင့် လောင်စာဆီတင်သင်္ဘောတစ်စီး တို့ပါဝင်နေကြောင်း သိရသည်။

Ref : RT

Trs : KKO

## ဘရာဇီးအခြေစိုက် အမ်ဘရေရာ၏ စီ-၃၉၀ လေယာဉ်များ ဆွီဒင်နိုင်ငံ ဝယ်ယူရန်စီစဉ်

**ရီယိုဒီဂျနေရိုး နိုဝင်ဘာ ၁၁**

ဆွီဒင်နိုင်ငံသည် ဘရာဇီးအခြေစိုက် အမ်ဘရေရာလေယာဉ်ထုတ်လုပ်ရေးကုမ္ပဏီ၏ စီ-၃၉၀ မီလီနီယမ်အမျိုးအစား စစ်သုံးသယ်ယူ ပို့ဆောင်ရေးလေယာဉ်များကိုဝယ်ယူရန် စီစဉ်ထားသည်ဟု နိုဝင်ဘာ ၁၀ ရက် သတင်းများတွင် ရေးသားဖော်ပြထားကြောင်း သိရသည်။





ဆွီဒင်နိုင်ငံသည် အမ်ဘရေရာကုမ္ပဏီ၏ စီ-၃၉၀ မီလီနီယမ် စစ်သုံး သယ်ယူပို့ဆောင်ရေးလေယာဉ်များကို ဝယ်ယူမည့် ပထမဆုံးဥရောပမြောက်ပိုင်းနိုင်ငံ ဖြစ်သည်။

သို့ရာတွင် စီ-၃၉၀ မီလီနီယမ် စစ်ဘက် သယ်ယူပို့ဆောင်ရေးလေယာဉ်များကို ဩစတြီးယား၊ ချက်သမ္မတနိုင်ငံ၊ ဟန်ဂေရီ၊ နယ်သာလန်နှင့် ပေါ်တူဂီလေတပ်တို့ကလည်း အသုံးပြုလျက်ရှိသည်။

အမ်ဘရေရာ၏ စီ-၃၉၀ မီလီနီယမ်လေယာဉ်များ ဝယ်ယူမည့် ဆွီဒင်၏အစီအစဉ်သည် ဘရာဇီး-ဆွီဒင်နိုင်ငံ ဆက်ဆံရေး၏နိဒါန်းသစ်ဖြစ်ကြောင်း အမ်ဘရေရာကုမ္ပဏီက သတင်းထုတ်ပြန်ထားသည်။

ဘရာဇီးနိုင်ငံသည်လည်း ဆွီဒင်နိုင်ငံထုတ် ဂရက်ပင်တိုက်လေယာဉ်များကို ဘရာဇီးလေတပ်အတွက် ဝယ်ယူခဲ့ဖူးသည်။

စီ-၃၉၀ မီလီနီယမ် စစ်သုံး သယ်ယူပို့ဆောင်ရေး လေယာဉ်များသည် အရွယ်အစားအလယ်အလတ်ရှိ ဂျက်အင်ဂျင်နှစ်လုံးတပ် သယ်ယူပို့ဆောင်ရေး လေယာဉ်များဖြစ်ကြောင်း သိရသည်။

Ref : RT

Trs : KKO

## အစ္စရေး၏တိုက်ခိုက်မှုများကြောင့် ဂါဇာ၌ အနည်းဆုံး လူဦးရေ ၄၀ သေဆုံး

**ဂါဇာစီးတီး နိုဝင်ဘာ ၁၁**

ဂါဇာကမ်းမြောင် ဒေသ၌ အစ္စရေးတပ်များက နိုဝင်ဘာ ၁၀ ရက်တွင်ပြုလုပ်ခဲ့သော တိုက်ခိုက်မှုများကြောင့် ပါလက်စတိုင်းလူမျိုး အနည်းဆုံး၄၀ သေဆုံးခဲ့ရကြောင်း ပါလက်စတိုင်း ကျန်းမာရေး တာဝန်ရှိသူများက ပြောကြားခဲ့သည်။

အစ္စရေးတပ်များသည် ယနေ့တွင် ဂျာဘာလီယာမြို့ရှိ လူနေသုံးထပ် အဆောက်အအုံတစ်လုံးကို တိုက်ခိုက်ခဲ့ရာ ယင်းတိုက်ခိုက်မှုကြောင့် အနည်းဆုံး လူပေါင်း ၂၄ ဦးသေဆုံးခဲ့ရကြောင်း ပါလက်စတိုင်းလူ့အခွင့်အရေးဗဟိုဌာနက ထုတ်ဖော်ပြောကြားထားကြောင်း သိရသည်။

ထို့ပြင် နိုဝင်ဘာ ၁၀ ရက် တစ်ရက်တည်းမှာပင် အစ္စရေးတပ်များ၏တိုက်ခိုက်မှုကြောင့် ဂါဇာကမ်းမြောင် ဒေသများတွင်လည်း လူပေါင်း အနည်းဆုံး၁၆ ဦးသေဆုံးခဲ့ရကြောင်း ပါလက်စတိုင်း ကျန်းမာရေး တာဝန်ရှိသူများက ပြောကြားခဲ့သည်။

၂၀၂၃ ခုနှစ် အောက်တိုဘာ ၇ ရက်တွင် စတင်ခဲ့သည့် ဂါဇာစစ်ပွဲကြောင့် ဂါဇာကမ်းမြောင်ဒေသ၌ လက်ရှိအချိန်ထိ ပါလက်စတိုင်း လူမျိုး ၄၃၅၀၀ကျော် သေဆုံးခဲ့ရသည်။

ထို့ပြင် အစ္စရေး၏ စစ်ရေးအရ တိုက်ခိုက်မှုများကြောင့် ဂါဇာကမ်းမြောင်ဒေသတစ်ခုလုံး ရစရာမရှိအောင်ပျက်စီးခဲ့ရသည်။


ဂါဇာအခြေစိုက် ဟားမတ်စ်အုပ်စုက ၂၀၂၃ ခုနှစ် အောက်တိုဘာ ၇ ရက်တွင်အစ္စရေးတောင်ပိုင်းမြို့များကို ဝင်ရောက်တိုက်ခိုက်ခဲ့ပြီးနောက် ဂါဇာစစ်ပွဲစတင်ဖြစ်ပွားခဲ့ရကြောင်း သိရသည်။

Ref : Xinhua

Trs : KKO

# SCIENCE AND TECHNOLOGY

## တီယန်ကျိုး-၇ အာကာသကုန်တင်ယာဉ်က ကမ္ဘာမြေအပြန်ခရီးအတွက် တီယန်ကောင်းအာကာသစခန်းမှ စတင်ခွာထွက်လာပြီဖြစ်



**ပေကျင်း နိုဝင်ဘာ ၁၁**

တရုတ် အမျိုးသားအာကာသအေဂျင်စီ၏ တီယန်ကျိုး-၇ အာကာသ ကုန်တင်ယာဉ်သည် နိုဝင်ဘာ ၁၀ ရက်တွင် ကမ္ဘာမြေအပြန်ခရီးအတွက် တီယန်ကောင်းအာကာသစခန်းမှ စတင်ခွာထွက်လာပြီဖြစ်ကြောင်း သိရသည်။

တီယန်ကျိုး-၇ အာကာသကုန်တင်ယာဉ်သည် လက်ရှိအချိန်တွင် ကမ္ဘာပတ်လမ်းပေါ်၌ ပျံသန်းနေဆဲဖြစ်ပြီး မကြာမီကာလအတွင်း ကမ္ဘာ့လေထုလွှာအတွင်းသို့ ပြန်လည်ဝင်ရောက်မည်ဖြစ်ကြောင်း သိရသည်။

တီယန်ကျိုး-၇ အာကာသကုန်တင်ယာဉ်သည် မကြာမီကာလအတွင်း မြေပြင်စခန်း၏ ထိန်းချုပ်မှုဖြင့် ကမ္ဘာ့လေထုလွှာအတွင်း ပြန်လည်ဝင်ရောက်မည်ဖြစ်ကြောင်း သိရသည်။

အဆိုပါ အာကာသကုန်တင်ယာဉ်သည် လေထုလွှာအတွင်း ပြန်လည်ဝင်ရောက်စဉ် ယာဉ်အစိတ်အပိုင်းအများစု လောင်ကျွမ်း ပြိုကွဲသွားမည်ဖြစ်ပြီး ကျန်ရှိသည့် အစိတ်အပိုင်းတချို့သည်သာ တောင်ပစိဖိတ်ဒေသရေပြင်အတွင်း ကျရောက်မည်ဖြစ်ကြောင်း သိရသည်။

တရုတ် အမျိုးသားအာကာသအေဂျင်စီသည် တီယန်ကျိုး-၇ အာကာသကုန်တင်ယာဉ်ကို ယခုနှစ် ဇန်နဝါရီ ၁၇ ရက်တွင် လွှတ်တင်ခဲ့ခြင်းဖြစ်သည်။

တရုတ်အမျိုးသား အာကာသအေဂျင်စီသည် ယခုလတွင်လည်း တီယန်ကျိုး-၈ အာကာသကုန်တင်ယာဉ်ကိုတီယန်ကောင်းအာကာသစခန်းသို့ လွှတ်တင်ရန်စီစဉ်ထားကြောင်း သိရသည်။

**Ref : Xinhua News**

**Trs : KKO**


## နာဆာက ထောက်လှမ်းတွေ့ရှိခဲ့သော ဂြိုဟ်သိမ်ငယ်တစ်စင်း နာရီအနည်းငယ်အကြာမှာပင် ကမ္ဘာ့လေထုလွှာအတွင်းသို့ ဝင်ရောက်ခဲ့

**ဝါရှင်တန် နိုဝင်ဘာ ၁၁**

အမေရိကန်အစိုးရ အမျိုးသားလေကြောင်းနှင့် အာကာသစီမံခန့်ခွဲရေးအေဂျင်စီ (နာဆာ)က ထောက်လှမ်း တွေ့ရှိခဲ့သော ဂြိုဟ်သိမ်ငယ် တစ်စင်းသည် နာရီအနည်းငယ် အကြာမှာပင် ကမ္ဘာ့လေထုလွှာ အတွင်းသို့ ဝင်ရောက်ခဲ့ကြောင်း အမေရိကန် သိပ္ပံပညာရှင်များက နိုဝင်ဘာ ၁၀ ရက်တွင်ပြောကြားသည်။

2024 UQ ဟူ၍ အမည်ပေးထားသည့် အဆိုပါဂြိုဟ်သိမ်သည် အောက်တိုဘာ ၂၂ ရက်တွင် အမေရိကန်နိုင်ငံ ကယ်လီဖိုးနီးယားပြည်နယ်အနီး ပစိဖိတ်သမုဒ္ဒရာအထက် ကမ္ဘာ့လေထုလွှာအတွင်း ဝင်ရောက်ခဲ့ခြင်းဖြစ်သည်။

2024 UQ ဂြိုဟ်သိမ်သည် နာဆာ၏ အက်တလပ်ဂြိုဟ်သိမ်အန္တရာယ် ကာကွယ်ရေးစနစ်က ရှာဖွေတွေ့ရှိခဲ့ပြီး နှစ်နာရီခန့် အကြာတွင် ကမ္ဘာ့လေထုလွှာ အတွင်း ဝင်ရောက်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။




2024 UQ ဂြိုဟ်သိမ်မှာအရွယ်အစားအားဖြင့် အချင်း သုံးပေခန့်သာရှိရာ ကမ္ဘာ့လေထုလွှာအတွင်း ဝင်ရောက်ခဲ့သော်လည်း ကမ္ဘာဂြိုဟ်အတွက် မည်သည့်အန္တရာယ်မျှမရှိခဲ့ကြောင်း သိရသည်။

၂၀၂၄ ခုနှစ်အတွင်း ရှာဖွေတွေ့ရှိခဲ့ပြီးမကြာမီ ကမ္ဘာ့လေထုလွှာအတွင်း ဝင်ရောက်ခဲ့သော ဂြိုဟ်သိမ်အရေအတွက်မှာ 2024 UQ အပါအဝင် ဂြိုဟ်သိမ်သုံးစင်းထိရှိခဲ့ကြောင်း အမေရိကန်သိပ္ပံပညာရှင်များက ပြောကြားသည်။

ယခုနှစ် ဇန်နဝါရီလတွင် 2024 BX1အမည်ရှိ ဂြိုဟ်သိမ်နှင့် စက်တင်ဘာလတွင် 2024 BW1အမည်ရှိဂြိုဟ်သိမ်တို့ ထောက်လှမ်းတွေ့ရှိခဲ့ပြီး နာရီအနည်းငယ်အကြာမှာပင် ကမ္ဘာ့လေထုလွှာအတွင်း ဝင်ရောက်ခဲ့ကြောင်း သိပ္ပံပညာရှင်များက ပြောကြားသည်။

**Ref : Sputnik News**

**Trs : KKO**

## ကမ္ဘာပတ်လမ်းအနိမ့်ပိုင်း၌ ပုဂ္ဂလိကအာကာသစခန်းတည်ဆောက်ရေးအတွက် အိန္ဒိယဒုံးပျံများနှင့် ဥရောပဒုံးပျံများကို အသုံးပြုရန် Axiom Space ကုမ္ပဏီ စဉ်းစားနေ

**ဝါရှင်တန် နိုဝင်ဘာ ၁၁**

အမေရိကန်နိုင်ငံ အခြေစိုက် Axiom Space ကုမ္ပဏီသည် ကမ္ဘာပတ်လမ်းအနိမ့်ပိုင်း၌ ပုဂ္ဂလိကအာကာသစခန်းတည်ဆောက်ရေးအတွက် အိန္ဒိယဒုံးပျံများနှင့် ဥရောပဒုံးပျံများကို အသုံးပြုရန် စဉ်းစားနေကြောင်း နိုဝင်ဘာ ၁၀ ရက် သတင်းများအရ သိရသည်။

လက်ရှိအချိန်တွင် Axiom Space ကုမ္ပဏီသည် ပုဂ္ဂလိကအာကာသစခန်းတည်ဆောက်ရေး အစီအစဉ်အတွက် အိန္ဒိယနိုင်ငံ၊ ဥရောပနိုင်ငံများနှင့် ဆွေးနွေးနေကြောင်း သိရသည်။

Axiom Space ကုမ္ပဏီသည် နိုင်ငံတကာ အာကာသစခန်း၌ ချိတ်ဆက်မည့် လူနေပင်မကိုယ်ထည်ယာဉ်တစ်စင်း တည်ဆောက်ပေးရန် အမေရိကန်အစိုးရ အမျိုးသားလေကြောင်းနှင့် အာကာသစီမံခန့်ခွဲရေးအေဂျင်စီ(နာဆာ)နှင့် ၂၀၂၀ ပြည့်နှစ်အတွင်း သဘောတူညီချက် ရရှိထားပြီးဖြစ်ကြောင်း သိရသည်။

အဆိုပါနိုင်ငံတကာ အာကာသစခန်း လူနေပင်မကိုယ်ထည်ယာဉ်သည် Axiom Space ကုမ္ပဏီ၏ ပုဂ္ဂလိကအာကာသစခန်း တည်ဆောက်ရေးအတွက် ပထမဆုံးခြေလှမ်းဖြစ်သည်။

ကမ္ဘာပတ်လမ်း အနိမ့်ပိုင်း၌ ပုဂ္ဂလိကအာကာသစခန်း တည်ဆောက်ရာတွင် ကုန်ကြမ်းပစ္စည်းများ သယ်ယူပို့ဆောင်ရေးအတွက် အိန္ဒိယဒုံးပျံများနှင့် ဥရောပဒုံးပျံများကို အသုံးပြု၍ ရနိုင်ကြောင်း သိရသည်။

**Ref : Russia Today**

**Trs : KKO**

# HEALTH

## နွားနို့သောက်သုံးသူ အမျိုးသမီးများ၌ နှလုံးရောဂါများဖြစ်နိုင်ခြေ မြင့်တက်နိုင်

**စတော့ဟုမ်း နိုဝင်ဘာ ၁၁**

နွားနို့သောက်သုံးသူ အမျိုးသမီးများ၌ နှလုံးရောဂါများဖြစ်နိုင်ခြေ မြင့်တက်လာနိုင်ဖွယ်ရှိကြောင်း ဆွီဒင်သုတေသနပညာရှင်များက နိုဝင်ဘာ ၁၀ ရက်တွင် ပြောကြားသည်။

ဆွီဒင်နိုင်ငံ အပ်ဆာလာ တက္ကသိုလ်မှ သုတေသနပညာရှင်များ၏ လေ့လာတွေ့ရှိချက်အရ ဘဝတစ်လျှောက်လုံး နေ့စဉ်နွားနို့ မီလီမီတာ ၄၀၀ ထိ သောက်သုံးခဲ့သူ အမျိုးသမီးများ၌ နှလုံးရုတ်တရက် ဖောက်နိုင်ခြေနှင့်လေဖြတ်နိုင်ခြေ မြင့်တက်လာနိုင်ကြောင်း သိရသည်။

သောက်သုံးသော နွားနို့၌ အဆီပါဝင်မှုအဆင့် လျှော့ချထားသည့်တိုင် နွားနို့သောက်သုံးမှုသည် အမျိုးသမီးများ၏ နှလုံးကျန်းမာရေးအတွက် ပြဿနာရှိကြောင်း သုတေသနပညာရှင်များက ပြောကြားသည်။

ဆွီဒင် သုတေသနပညာရှင်များသည် အမျိုးသား၊ အမျိုးသမီး ၁၀၀၀၀၀ ကျော်တို့၏ နေ့စဉ်စားသုံးသော ခတ်စာပုံစံများနှင့် ကျန်းမာရေးအခြေအနေများကို နှိုင်းယှဉ်လေ့လာခဲ့ကြသည်။

လေ့လာချက်မှ ပေါ်ထွက်လာသည့်ရလဒ်များအရ နွားနို့ကို နေ့စဉ် မီလီမီတာ ၄၀၀ ထိ ပုံမှန်သောက်သုံးသော အမျိုးသမီးများသည် နွားနို့အသောက်နည်းသူများနှင့်နှိုင်းယှဉ်ပါက နှလုံးရုတ်တရက်ဖောက်နိုင်ခြေနှင့် လေဖြတ်နိုင်ခြေ ပို၍မြင့်မားကြောင်း သုတေသနပညာရှင်များက ပြောကြားသည်။

**Ref : Sputnik News**

**Trs : KKO**

## ဗီတာမင်-ဒီ သုံးစွဲသူမိခင်လောင်းများက မွေးဖွားသောကလေးများ၏အရိုးများ ပိုသန်မာနေ

**လန်ဒန် နိုဝင်ဘာ ၁၁**

ကိုယ်ဝန်ဆောင်ကာလအတွင်း ဗီတာမင်-ဒီ အားဖြည့်ဆေးများ သုံးစွဲသူ မိခင်လောင်းများက မွေးဖွားလာသည့် ကလေးများ၏ အရိုးများ ပိုမိုသန်မာနေကြောင်း ဗြိတိန် သုတေသနပညာရှင်များက နိုဝင်ဘာ ၁၀ ရက်တွင် ပြောကြားသည်။

ကိုယ်ဝန်ဆောင်ကာလအတွင်း ဗီတာမင်-ဒီ အားဖြည့်ဆေး သုံးစွဲခဲ့သော မိခင်လောင်းများက မွေးဖွားလာသောကလေးများသည်အသက် ခုနစ်နှစ်အရွယ်တွင် ဗီတာမင်-ဒီ အားဖြည့်ဆေး သုံးစွဲမှုမရှိသည့် မိခင်များက မွေးဖွားလာသူကလေးများနှင့်နှိုင်းယှဉ်ပါက အရိုးများ ပို၍သန်မာသိပ်သည်းနေသည်ကို တွေ့ရကြောင်း ဗြိတိန်သုတေသနပညာရှင်များက ပြောကြားသည်။


မိခင်လောင်းများ ဗီတာမင်-ဒီ အားဖြည့်ဆေးသုံးစွဲမှုကြောင့် ပေါ်ထွက်လာသော ကလေးများ၏ အရိုးကျန်းမာရေး အခြေအနေသည် ဘဝတစ်လျှောက်လုံး တည်တံ့နေနိုင်ဖွယ်ရှိသည်ဟု သုတေသနပညာရှင်များက သုံးသပ်ထားကြောင်း သိရသည်။

ဗီတာမင်-ဒီ ခတ်သည် အရိုးများဖွံ့ဖြိုးရေးနှင့် ကျန်းမာရေးတို့အတွက် အဓိကကျသည့် ဗီတာမင်ခတ်တစ်မျိုးဖြစ်သည်ဟု ဆေးပညာရှင်များက ရှေးယခင်ကပင် နားလည်ထားခဲ့ကြပြီးဖြစ်ကြောင်း သိရသည်။

ဗီတာမင်-ဒီ သည် အရိုး၊ သွားနှင့် ကြွက်သားကျန်းမာရေးတို့အတွက် အဓိကလိုအပ်သည့် တွင်းထွက်ခတ် နှစ်မျိုးဖြစ်သော ကယ်လ်စီယမ်နှင့် ဖော့စဖိတ်များ ကိုယ်ခန္ဓာအတွင်း တည်ရှိမှုအဆင့်ကို ထိန်းညှိပေးကြောင်း ဗြိတိန် သုတေသန ပညာရှင်များက ပြောကြားသည်။

**Ref : Russia Today**

**Trs : KKO**



# နိုင်ငံတကာ အားကစားသတင်းများ

## ရိုးမားအသင်းက နည်းပြ ဂျူရစ်ကို ရာထူးမှထုတ်ပယ်ကြောင်း ကြေညာ

**ရောမ နိုဝင်ဘာ ၁၁**

ရိုးမားအသင်းသည် စီးရီးအေပြိုင်ပွဲတွင် ဘိုလော့ဂ်နာအသင်းကို အိမ်ကွင်းတွင် သုံးဂိုး နှစ်ဂိုးဖြင့် ရှုံးနိမ့်ခဲ့ပြီးနောက် မကြာသေးမီက ခန့်အပ်ထားသည့် နည်းပြ ဂျူရစ်ကို ရာထူးမှ ထုတ်ပယ်ခဲ့ကြောင်း ထုတ်ပြန်ကြေညာခဲ့သည်။

အသက် ၄၉ နှစ်ရှိ နည်းပြ ဂျူရစ်သည် ပြီးခဲ့သည့် စက်တင်ဘာလက နည်းပြဒီရော့ဆီနေရာတွင် တစ်နှစ်စာချုပ်ဖြင့် အစားထိုးတာဝန်ယူခဲ့သူဖြစ်သော်လည်း ၎င်းအနေဖြင့် အသင်းကို ပြိုင်ပွဲစုံ ၁၁ ပွဲတွင် လေးပွဲသာ နိုင်ပွဲရရှိအောင် စွမ်းဆောင်နိုင်ခဲ့ပြီး ယခုပွဲစဉ်တွင် ဘိုလော့ဂ်နာအသင်းကို သုံးဂိုး နှစ်ဂိုးဖြင့်ရှုံးနိမ့်ခဲ့သောကြောင့် ရိုးမားအသင်းတာဝန်ရှိသူများက ရာထူးမှ ထုတ်ပယ်ခဲ့ကြောင်း သိရသည်။

ရိုးမားအသင်းသည် နည်းပြ ဂျူရစ်လက်ထက်တွင် ခြေစွမ်းပိုင်းတည်ငြိမ်မှုရရှိရန် ရုန်းကန်ခဲ့ရသဖြင့် အမှတ်ပေးပွဲ ၁၂ ပွဲကစားအပြီးတွင် ရမှတ် ၁၃ မှတ်သာရရှိခဲ့ပြီး အဆင့် (၁၂)နေရာတွင် ရပ်တည်နေသောကြောင့် တန်းဆင်းဇုန်မှ အသင်းနှင့် ရမှတ်လေးမှတ်သာကွာဟခဲ့ပြီး တန်းဆင်းဇုန်အန္တရာယ်နှင့် ရင်ဆိုင်နေရကြောင်း သိရသည်။

လက်ရှိတွင် ရိုးမားအသင်းသည် နည်းပြလမ်းပတ်ကို ခန့်အပ်ရန် ကနဦးဆွေးနွေးမှုများပြုလုပ်ခဲ့သော်လည်း တရားဝင်ထုတ်ပြန်ခြင်းမရှိသေးဘဲ စီးရီးအေပြိုင်ပွဲအတွေ့အကြုံကောင်းများရှိသည့် နည်းပြမန်စီနီကိုသာ နည်းပြ ဂျူရစ်နေရာတွင် ဦးစားပေးခန့်အပ်ရန် ပစ်မှတ်ထားနေသည်။

Ref : Goal.com

Trs : ML

## နေရှင်နယ်လိဂ်ယူ-၂၀ ပြိုင်ပွဲ ပွဲစဉ်(၂၃) ပွဲစဉ်များကို နိုဝင်ဘာ ၁၂ ရက်နှင့် ၁၃ ရက်တို့တွင် ဆက်လက်ကျင်းပမည်

**ရန်ကုန် နိုဝင်ဘာ ၁၁**

မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ် မြန်မာနေရှင်နယ်လိဂ် ကော်မတီက ကြီးမှူးကျင်းပလျက်ရှိသည့် နေရှင်နယ်လိဂ်ယူ-၂၀ ပြိုင်ပွဲ ပွဲစဉ်(၂၃)ပွဲစဉ်များကို နိုဝင်ဘာ ၁၂ ရက်နှင့် ၁၃ ရက်တို့တွင် ရန်ကုန်မြို့၌ ဆက်လက် ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

နေရှင်နယ်လိဂ် ယူ-၂၀ ပြိုင်ပွဲ ပွဲစဉ်(၂၃)ပွဲစဉ်များအဖြစ် နိုဝင်ဘာ ၁၂ ရက် ညနေ ၃ နာရီတွင် ရန်ကုန်မြို့ စလင်းအားကစားကွင်း၌ ရတနာပုံအက်ဖ်စီအသင်းနှင့် ရှောဝတီယူနိုက်တက် အသင်း၊ ညနေ၃နာရီတွင်ပဒုမ္မာအားကစားကွင်း၌ ဟံသာဝတီယူနိုက်တက်အသင်းနှင့် Junior Lionsအသင်း၊ ညနေ ၃ နာရီ တွင် တောင်ဒဂုံအားကစားကွင်း၌ ဒဂုံစတားအသင်းနှင့် မြဝတီအသင်းတို့ကစားသွားမည်ဖြစ်သည်။

အလားတူ နိုဝင်ဘာ ၁၃ ရက် ညနေ ၃ နာရီတွင် ရန်ကုန်မြို့ ပဒုမ္မာအားကစားကွင်း၌ ရန်ကုန်ယူနိုက်တက်အသင်းနှင့် သစ္စာအားမာန်အသင်း၊ ညနေ ၃ နာရီ တောင်ဒဂုံ အားကစားကွင်းတွင် ဒဂုံပေါ့အသင်းနှင့် ရခိုင်ယူနိုက်တက်အသင်း၊ ညနေ ၃ နာရီ စလင်းအားကစားကွင်းတွင် ISPEအသင်းနှင့် မဟာယူနိုက်တက်အသင်းတို့ ကစားသွားမည်ဖြစ်သည်။

နေရှင်နယ်လိဂ်ယူ-၂၀ ပြိုင်ပွဲ ပွဲစဉ်(၂၂)အပြီးတွင် ရှမ်းယူနိုက်တက်အသင်းက ၁၅ ပွဲနိုင်၊ သုံးပွဲသရေ၊ နှစ်ပွဲရှုံး ရမှတ် ၅၁ မှတ် ဖြင့် အမှတ်ပေးဇယား ထိပ်ဆုံးတွင် ဦးဆောင်လျက်ရှိနေကြောင်း သိရသည်။

STA

### အားကစားသတင်းအတိုအထွာများ

- ပရီးမီးယားလိဂ်ကလပ် အာဆင်နယ်၊ ချဲလ်ဆီးနှင့် လီဗာပူးအသင်းတို့အပါအဝင် ဥရောပထိပ်သီးကလပ်များက လိုင်လီအသင်းတွင် ခြေစွမ်းပြသနေသည့် ကွင်းလယ်ကစားသမား ဘိုအာဒီ ကိုခေါ်ယူရန် အပြိုင်ကြိုးပမ်းလျက်ရှိသည်။
- အိုဆာဆူနာအသင်းနှင့်ပွဲစဉ်တွင် ဒဏ်ရာပြဿနာကြုံတွေ့ခဲ့ရသည့် တိုက်စစ်မှူး ရိုဒရီဂိုသည် ရက်သတ္တ ငါးပတ်ခန့်အနားယူရမည်ဖြစ်သည်ဟု ရီးရဲလ်မက်ဒရစ်အသင်းက ထုတ်ပြန်ခဲ့ကြောင်း သိရသည်။

ML

## စပါးအသင်းကို အနိုင်ရခဲ့သည့် အစ်ဝှစ်အသင်း အမှတ်ပေးပြိုင်ပွဲ ပထမဆုံးနိုင်ပွဲရရှိ



**လန်ဒန် နိုဝင်ဘာ ၁၁**

ယခုနှစ်ဘောလုံးရာသီ အမှတ်ပေးပြိုင်ပွဲတွင် နိုင်ပွဲပျောက်ဆုံးနေသည့် အစ်ဝှစ်အသင်းသည် စပါးအသင်းနှင့် ပွဲစဉ်တွင် နှစ်ဂိုး တစ်ဂိုးဖြင့် အနိုင်ရခဲ့သောကြောင့် ယခုနှစ်ဘောလုံးရာသီတွင် ပထမဆုံးနိုင်ပွဲရခဲ့ပြီး ၂၀၀၂ ခုနှစ်နောက်ပိုင်း၌ ပရီးမီးယားလိဂ်တွင် နိုင်ပွဲပြန်လည်ရရှိခဲ့သည်။

အဆိုပါပွဲစဉ်သည် စပါးအသင်းအိမ်ကွင်းတွင် ကစားခဲ့ရသော်လည်း အစ်ဝှစ်အသင်းက တန်ပြန်တိုက်စစ်မှတစ်ဆင့် ဖိအားပေးကစားနိုင်ခဲ့သဖြင့် ပွဲချိန် ၃၁ မိနစ်နှင့် ပွဲချိန် ၄၃ မိနစ်တို့တွင် ဦးဆောင်ဂိုးများရရှိခဲ့ပြီး စပါးအသင်း၏ တိုက်စစ်ဆင်ဖိအားပေးမှုများကို အကောင်းဆုံးထိန်းချုပ်နိုင်ခဲ့သောကြောင့် ပွဲချိန် ၆၉ မိနစ်တွင် ချေပဂိုးတစ်ဂိုးခွင့်ပြုခဲ့ရသော်လည်း ပွဲပြီးဆုံးချိန်တွင် အစ်ဝှစ်အသင်းက နှစ်ဂိုး တစ်ဂိုးဖြင့် အနိုင်ရခဲ့သည်။

အစ်ဝှစ်အသင်းသည် ယခုနှစ်ဘောလုံးရာသီ ပရီးမီးယားလိဂ်သို့ တန်းတက်ခွင့် ရရှိခဲ့သော်လည်း အမှတ်ပေးပွဲ ၁၀ ပွဲကစားပြီးချိန်တွင် ငါးပွဲသရေ၊ ငါးပွဲရှုံးရလဒ်ထွက်ပေါ်ခဲ့ပြီး ရမှတ် ငါးမှတ်ဖြင့် တန်းဆင်းဇုန်တွင် ကျရောက်ခဲ့ရကာ ယခုပွဲစဉ် (၁၁)တွင် စပါးအသင်းကို နိုင်ပွဲရရှိအောင် စွမ်းဆောင်နိုင်ခဲ့သောကြောင့် ရမှတ် ရှစ်မှတ်ဖြင့် ပထမဆုံးနိုင်ပွဲရခဲ့ပြီး အမှတ်ပေးဇယား အဆင့်(၁၇)သို့ ရောက်ရှိခဲ့ကြောင်း သိရသည်။

Ref : Daily Mail

Trs : ML

## နိုဝင်ဘာလအတွက် ကမ္ဘာ့အဆင့်သတ်မှတ်ချက်တွင် မြန်မာကြက်တောင်မယ် သက်ထားသူဇာ အဆင့် (၅၇)နေရာ၌ ရပ်တည်



**ရန်ကုန် နိုဝင်ဘာ ၁၁**

ကမ္ဘာ့ကြက်တောင် အဖွဲ့ချုပ် (BWF)၏ နိုဝင်ဘာလအတွက် အမျိုးသမီးတစ်ဦးချင်း ကမ္ဘာ့အဆင့်သတ်မှတ်ချက်တွင် မြန်မာကြက်တောင်မယ် သက်ထားသူဇာသည် ကမ္ဘာ့အဆင့်(၅၇)နေရာတွင် ရပ်တည်နေကြောင်း သိရသည်။

နိုင်ငံတကာ ပြိုင်ပွဲများတွင် မြန်မာနိုင်ငံကိုယ်စားပြုကစားနေသည့် သက်ထားသူဇာသည် နိုဝင်ဘာလအတွက် ကမ္ဘာ့အဆင့်သတ်မှတ်ချက်တွင် ရမှတ် ၂၉,၂၉၀ မှတ်ဖြင့် အဆင့်တစ်ဆင့်ကျဆင်းခဲ့ပြီး ကမ္ဘာ့အဆင့် (၅၇)နေရာတွင် ရပ်တည်နိုင်ခဲ့ခြင်းဖြစ်သည်။

မြန်မာ ကြက်တောင်မယ် သက်ထားသူဇာသည် အိုလံပစ်ပြိုင်ပွဲများတွင် ဝင်ရောက်ကစားခွင့်ရရှိရန်အတွက် နောက်ပိုင်းကာလများတွင် ကမ္ဘာ့ကြက်တောင်အဖွဲ့ချုပ်အသိအမှတ်ပြု နိုင်ငံတကာပြိုင်ပွဲများတွင် ဝင်ရောက်ယှဉ်ပြိုင်လျက်ရှိနေပြီး ပြီးခဲ့သည့် ဂျပန်နိုင်ငံက အိမ်ရှင်အဖြစ် လက်ခံကျင်းပခဲ့သည့် ၂၀၂၀ တိုကျိုအိုလံပစ်ပြိုင်ပွဲနှင့် ပြင်သစ်နိုင်ငံက အိမ်ရှင်အဖြစ် လက်ခံကျင်းပခဲ့သည့် ၂၀၂၄ ပဲရစ်အိုလံပစ်ပြိုင်ပွဲ စသည့်ပြိုင်ပွဲနှစ်ကြိမ်ဆက် ဝင်ရောက်ကစားခွင့်ရရှိခဲ့သူဖြစ်သည်။

သက်ထားသူဇာသည် Sends China Ltd, Macau Open 2024 ပြိုင်ပွဲတွင် ဝင်ရောက်ကစားခဲ့ရာ ၃၂ ဦး ရှုံးထွက်အဆင့်တွင် ဂျပန်ကြက်တောင်မယ် Manami Suizuကိုရှုံးနိမ့်ပြီး ပြိုင်ပွဲမှထွက်ခွာခဲ့ရသည်။

ကမ္ဘာ့ကြက်တောင် အဖွဲ့ချုပ် (BWF)၏ နိုဝင်ဘာလအတွက် အမျိုးသမီးတစ်ဦးချင်း ကမ္ဘာ့အဆင့်သတ်မှတ်ချက်တွင် တောင်ကိုရီးယားကြက်တောင်မယ် An Se Youngက အဆင့်(၁)နေရာရပ်တည်နိုင်ခဲ့ကြောင်း သိရသည်။ STA

## WBC စူပါဖလိုင်းဝိတ်တန်း ချန်ပီယံကာကွယ်ပွဲတွင် မက္ကဆီကိုလက်ဝှေ့သမား ဂွါဗာရာကိုအနိုင်ရရှိပြီး ရိုဒရီကွက်ဇ် ချန်ပီယံဆုကာကွယ်နိုင်ခဲ့

**ပင်ဆယ်ဗေးနီးယား နိုဝင်ဘာ ၁၁**

WBC စူပါဖလိုင်း ဝိတ်တန်း ချန်ပီယံ ကာကွယ်ပွဲစဉ်အဖြစ် လက်ရှိချန်ပီယံ အမေရိကန်လက်ဝှေ့သမား ရိုဒရီကွက်ဇ်နှင့် စိန်ခေါ်သူ မက္ကဆီကိုလက်ဝှေ့သမားဂွါဗာရာတို့ နိုဝင်ဘာ ၁၀ ရက်က ပင်ဆယ်ဗေးနီးယားပြည်နယ် ဝယ်ဖာဂိုကွင်း၌ ယှဉ်ပြိုင်ထိုးသတ်ခဲ့ရာ ရိုဒရီကွက်ဇ်က အလဲထိုးရလဒ်ဖြင့်အနိုင်ရရှိကာ ချန်ပီယံဆုကို ကာကွယ်နိုင်ခဲ့ကြောင်း ဖော်ပြခဲ့သည်။

ရှုံးပွဲမရှိသေးသည့် ရိုဒရီကွက်ဇ်သည် တတိယမြောက်အချီတွင် ဝါရင့်လက်ဝှေ့ သမားကြီး ဂွါဗာရာကို အလဲထိုးရလဒ်ဖြင့်အနိုင်ရခဲ့ခြင်းဖြစ်ပြီး ဂွါဗာရာအတွက် ကစားသမားဘဝသက်တမ်းတစ်လျှောက် အလဲထိုးရလဒ်ဖြင့် ပထမဆုံးအကြိမ် ရှုံးနိမ့်ခဲ့ရခြင်းဖြစ်သည်။

ဂွါဗာရာသည် လက်ဝှေ့သမားဘဝ သက်တမ်းတစ်လျှောက် စိန်ခေါ်ပွဲပေါင်း ၄၈ ပွဲထိထိုးသတ်ထားပြီး ရိုဒရီကွက်ဇ်က စိန်ခေါ်ပွဲပေါင်း ၂၁ ပွဲသာထိုးသတ်ထားသည့်အတွက် အတွေ့အကြုံပိုင်းအရ ကွာဟချက်ရှိခဲ့သော်လည်း ငယ်ဂုဏ်ရှိသည့် လက်ရှိချန်ပီယံက ကြံ့ခိုင်မှုနှင့် လျင်မြန်မှုကိုအသာပေးကာ ဝါရင့်လက်ဝှေ့သမားကြီး ဂွါဗာရာအား တတိယအချီ၌ပင် အနိုင်ထိုးသတ်နိုင်ခဲ့သည်။

ရိုဒရီကွက်ဇ်က "လက်ရှိချန်ပီယံကိုကာကွယ်နိုင်ခဲ့လို့ ပျော်ပါတယ်။ ဂွါဗာရာလို ကျွန်တော့်ထက် အစစအရာရာသာလွန်နေတဲ့ လက်ဝှေ့သမားကြီးကို အနိုင်ထိုးသတ်ပြီး လက်ရှိချန်ပီယံကိုကာကွယ်နိုင်ခဲ့တာဖြစ်လို့ ပိုပြီးတော့ဝမ်းသာဂုဏ်ယူရပါတယ်"ဟု ပြောကြားခဲ့ကြောင်း သိရသည်။



Ref : Xinhua

Trs : AZL

# နိုင်ငံတကာစစ်မှုရေးရာအဖြာဖြာ

## ရုရှားက Geran-2 တိုက်ခိုက်ရေးဒရုန်းကို အဆင့်မြှင့်တင်ထားသော Thermobaric Warhead ထိပ်ဖူးသစ်တပ်ဆင်အသုံးပြုခဲ့



ရုရှားတပ်ဖွဲ့များသည် ယူကရိန်းအထူးစစ်ဆင်ရေးတွင် Geran-2 တိုက်ခိုက်ရေးဒရုန်းကို တိုက်ပွဲဝင်ထိရောက်မှုမြင့်မားကောင်းမွန်စေရန် အဆင့်မြှင့်တင်ထားသော Thermobaric Warhead ထိပ်ဖူးသစ် တပ်ဆင်အသုံးပြုခဲ့ကြောင်း Army Recognition သတင်းဌာနက နိုဝင်ဘာ ၈ ရက်တွင် ရေးသားဖော်ပြခဲ့သည်။

ထိုသို့အဆင့်မြှင့်တင်မှုတွင် ထိပ်ဖူးအလေးချိန် ကီလိုဂရမ် ၅၀ မှ ကီလိုဂရမ် ၉၀ ထိ နှစ်ဆခန့်မြင့်တက်လာခဲ့ပြီး အလုံပိတ်နေရာများနှင့် အခိုင်အမာဘန်ကာစခန်းများကဲ့သို့ ပစ်မှတ်များကို အဖျက်စွမ်းအားပိုမိုပြင်းစွာ တိုက်ခိုက်နိုင်စွမ်းရှိမည်ဖြစ်သည်။ တစ်ချိန်တည်းမှာပင် Geran-2 တိုက်ခိုက်ရေးဒရုန်းထုတ်လုပ်မှုသည် ယူကရိန်းစစ်မြေပြင်တွင် ဖြန့်ကြက်အသုံးပြုမှု တိုးမြှင့်လုပ်ဆောင်ခြင်းတို့နှင့်အတူ အကြီးစားဒရုန်းတိုက်ခိုက်မှုများမှတစ်ဆင့် ယူကရိန်း၏ခံစစ်အပေါ်စဉ်ဆက်မပြတ်ဖိအားပေးနိုင်သည့် မဟာဗျူဟာတစ်ရပ်ဆီသို့ ပြောင်းလဲကျင့်သုံးလာခြင်းကို ဖော်ညွှန်းပြသလျက်ရှိသည်။

Geran-2 တိုက်ခိုက်ရေးဒရုန်းတွင် တပ်ဆင်ထားသော Thermobaric Warhead ထိပ်ဖူးသည် ကတုတ်ကျင်းများနှင့် ဥမင်လိုဏ်ခေါင်းများကဲ့သို့သော ခိုင်မာသောနေရာများနှင့် ဘန်ကာများ၊ မြေအောက်အခြေခံအဆောက်အအုံများကို တိုက်ခိုက်ဖျက်ဆီးရန်အတွက် တိုက်ပွဲဝင်ထိရောက်မှုကို သိသိသာသာ မြှင့်တင်ပေးနိုင်မည်ဖြစ်သည်။ သမားရိုးကျ ထိပ်ဖူးများနှင့်မတူဘဲ Thermobaric ထိပ်ဖူးများသည် ပစ်လွှတ်ချိန်တွင် မလောင်ကျွမ်းမီ လေထဲသို့ လောင်စာဆီများ ပြန့်ကျဲသွားကာ မြင့်မားသော အပူချိန်နှင့်အတူ ပြင်းထန်သော လှိုင်းတစ်ခုအဖြစ် ဖြစ်ပေါ်လာနိုင်သည်။ ထို့ပြင် ကျဉ်းမြောင်းသောနေရာများကိုပင် ထိုးဖောက်ဝင်ရောက်နိုင်သောဖိအားများထုတ်ပေးကာ ပတ်ဝန်းကျင်ရှိ အောက်ဆီဂျင်နှင့်ပေါင်း၍ ပေါက်ကွဲအားပိုမိုပြင်းထန်စေသည်။ ဤထိပ်ဖူး အမျိုးအစားသည် အခိုင်အမာတည်ဆောက်ထားသောပစ်မှတ်များကို တိုက်ခိုက်ဖျက်ဆီးနိုင်မည်ဖြစ်သည်။

လက်တွေ့အခြေအနေတွင် စစ်လက်နက်ပစ္စည်းကိရိယာများ သိုလှောင်ရန်အတွက် အသုံးပြုသည့် အခိုင်အမာနေရာများ သို့မဟုတ် မြေအောက်ဥမင်လိုဏ်ခေါင်းကွန်ရက်များကို တိုက်ခိုက်ဖျက်ဆီးရန်အတွက် Thermobaric Warhead ထိပ်ဖူးတပ် Geran-2 ဒရုန်းများကိုအသုံးချနိုင်မည်ဖြစ်သည်။ လိုဏ်ခေါင်းအဝင်ဝကို ဖောက်ခွဲတိုက်ခိုက်လိုက်သောအခါ အတွင်းဘက်တွင် အပူချိန်မြင့်မားစွာ ပေါက်ကွဲမှုကြောင့် ပြင်းထန်သောဖိအားနှင့် တမြည့်မြည့် လောင်ကျွမ်းနေမည့် အပူလှိုင်းတို့ကြောင့် လမ်းကြောင်းတစ်လျှောက်ရှိ အရာအားလုံးကို ဖျက်ဆီးပစ်နိုင်မည်ဖြစ်သည်။ ရန်သူ၏မြေအောက်အခြေခံအဆောက်အအုံများကို ကျည်လွတ်နယ်မြေများ သို့မဟုတ် ခဲယမ်းသိုလှောင်ရုံများအဖြစ် အသုံးပြုနိုင်စွမ်းအပေါ် သက်ရောက်မှုရှိလာမည်ဖြစ်သည်။

Geran-2 တိုက်ခိုက်ရေးဒရုန်းသည် ကိုယ်ထည်အရှည် ၃ ဒသမ ၅ မီတာနှင့် တောင်ပံ ၂ ဒသမ ၅ မီတာ ရှည်လျားကာ အရွယ်အစားသေးငယ်သော်လည်း ဂျာမနီနိုင်ငံထုတ် MD 550 မူလအင်ဂျင်ကို တပ်ဆင်ထားပြီး အလျင်နှုန်း တစ်နာရီကီလိုမီတာ ၁၈၀ ဖြင့် အကွာအဝေး ကီလိုမီတာ ၂၀၀၀ ထိ ပျံသန်းစစ်ဆင်နိုင်မည်ဖြစ်သည်။ ဤလက္ခဏာများသည် Geran-2 တိုက်ခိုက်ရေးဒရုန်းကို တာဝေးပျံသန်းတိုက်ခိုက်မှုများ ပြုလုပ်နိုင်စေမည်ဖြစ်သည်။

Geran-2 တိုက်ခိုက်ရေးဒရုန်း၏ လမ်းကြောင်းပြစနစ်ကိုလည်း အဆင့်မြှင့်တင်ထားသည်။ မူလ GPS ကို GLONASS နှင့် တွဲဖက်အသုံးပြုနိုင်သော ရုရှား Kometa-M စနစ်ဖြင့် အစားထိုးခဲ့ကာ နိုင်ငံခြားနည်းပညာအပေါ် မှီခိုမှုနည်းပါးစေသည့်အပြင် Jamming ပြုလုပ်မှုကို ပိုမိုခံနိုင်ရည်ရှိစေမည်ဖြစ်သည်။ ထို့ပြင် Kyivstar ကွန်ရက်များကို အသုံးပြုသည့် GSM ခြေရာခံကိရိယာများသည် ခန့်မှန်းခြေ မီတာ ၂၀၀ တိကျမှုဖြင့် မြို့ပြများရှိ မိုဘိုင်း Relays များပေါ်တွင်အခြေခံ၍ ပထဝီတည်နေရာကို ဖော်ပြပေးနိုင်သည်။

**Russia Develops Geran-2 Loitering Munition with New Thermobaric Warhead to Target Fortified Positions** ကို ဘာသာပြန်ဆိုထားပါသည်။

## အီရန်က တာလတ်ပစ်လေကြောင်းရန်ကာကွယ်ရေးစွမ်းအားကိုအဆင့်မြှင့်တင်ရန် AD-40 ဒုံးကျည်စနစ်သစ် တီထွင်ထုတ်လုပ်လျက်ရှိ

အီရန်နိုင်ငံ တပ်မတော်သည် တာလတ်ပစ် လေကြောင်းရန်ကာကွယ်ရေးစွမ်းအားကို အဆင့်မြှင့်တင်ရန်အတွက် ပြည်တွင်းထုတ် AD-40 ဒုံးကျည်စနစ်သစ်ကို တီထွင်ထုတ်လုပ်လျက်ရှိကြောင်း Army Recognition သတင်းဌာနက နိုဝင်ဘာ ၈ ရက်တွင် ရေးသားဖော်ပြခဲ့သည်။

ဤဒုံးကျည်စနစ်သစ်သည် လေယာဉ်နှင့်ဒရုန်းများမှ တိကျပဲ့ထိန်းခဲယမ်းများထိ လေကြောင်းခြိမ်းခြောက်မှု အမျိုးမျိုးကို တန်ပြန်လုပ်ဆောင်နိုင်စွမ်းအား မြှင့်တင်ပေးနိုင်လိမ့်မည်ဖြစ်ကြောင်း သိရသည်။

နည်းပညာဆိုင်ရာ အချက်အလက်များတွင် အသေးစိတ်ဖော်ပြထားချက်များအရ AD-40 ဒုံးကျည်စနစ်သစ်သည် အဆင့်မြင့်ရှာဖွေထောက်လှမ်းခြင်း၊ ပစ်မှတ်များစိစစ်ခွဲခြားဖော်ထုတ်ခြင်းနှင့် ကြားဖြတ်တိုက်ခိုက်ခြင်း စွမ်းဆောင်ရည်များ ပိုင်ဆိုင်ထားပြီး ဒေသတွင်းလေကြောင်းရန်ကာကွယ်ရေးနည်းပညာတွင် အီရန်နိုင်ငံကို ထိပ်တန်းနိုင်ငံအဖြစ် မီးမောင်းထိုးပြလျက်ရှိပေသည်။

အီရန်နိုင်ငံ လေကြောင်းရန်ကာကွယ်ရေးစနစ်တွင် AD-40 ဒုံးကျည်သစ်ပါဝင်ဖွဲ့စည်းထားပြီး ရေဒါ-အာရုံခံလမ်းညွှန်ထိန်းကျောင်းမှု အသုံးပြုထားကာ လေကြောင်းခြိမ်းခြောက်မှုများကို တိကျစွာ ခြေရာခံထိန်းကျောင်း၍ ကြားဖြတ်တိုက်ခိုက်နိုင်စေမည်ဖြစ်သည်။ AD-40 ဒုံးကျည်သစ်သည် အများဆုံးထိရောက်အကွာအဝေး ကီလိုမီတာ ၄၀၊ အမြင့် ၁၈ ကီလိုမီတာအတွင်း ဝေဟင်ပစ်မှတ်အမျိုးမျိုးကို တိုက်ပွဲဝင်နိုင်စွမ်းရှိကြောင်း သိရသည်။

ခေတ်မီဆန်းသစ်သော ရေဒါနှင့် ခြေရာခံစနစ်များ တပ်ဆင်ထားသောကြောင့် AD-40 ဒုံးကျည်သစ်သည် ပစ်မှတ်များစွာကို တစ်ပြိုင်နက်တည်းတိုက်ပွဲဝင်နိုင်စွမ်းရှိသည်။ ထိုအချက်သည် ခေတ်သစ်စစ်မြေပြင်တွင် လေကြောင်းရန်ကာကွယ်ရေးဒုံးကျည်အတွက် အရေးပါသောဝိသေသလက္ခဏာရပ် တစ်မျိုးလည်းဖြစ်သည်။ လက်နက်စနစ်တွင် အသုံးပြုထားသောခြေရာခံခြင်းနှင့် လမ်းညွှန်ထိန်းကျောင်းခြင်းနည်းပညာသည် ဒရုန်းများ၊ ကိုယ်ပျောက်လေယာဉ်နှင့် မြန်နှုန်းမြင့်ပစ်မှတ်များကို ထောက်လှမ်းနိုင်စွမ်းရှိကြောင်း သိရသည်။



AD-40 ဒုံးကျည်သစ်သည် မြန်နှုန်းမြင့်ကြားဖြတ်တိုက်ခိုက်ခြင်းများဆောင်ရွက်နိုင်ရန် လျင်မြန်စွာတုံ့ပြန်တိုက်ပွဲဝင်နိုင်မည်ဖြစ်သည်။ အလျင်နှုန်းမြင့်မားပြီး လှုပ်ရှားစစ်ကစား ပျံသန်းနိုင်သောပစ်မှတ်များကိုပင် အောင်မြင်စွာကြားဖြတ်ပစ်ချနိုင်ရန် ဒုံးကျည်ကို ဒီဇိုင်းထုတ်ထားကြောင်း သိရသည်။ ပြိုင်ဆိုင်မှုပြင်းထန်သောစစ်ဆင်ရေးနယ်ပယ်မျိုးတွင် ရန်သူဘက်က Jamming ပြုလုပ်ခြင်းနှင့်အီလက်ထရွန်နစ် တန်ပြန်လုပ်ဆောင်မှုများအပေါ် ခံနိုင်ရည်ရှိစွာဖြင့် တိုက်ခိုက်ဖျက်ဆီးနိုင်စွမ်းရှိမည်လည်းဖြစ်သည်။

AD-40 လေကြောင်းရန်ကာကွယ်ရေးဒုံးကျည်စနစ်သစ်သည်ခေတ်မီလေကြောင်းရန်ကာကွယ်ရေးစံနှုန်းများနှင့် ကိုက်ညီသည့်အင်္ဂါရပ်များဖြင့် အီရန်၏ကာကွယ်ရေး အခြေခံအဆောက်အအုံအတွက် အရေးပါသော အဆင့်မြှင့်တင်မှုတစ်ရပ်ပင်ဖြစ်သည်။

**Iran Enhances Medium-Range Air Defense with New Locally-Made AD-40 Missile System** ကို ဘာသာပြန်ဆိုထားပါသည်။

**မင်းမျိုး**




# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်၏ တရုတ်ပြည်သူ့သမ္မတနိုင်ငံခရီးစဉ်အတွင်း အမိနိုင်ငံတော်အတွက် စွမ်းဆောင်ကြိုးပမ်းခဲ့မှုနှင့် ပြည်သူတို့၏ လှိုက်လှဲစွာကြိုဆိုနေမှုမြင်ကွင်းပုံရိပ်များ



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် (၁၁)ကြိမ်မြောက် ကမ္ဘောဒီးယား-လာအို-မြန်မာ-ဗီယက်နမ်ပူးပေါင်းဆောင်ရွက်မှု ထိပ်သီးအစည်းအဝေးသို့ တက်ရောက်အမှာစကားပြောကြားစဉ်။




နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်အား (၈)ကြိမ်မြောက်မဟာမဲခေါင်ဒေသခွဲထိပ်သီးအစည်းအဝေး ကြိုဆိုညစာစားပွဲအခမ်းအနားတွင် တရုတ်ပြည်သူ့သမ္မတနိုင်ငံဝန်ကြီးချုပ် H.E. Mr. Li Qiang က ရင်းရင်းနှီးနှီးကြိုဆိုနှုတ်ဆက်စဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် တရုတ်ကွန်မြူနစ်ပါတီဗဟိုကော်မတီပေါလစ်ဗျူရိုအဖွဲ့ဝင်၊ ချုံချင့်မြို့နီစီပယ်ပါတီကော်မတီအတွင်းရေးမှူး Mr. Yuan Jiajun နှင့်တွေ့ဆုံဆွေးနွေးစဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ချုံချင့်မြို့မှ စီးပွားရေးလုပ်ငန်းရှင်များနှင့်တွေ့ဆုံဆွေးနွေးစဉ်။




နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် (၁၀)ကြိမ်မြောက် ဧရာဝတီ- ကျောက်ဖရား- မဲခေါင် စီးပွားရေးပူးပေါင်းဆောင်ရွက်မှုမဟာဗျူဟာ(အက်မက်စ်) ထိပ်သီးအစည်းအဝေးသို့တက်ရောက်ဆွေးနွေးစဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် Zhongyue Aviation UAV Firefighting-Drone Co.,Ltd. မှ ထုတ်လုပ်ထားသော လူမှုကယ်ဆယ်ရေးလုပ်ငန်းများတွင် အသုံးပြုသည့် အဆင့်မြင့်ဒရုန်းများခင်းကျင်းပြသထားရှိမှုကို ကြည့်ရှုလေ့လာစဉ်။

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်၏ တရုတ်ပြည်သူ့သမ္မတနိုင်ငံခရီးစဉ်အတွင်း အမိနိုင်ငံတော်အတွက် စွမ်းဆောင်ကြိုးပမ်းခဲ့မှုနှင့် ပြည်သူတို့၏ လှိုက်လှဲစွာကြိုဆိုနေမှုမြင်ကွင်းပုံရိပ်များ



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ရှန်းကျန့်မြို့ရှိ Hytera Communications Corporation Limited တွင် ကြည့်ရှုလေ့လာစဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် BYD မော်တော်ကားထုတ်လုပ်ရေးကုမ္ပဏီတွင် ကြည့်ရှုလေ့လာစဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ဦးဆောင်သော အဆင့်မြင့်ကိုယ်စားလှယ်အဖွဲ့အား နေပြည်တော်တပ်မတော်လေဆိပ်၌ တရုတ်ရိုးရာ နဂါးနှင့်ခြင်္သေ့အကအဖွဲ့တို့ဖြင့် ဂုဏ်ပြုကြိုဆိုနေစဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ဦးဆောင်သော အဆင့်မြင့်ကိုယ်စားလှယ်အဖွဲ့အား နေပြည်တော်တပ်မတော်လေဆိပ်၌ တိုင်းရင်းသား ပြည်သူများက လှိုက်လှဲနွေးထွေးစွာသောင်းသောင်းဖြဖြကြိုဆိုနေစဉ်။




နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ဦးဆောင်သော အဆင့်မြင့်ကိုယ်စားလှယ်အဖွဲ့၏ ကြိုးပမ်းဆောင်ရွက်မှုများအပေါ် တိုင်းရင်းသား ပြည်သူများက တိုင်းရင်းသားရိုးရာအကအလှများဖြင့် ဂုဏ်ပြုကြိုဆိုနေစဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ဦးဆောင်သော အဆင့်မြင့်ကိုယ်စားလှယ်အဖွဲ့အား နေပြည်တော်တပ်မတော်လေဆိပ်၌ တိုင်းရင်းသား ပြည်သူများက လှိုက်လှဲနွေးထွေးစွာသောင်းသောင်းဖြဖြကြိုဆိုနေစဉ်။

# Kathina Robe Offering Ceremony of State Administration Council of Republic of Union of Myanmar (2024) held



Senior General Min Aung Hlaing and wife Daw Kyu Kyu Hla and the congregation receiving the Five Precepts from Sayadaws.

**Nay Pyi Taw November 11**

The Kathina Robe Offering Ceremony of the State Administration Council of the Republic of the Union of Myanmar (2024) was held at the Sasana Beikman Tawgyi at the Uppatasanti Pagoda in Nay Pyi Taw this morning and Chairman of State Administration Council Prime Minister Senior General Min Aung Hlaing and wife Daw Kyu Kyu Hla attended the ceremony to offer Kathina robes and Kathina donations.

The ceremony was graced by 27 Sayadaws led by Chairman of State Sangha Maha Nayaka Committee Presiding Nayaka Patron of the Minkyaung Pahtamapyan Buddhist Learning Centre in Thanlyin Agga Maha Pandita Agga Maha Saddhamma Jotikadhaja Doctor Bhaddanta Candima Bhivamsa, Secretary of SSMNC Masoeyein Taikthait Maha Nayaka in Mandalay Dhamma Saddhi Monastery Agga Maha Pandita Agga Maha Saddhamma Jotikiadhaja Maha Dhamma Kathika Bahujana Hitadhara Bhaddanta Vasettha Bhivamsa, Upa Ukkathta Joint Head of Shwekyin Nikaya Maha Nayaka of Maha Subhawdhayon Monasteries Abhidhaja Maha Ratha Guru Rector Sayadaw Dr Bhaddanta Nandamalavivamsa and Ovadacariya Sayadaws of the Uppatasanti Pagoda and was attended together with the Senior General and wife were Vice Chairman of the SAC Deputy Prime Minister Vice-Senior General Soe Win and Wife Daw Than Than Nwe, the secretary of the SAC and wife, the joint secretary of the SAC and wife, members of the SAC and their wives, union level officials, union ministers and their wives, the chairman of Nay Pyi Taw Council and senior officers from the Office of the Commander-in-Chief of Defence Services and their wives, the commander of Nay Pyi Taw Command and officials.



Senior General Min Aung Hlaing and wife Daw Kyu Kyu Hla offer meals to Sayadaws.

First, the Senior General and congregation paid obeisance to the Buddha image in the Sasana Beikman Tawgyi and offered meals, flowers, water and fruits in the emerald alm bowl.

Then, the Senior General and congregation inspected the Kathina robes and donations and donation trees prepared for Vajiyanandasubhawdhayon Monastery in Ottarathiri Township in Nay Pyi Taw.



Senior General Min Aung Hlaing and wife Daw Kyu Kyu Hla offer Kathina robes and donations to the Thanlyin Minkyaung Sayadaw.

Then, the ceremony was opened with three-time recitations of namo tassa and paying obeisance to the Buddha and the Senior General and congregation received the five precepts from the Minkyaung Sayadaw of Thanlyin. Then, the Senior General and congregation meditated on Metta Sutra recited by the Sayadaws.

Afterward, the Senior General and wife offered Kathina robes and donations to the Minkyaung Sayadaw and the rector Sayadaw.

Then, the Vice-Senior General and wife offered Kathina robes and donations to the secretary Sayadaw of the SSMNC.

Afterward, the secretary and wife, the joint secretary and wife, members of the SAC and their wives offered Kathina robes and donations to Sayadaws.

Then, Ohndaw Monastery in Pyinmana and Ngwetaung Tawya Sayadaw in Tatkon administered Kathina question and answer sessions.

Afterward, the Senior General and congregation meditated on Kathina sermons from the rector Sayadaw and merit-sharing sermons from the secretary Sayadaw of the SSMNC before sharing merits for all donations.

*See Page 13*



Senior General Min Aung Hlaing views the Kathina robes and donations and donation trees.

# Public Notice for Elimination of Violence

1. Declaring themselves to be "for the people", the so-called CRPH, NUG and PDF terrorist groups are lawlessly killing Buddhist monks, civil servants including schoolteachers, and members of the general public, as well as looting and robbing.
2. Not encouraging, supporting, or assisting "CRPH", "NUG", and "PDF" terrorists, who are intimidating and killing people and committing destructive activities, is to protect the lives and property of the general public.
3. Giving information secretly to the authorities on terrorists and on possession and transport of weapons/ammunition is tantamount to protecting the lives and property of innocent people.


A Sayadaw being offered Kathina robes and donations.


A Sayadaw being offered Kathina robes and donations.


A Sayadaw being offered Kathina robes and donations.


A Sayadaw being offered Kathina robes and donations.


A Sayadaw being offered Kathina robes and donations.


A Sayadaw being offered Kathina robes and donations.

*From Page 12*

Then, the ceremony was concluded with three-time recitations of Buddha Sasanam Ciram Tithatu. After the ceremony, the Senior General and wife and congregation offered meals to Sayadaws and members of the Sangha led by the Minkyaung Sayadaw.

At the ceremony, a total of 49 donation trees worth MMK 53,233,340 and cash donations of MMK 80,690,800 were offered, totalling MMK 133,924,140.

100

# Israel says Lebanon ceasefire talks show progress, Hezbollah says no truce proposal received

**Jerusalem November 11**

Israeli Foreign Minister Gideon Saar said Monday that diplomatic efforts to broker a ceasefire in Lebanon have progressed, though Hezbollah maintains no deal proposal was conveyed to the group.

"I think there is some progress," Saar said in a press briefing, adding that Israel is "working with the Americans on the issue."

He stated that Israel would agree to a ceasefire only if assured that "Hezbollah is not on our border" and pulls its forces north of the Litani River. Israel also demands that "Hezbollah will not rearm with new weapons systems," Saar said.

Hezbollah, meanwhile, said that no official ceasefire proposal has been conveyed to the group.

"If you hear about negotiations or political movements, the real reason is the battlefield and the resilience of the resistance," Hezbollah's Media Relations Officer Mohammad Afif said in a news conference in Beirut's southern suburb.

Xinhua

# Organizations support SAC Chairman's efforts during China visit

**Nay Pyi Taw November 11** State Administration Council Chairman Prime Minister Senior General Min Aung Hlaing attended the Eighth Greater Mekong Subregion (GMS) Summit, the 10th Ayeyawady-Chao Phraya-Mekong Economic Cooperation Strategy (ACMECS) Summit, and the 11th Cambodia-Laos-Myanmar-Vietnam (CLMV) Summit in the People's Republic of China from 5 to 10 November 2024. During these occasions, he made concerted efforts for the development of the political, economic, social and education sectors of the country, achieved alternate chairmanship of ACMECS, and positive outcomes through the dialogues with Prime Ministers of China, Cambodia, Laos and Thailand.

The Myanmar-China Cooperation Centre, Myanmar citizen Chinese people, Myanmar Interfaith Dialogue Group (Central), multi-ethnic unity and welfare organization (temporary), Myanmar Evangelical Christian Alliance, Union of Myanmar Methodist Church (Lower Myanmar), All Myanmar Hindu Central Council, All Myanmar Tamil Hindu Foundation (HQ) and Islamic Religious Affairs Council Myanmar released statements warmly supporting the efforts of the Senior General.

100

## Myanmar-Chinese Cooperation and Communications Center's announcement of congratulations
### 11 November 2024

At the invitation of the Government of the People's Republic of China, Chairman of the State Administration Council and Prime Minister Senior General Min Aung Hlaing attended the 8th Greater Mekong Subregion Summit, the 10th Ayeyawady-Chao Phraya-Mekong Economic Cooperation Strategy (ACMECS) Summit, and the 11th Cambodia-Laos-Myanmar-Vietnam (CLMV) Summit, held in the People's Republic of China.

During his visit, he engaged in discussions with leaders from China, Laos, Cambodia, Vietnam, and Thailand, resulting in beneficial agreements for Myanmar and its people. Additionally, Myanmar has now assumed the rotating chairmanship of ACMECS.

We express our pride in the Senior General and extend our congratulations for securing positive outcomes for Myanmar and for assuming the ACMECS chairmanship.

**Central Executive Committee**
**Myanmar-Chinese Cooperation and Communications Center**

## Congratulations statement by Associations of Myanmar citizens of Chinese Origin
### 11 November 2024

At the invitation of the Government of the People's Republic of China, Chairman of the State Administration Council and Prime Minister Senior General Min Aung Hlaing attended the 8th Greater Mekong Subregion Summit, the 10th Ayeyawady-Chao Phraya-Mekong Economic Cooperation Strategy (ACMECS) Summit, and the 11th Cambodia-Laos-Myanmar-Vietnam (CLMV) Summit, held in the People's Republic of China.

During his visit, he engaged in discussions with leaders from China, Laos, Cambodia, Vietnam, and Thailand, resulting in beneficial agreements for Myanmar and its people. Additionally, Myanmar has now assumed the rotating chairmanship of ACMECS.

We express our pride in the Senior General and extend our congratulations for securing positive outcomes for Myanmar and for assuming the ACMECS chairmanship.

**On behalf of Association of Myanmar citizens of Chinese origin**
**Myanmar Chinese Chamber of Commerce**
**Yangon Yunnan Social Assistance Association**
**Hong Qian (Fukin) Chinese National Team**
**Association of Kaungtong Traders and Entrepreneurs**

## Congratulations statement by Myanmar Interfaith Dialogue Organization (Central)
### 11 November 2024

Senior General Min Aung Hlaing, Chairman of the State Administration Council and Prime Minister, visited China and attended the 8th Greater Mekong Sub-region (GMS) Summit, the 10th Ayeyawady-Chao Phraya-Mekong Economic Cooperation Strategy (ACMECS) Summit, and the 11th Cambodia-Laos-Myanmar-Vietnam (CLMV) Summit held in the People's Republic of China.

We proudly extend our heartfelt congratulations on his dedication to advancing Myanmar's political, economic, and social sectors to the best of his ability, and on his assumption of the ACMECS chairmanship.

**Myanmar Interfaith Dialogue Organization (Central)**

## Multi-Ethnic Unity and Cooperation Body (Interim) Statement of special honour and congratulations
### 11 November 2024

At the invitation of the government of the People's Republic of China, Senior General Min Aung Hlaing, Chairman of the State Administration Council and Prime Minister, attended the 8th Greater Mekong Sub-region (GMS) Summit, the 10th Ayeyawady-Chao Phraya-Mekong Economic Cooperation Strategy (ACMECS) Summit, and the 11th Cambodia-Laos-Myanmar-Vietnam (CLMV) Summit.

We proudly offer our heartfelt congratulations on his success in bringing about positive outcomes from the meetings with the Prime Ministers of Thailand, Cambodia, and Laos, and for developing economic plans for national development.

**Multi-Ethnic Unity and Cooperation Body (Interim)**

## Myanmar Evangelical Christian Alliance A statement of special honour and congratulations
### 11 November 2024

The 8th Greater Mekong Sub-region (GMS) Summit, the 10th Ayeyawady-Chao Phraya-Mekong Economic Cooperation Strategy (ACMECS) Summit, and the 11th Cambodia-Lao PRD-Myanmar-Vietnam (CLMV) Summit were held in the People's Republic of China.

Chairman of the State Administration Council Prime Minister Senior General Min Aung Hlaing attended those summits. We express our pride in the Senior General and extend our congratulations for both the positive outcomes secured for Myanmar and his assumption of the ACMECS chairmanship.

**Myanmar Evangelical Christian Alliance**

## Union of Myanmar Methodist Church (Lower Myanmar) Statement of special honour and congratulations
### 11 November 2024

Senior General Min Aung Hlaing, Chairman of the State Administration Council and Prime Minister, visited China from 5 to 10 November 2024 and attended the 8th Greater Mekong Sub-region (GMS) Summit, the 10th Ayeyawady-Chao Phraya-Mekong Economic Cooperation Strategy (ACMECS) Summit, and the 11th Cambodia-Laos-Myanmar-Vietnam (CLMV) Summit.

We proudly extend our heartfelt congratulations on his dedication to advancing Myanmar's political, economic, and social sectors to the best of his ability, and on his assumption of the ACMECS chairmanship.

**Union of Myanmar Methodist Church (Lower Myanmar)**

## Statement of Islamic Religious Affairs Council Myanmar

State Administration Council Chairman Prime Minister Senior General Min Aung Hlaing attended the Eighth Greater Mekong Subregion (GMS) Summit, the 10th Ayeyawady-Chao Phraya-Mekong Economic Cooperation Strategy (ACMECS) Summit, and the 11th Cambodia-Laos-Myanmar-Vietnam (CLMV) Summit, in the People's Republic of China, from 5 to 10 November 2024, and achieved significant positive results for the country and people. The Islamic Religious Affairs Council Myanmar releases a statement appreciating the efforts of the Senior General.

**Islamic Religious Affairs Council Myanmar**

*See Page 15*

*From Page 14*

ALL MYANMAR HINDU CENTRAL COUNCIL
No. 387-395(1st Floor), Room No. A2, Bo Aung Kyaw Street, Kyauktada Township, Yangon.
Tel : 01-8245648 E-mail : amhcc201902@gmail.com

## All Myanmar Hindu Central Council Statement of remarkable pride and congratulations

At the invitation of the government of the People's Republic of China, State Administration Council Chairman and Prime Minister Senior General Min Aung Hlaing attended the Eighth Greater Mekong Subregion (GMS) Summit, the 10th Ayeyawady-Chao Phraya-Mekong Economic Cooperation Strategy (ACMECS) Summit, and the 11th Cambodia-Laos-Myanmar-Vietnam (CLMV) Summit.

We express our pride in the Senior General and extend our congratulations for his contributions to advancing Myanmar's political, economic, and education sectors, as well as on his assumption of the ACMECS chairmanship.

**All Myanmar Hindu Central Council**

ALL MYANMAR TAMIL HINDU FOUNDATION (H.Q.)
No. 111/113, 54th Street, 4th Quarter, Botahtaung Township, Yangon.
Tel. 01 296323, 01 298962, 01 299241

## Statement of special pride and congratulations from All Myanmar Tamil Hindu Foundation (H.Q.)

State Administration Council Chairman and Prime Minister, Senior General Min Aung Hlaing, attended the 8th Greater Mekong Subregion Summit, the 10th Ayeyawady-Chao Phraya-Mekong Economic Cooperation Strategy (ACMECS) Summit, and the 11th Cambodia-Laos-Myanmar-Vietnam (CLMV) Summit in the People's Republic of China.

We take pride in his success in encouraging international business investment in Myanmar, initiating projects that benefit the country, and assuming the chairmanship of ACMECS. Congratulations are extended for his achievements in these areas.

**All Myanmar Tamil Hindu Foundation (H.Q.)**

# Myinmu Township expands sunflower cultivation with plans for over 17,000 acres in upcoming winter season



A thriving sunflower plantation.

**Myinmu November 11**

According to reports from the Agriculture Department of the Sagaing District, in the Myinmu Township of the Sagaing Region, a total of 13,375 acres of sunflower crops have already been cultivated this year during the winter planting season.

For the 2024-2025 winter planting season, a total of 17,175 acres of sunflower crops are planned to be cultivated in Myinmu Township. The planting began in October of this year, and so far, 13,375 acres have already been completed.

"This year, the Myinmu Township is aiming to plant over 17,000 acres of sunflower crops. To date, more than 13,000 acres have already been cultivated. We are working to ensure that the planned acreage is fully planted. To reduce the reliance on imported cooking oil, we are expanding the cultivation of sunflowers, which are an oil crop. Sunflowers have a higher oil yield per acre compared to other oil crops, such as peanuts and sesame. We only cultivate sunflowers in the winter," said Daw Thida Lwin, the head of the Agriculture Department in Sagaing District.

To expand sunflower crop cultivation in Myinmu Township, the township's Agriculture Department is conducting educational training sessions and providing training to employees and farmers to enhance their capabilities. It has also been reported that plans are in place to support farmers with seeds and to facilitate the sale of udeia fertilizer at reasonable prices. Additionally, new sunflower varieties will be distributed to farmers through a farmer-to-farmer exchange system. 206

# Kawlin District finishes cultivation of more than 2,000 acres of vegetables

**Kawlin November 11**

The statistics of Kawlin District Agriculture Department stated that a total of 2,158 acres of vegetables has been planted in the district of Sagaing Region this winter.

Local authorities earmarked cultivation of 6,152 acres of vegetables in Kawlin District in 2024-25 cold season, and local farmers have planted 2,158 acres against the target.

U Win Thein, Head of Kawlin District Department of Agriculture, said: "We planned to grow more than 6,000 acres of vegetables in the district but local farmers have planted more than 2,000 acres of crops. They are trying hard to meet the target. They grow mustard, chilli, spicy, potato, cabbage, eggplants, Chinese cabbage and cauliflower. We raised farmer awareness to grow crops with GAP system for production of healthy crops with least chemical residues."

This year, Kawlin Township planted 588 acres of vegetables, Wuntho Township 220 acres and Pinlebu Township 1,350 acres, totalling 2,158 acres.

The Township Department of Agriculture conducted training course for growing vegetables to enhance capacity of farmers and departmental staff. Moreover, farmers are urged to produce healthy crops and expand sown acreage of vegetables.

Seasonal vegetable plantations are thriving in Kawlin District. Hence, local farmers can earn incomes from sale of vegetables. Officials of the relevant Agriculture Department help local farmers use good agricultural techniques in growing vegetables, prevent pests and systematically broadcast fertilizers and pests. 206

# Ishiba reelected Japanese PM, tough tasks ahead

**Tokyo November 11**

Leader of Japan's ruling Liberal Democratic Party (LDP) Shigeru Ishiba was reinstated for a second term as the country's prime minister on Monday after securing the most votes in both houses of the parliament.

The Japanese Diet convened an extraordinary session in the afternoon to choose the new prime minister. As the ruling coalition of the LDP and Komeito lost its long-held majority in the general election last month, the vote ran into a runoff between Ishiba and major opposition Constitutional Democratic Party leader Yoshihiko Noda as none of the candidates gained an outright majority.

In the runoff voting, the first in 30 years for the House of Representatives, 67-year-old Ishiba received 221 votes, outperforming Noda's 160 to become the country's 103rd prime minister despite falling short of the 233 majority threshold.

He will later be formally inaugurated at a ceremony at the Imperial Palace and hold a press conference in the evening. Cabinet appointments will soon be made, and Chief Cabinet Secretary Yoshimasa Hayashi is expected to announce the list of ministers for the second Ishiba Cabinet.

Ishiba took office as the country's 102nd prime minister in early October and promptly called a snap election, aiming to solidify his position. But instead of a strengthened mandate, he faced a significant setback as voters, frustrated by rising inflation and a slush fund scandal, handed the ruling bloc its worst performance since 2009.

The LDP and Komeito got a total of 215 of the 465 seats in the powerful chamber of parliament, below the 233 seats needed for the majority. The LDP alone won 191 seats, much less than the 247 seats it held prior to the election.

Xinhua



Lawmakers attend a session at the House of Representatives of the National Diet in Tokyo, Japan, Nov. 11, 2024.





နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဥက္ကဋ္ဌ သန်လျင်မြို့ မင်းကျောင်းပထမပြန်စာသင်တိုက် ပဓာနနာယက အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဒေါက်တာ ဘဒ္ဒန္တစန္ဒိမာဘိဝံသထံမှ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်၊ဇနီး ဒေါ်ကြူကြူလှနှင့် အခမ်းအနားတက်ရောက်လာကြသည့် ဧည့်ပရိသတ်အပေါင်းတို့က ငါးပါးသီလခံယူဆောက်တည်ကြစဉ်။



နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဥက္ကဋ္ဌ သန်လျင်မြို့ မင်းကျောင်းပထမပြန်စာသင်တိုက် ပဓာနနာယက အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဒေါက်တာ ဘဒ္ဒန္တစန္ဒိမာဘိဝံသထံ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့်ဇနီး ဒေါ်ကြူကြူလှတို့က ကထိန်သင်္ကန်းနှင့်လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းစဉ်။



သန်လျင်မင်းကျောင်းဆရာတော်ကြီး အမှူးပြုသည့် ဆရာတော်၊ သံဃာတော်များအား နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့်ဇနီး ဒေါ်ကြူကြူလှတို့က နေ့ဆွမ်းဆက်ကပ်လှူဒါန်းစဉ်။



နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ အကျိုးတော်ဆောင် မန္တလေးမြို့ မစိုးရိမ်တိုက်သစ် မဟာနာယက ဓမ္မသမိဒ္ဓိကျောင်းဆရာတော် အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ မဟာဓမ္မကထိက ဗဟုဇနဟိတဓရ ဘဒ္ဒန္တဝါသေဋ္ဌာဘိဝံသထံ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်းနှင့်ဇနီး ဒေါ်သန်းသန်းနွယ်တို့က ကထိန်သင်္ကန်းနှင့် လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းစဉ်။



ဆရာတော်၊ သံဃာတော်များအား နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်းနှင့်ဇနီး ဒေါ်သန်းသန်းနွယ်တို့က နေ့ဆွမ်းဆက်ကပ်လှူဒါန်းစဉ်။

⚐ ရှေ့ဖုံးမှအဆက်

နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ အကျိုးတော်ဆောင် မန္တလေးမြို့ မစိုးရိမ်တိုက်သစ် မဟာနာယက ဓမ္မသမိဒ္ဓိကျောင်းဆရာတော် အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ မဟာဓမ္မကထိက ဗဟုဇနဟိတဓရ ဘဒ္ဒန္တဝါသေဋ္ဌာ ဘိဝံသ၊ ရွှေကျင်နိကာယ ဥပဥက္ကဋ္ဌ တွဲဖက်ရွှေကျင်သာသနာပိုင် မဟာသုဗောဓာရုံကျောင်းတိုက်များ၏ မဟာနာယက အဘိဓဇမဟာရဋ္ဌဂုရု ပါမောက္ခချုပ်ဆရာတော်ကြီး ဒေါက်တာ ဘဒ္ဒန္တနန္ဒမာလာဘိဝံသနှင့် ဥပ္ပါတသန္တိစေတီတော် ဂေါပကအဖွဲ့ဩဝါဒါစရိယဆရာတော်ကြီးများ အမှူးပြုသည့် ပင့်ဖိတ်ထားသော ဆရာတော်ကြီး ၂၇ ပါး ကြွရောက်ချီးမြှင့်တော်မူကြပြီး နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့်ဇနီး ဒေါ်ကြူကြူလှတို့နှင့်အတူ ကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်းနှင့်ဇနီး ဒေါ်သန်းသန်းနွယ်၊ ကောင်စီအတွင်းရေးမှူးနှင့်ဇနီး၊တွဲဖက်အတွင်းရေးမှူးနှင့်ဇနီး၊ ကောင်စီဝင်များနှင့်ဇနီးများ၊ ပြည်ထောင်စုအဆင့်ပုဂ္ဂိုလ်များ၊ ပြည်ထောင်စုဝန်ကြီးများနှင့်ဇနီးများ၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ အဆင့်မြင့်တပ်မတော် အရာရှိကြီးများနှင့်ဇနီးများ၊ နေပြည်တော်တိုင်းစစ်ဌာနချုပ် တိုင်းမှူးနှင့်တာဝန်ရှိသူများ တက်ရောက်ကြသည်။

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်သည် သာသနာ့မဟာဗိမာန်တော်အတွင်းရှိ ဗုဒ္ဓရုပ်ပွားတော်မြတ်အား ဖူးမြော်ကြည်ညို၍ မြသပိတ်ဆွမ်းတော်၊ ပန်း၊ ရေချမ်း၊ ဆီမီးနှင့် သစ်သီးတို့ကို ဆက်ကပ်လှူဒါန်းသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အခမ်းအနား တက်ရောက်လာသည့် ဧည့်ပရိသတ်များသည် ကထိန်ခံ နေပြည်တော် ဥတ္တရသီရိမြို့နယ် ဝဇီရာနန္ဒ သုဗောဓာရုံကျောင်းတိုက်သို့ လှူဒါန်းရန် ခင်းကျင်းပြင်ဆင်ထားသည့် ကထိန်လျာ သင်္ကန်း၊ လှူဖွယ်ပစ္စည်းများနှင့် ပဒေသာ





နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် သာသနဒ္ဓဇမဟာဗိမာန်တော်အတွင်းရှိ ဗုဒ္ဓရုပ်ပွားတော်မြတ်အား ဖူးမြော်ကြည်ညို၍ မြသပိတ်ဆွမ်းတော်၊ ပန်း၊ ရေချမ်း၊ ဆီမီးနှင့် သစ်သီးတို့ကို ဆက်ကပ်လှူဒါန်းစဉ်။

ပင်များကို လှည့်လည်ကြည့်ရှုကြသည်။

ယင်းနောက် အခမ်းအနားကို "နမောတဿ" သုံးကြိမ်ရွတ်ဆိုဘုရားကန်တော့ဖွင့်လှစ်ပြီး နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အခမ်းအနား တက်ရောက်လာကြသည့် ဧည့်ပရိသတ်အပေါင်းတို့သည် သန်လျင်မင်းကျောင်း ဆရာတော်ကြီးထံမှ ငါးပါးသီလ ခံယူဆောက်တည်၍ သံဃာတော်အရှင်သူမြတ်များ ရွတ်ပွားသရဇ္ဈာယ်တော်မူသော မေတ္တသုတ်ပရိတ်တရားတော်များကို နာယူကြသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် ဇနီးတို့သည် သန်လျင်မင်းကျောင်း ဆရာတော်ကြီးထံ ကထိန်သင်္ကန်းနှင့် လှူဖွယ်ပစ္စည်းများကိုလည်းကောင်း၊ ကထိန်အလှူခံကျောင်း နေပြည်တော် ဥတ္တရသီရိ




သန်လျင်မင်းကျောင်း ဆရာတော်ကြီး အမှူးပြုသည့် ဆရာတော်၊ သံဃာတော်များအား နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့်ဇနီး ဒေါ်ကြူကြူလှတို့က နေ့ဆွမ်းဆက်ကပ်လှူဒါန်းစဉ်။





နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့်ဇနီး ဒေါ်ကြူကြူလှ၊ အခမ်းအနားတက်ရောက်လာကြသည့် ဧည့်ပရိသတ်များက ကထိန်ခံ နေပြည်တော် ဥတ္တရသီရိမြို့နယ် ဝဇိရာနန္ဒသုဗောဓာရုံကျောင်းတိုက်သို့ လှူဒါန်းရန် ခင်းကျင်းပြင်ဆင်ထားသည့် ကထိန်လျာသင်္ကန်း၊ လှူဖွယ်ပစ္စည်းများနှင့် ပဒေသာပင်များကို လှည့်လည်ကြည့်ရှုစဉ်။

မြို့နယ် ဝဇိရာနန္ဒသုဗောဓာရုံကျောင်းတိုက် ပါမောက္ခချုပ်ဆရာတော်ကြီးထံ ကထိန်လျာသင်္ကန်းနှင့် လှူဖွယ်ပစ္စည်းများကိုလည်းကောင်း ဆက်ကပ်လှူဒါန်းသည်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ်နှင့်ဇနီးတို့သည် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ အကျိုးတော်ဆောင် မန္တလေးမြို့ မစိုးရိမ်တိုက်သစ်မဟာနာယက ဓမ္မသမိဒ္ဓိကျောင်းဆရာတော်ကြီးထံ ကထိန်သင်္ကန်းနှင့် လှူဖွယ်ပစ္စည်းများကို ဆက်ကပ်လှူဒါန်းသည်။

ဆက်လက်ပြီး ကောင်စီအတွင်းရေးမှူးနှင့်ဇနီး၊ တွဲဖက်အတွင်းရေးမှူးနှင့်ဇနီး၊ ကောင်စီဝင်များနှင့်ဇနီးများက ဆရာတော်၊ သံဃာတော်များထံ ကထိန်သင်္ကန်းနှင့် လှူဖွယ်ပစ္စည်းများကို အသီးသီးဆက်ကပ်လှူဒါန်းကြသည်။

၎င်းနောက် ပျဉ်းမနားမြို့၊ အုန်းတောကျောင်းတိုက်ဆရာတော်နှင့် တပ်ကုန်းမြို့ ငွေတောင်တောရကျောင်းတိုက် တိုက်အုပ်ဆရာတော်တို့က ကထိန်အမေးအဖြေများကို ဆောင်ရွက်ကြသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အခမ်းအနား တက်ရောက်လာကြသည့် ဧည့်ပရိသတ်အပေါင်းတို့သည် ပါမောက္ခချုပ်ဆရာတော်ကြီးထံမှ ကထိန်အနုမောဒနာတရားနာယူကြပြီး နိုင်ငံတော်သံဃမဟာနာယကအဖွဲ့


**စာမျက်နှာ ၁၈ သို့**



ဆရာတော်ထံ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအတွင်းရေးမှူး ဗိုလ်ချုပ်ကြီးအောင်လင်းဒွေးနှင့်ဇနီးတို့က ကထိန်သင်္ကန်းနှင့်လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းစဉ်။



ဆရာတော်ထံ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီတွဲဖက်အတွင်းရေးမှူး ဗိုလ်ချုပ်ကြီးရဲဝင်းဦးနှင့်ဇနီးတို့က ကထိန်သင်္ကန်းနှင့်လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းစဉ်။



ဆရာတော်ထံ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဗိုလ်ချုပ်ကြီးမြထွန်းဦးနှင့်ဇနီးတို့က ကထိန်သင်္ကန်းနှင့်လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းစဉ်။



ဆရာတော်ထံ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဗိုလ်ချုပ်ကြီးတင်အောင်စန်းနှင့်ဇနီးတို့က ကထိန်သင်္ကန်းနှင့်လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းစဉ်။



ဆရာတော်ထံ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဗိုလ်ချုပ်ကြီးမောင်မောင်အေးနှင့်ဇနီးတို့က ကထိန်သင်္ကန်းနှင့်လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းစဉ်။



ဆရာတော်ထံ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဗိုလ်ချုပ်ကြီးညိုစောနှင့်ဇနီးတို့က ကထိန်သင်္ကန်းနှင့်လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းစဉ်။

**စာမျက်နှာ ၁၇ မှအဆက်**

အကျိုးတော်ဆောင် မန္တလေးမြို့ မစိုးရိမ်တိုက်သစ်မဟာနာယက ဓမ္မသမိဒ္ဓိကျောင်းဆရာတော်ကြီးထံမှ ရေစက်ချတရားနာယူ၍ လှူဒါန်းမှုအစုစု အတွက် ရေစက်သွန်းချအမျှပေးဝေကြသည်။

ယင်းနောက် "ဗုဒ္ဓသာသနံ စိရံတိဋ္ဌတု" သုံးကြိမ်ရွတ်ဆိုဆုတောင်း၍ အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။ အခမ်းအနားအပြီးတွင် သန်လျင်မင်းကျောင်းဆရာတော်ကြီးအမှူးပြုသည့် ဆရာတော်၊ သံဃာတော်များအား နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌနှင့်ဇနီး၊ ဧည့်ပရိသတ်များက နေ့ဆွမ်းဆက်ကပ်လှူဒါန်းခဲ့သည်။

ယနေ့ ကျင်းပပြုလုပ်သည့် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ၂၀၂၄ ခုနှစ် ကထိန်သင်္ကန်းဆက်ကပ်လှူဒါန်းပွဲ အခမ်းအနားတွင် ပဒေသာပင် ၄၉ ပင်၊ တန်ဖိုးငွေကျပ် ၅၃၂၃၃၃၄၀ နှင့် လှူဒါန်းငွေကျပ် ၈၀၆၉၀၈၀၀ ဖြစ်သဖြင့် စုစုပေါင်း လှူဒါန်းမှုမှာ တန်ဖိုးငွေကျပ် ၁၃၃၉၂၄၁၄၀ ဖြစ်ကြောင်း သတင်းရရှိသည်။

(၅၀၁)


---

## "ပြည်သူ့ကြားက ပြည်သူ့စကား" အစီအစဉ်

မျက်မှောက်ကာလတွင်ဖြစ်ပွားလျက်ရှိသော လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေးနှင့် အကြမ်းဖက်မှုတားဆီးရေးဆိုင်ရာကိစ္စရပ်များနှင့်ပတ်သက်၍ ပရိသတ်များ၏ ရင်တွင်းခံစားချက်စကားသံများကို သဇင်FM၏ **"ပြည်သူ့ကြားကပြည်သူ့စကား"** အစီအစဉ်မှ **"အရိပ်လည်းနေအခက်လည်းချိုးကြသော PDF အကြမ်းဖက်များမှ အုန်းပေါင်းရွာက ကျောင်းထိုင်ဆရာတော်အား သတ်ဖြတ်သွား"** ခေါင်းစဉ်ဖြင့် ၁၃-၁၁-၂၀၂၄ ရက် မွန်းလွဲ ၁ နာရီတွင် ထုတ်လွှင့်တင်ဆက်ပေးသွားမည်ဖြစ်ပါသည်။ လာမည့်အပတ် ဗုဒ္ဓဟူးနေ့ မွန်းလွဲ ၁ နာရီတွင် **"အကြမ်းဖက်သမားတွေရဲ့ လက်သုံးစကား ဒလန်ဆိုတဲ့ခေါင်းစဉ်အောက်မှာ အပြစ်မဲ့ပြည်သူများ သတ်ဖြတ်ခံနေရ"** ခေါင်းစဉ်ဖြင့် ဆွေးနွေးတင်ဆက်မည်ဖြစ်သောကြောင့် ပါဝင်ဆွေးနွေးလိုသူပရိသတ်များအနေဖြင့် အပတ်စဉ်ကြာသပတေးနေ့ နံနက် ၁၀ နာရီ မှ ၁၁ နာရီအတွင်း ဖုန်းနံပါတ် ၀၉-၈၉၉၀၉၉၅၉၅ သို့ အမည်၊ နေရပ်လိပ်စာ၊ အလုပ်အကိုင်နှင့် ပြန်လည်ဆက်သွယ်ရမည့် ဖုန်းနံပါတ်တို့ကို Message ပေးပို့ပါဝင်နိုင်ပြီဖြစ်ကြောင်းနှင့် ပါဝင်လာသည့် ပရိသတ်များ၏ ဖုန်းနံပါတ်များနှင့် ကိုယ်ရေးအချက်အလက်များကို လျှို့ဝှက်ပေးထားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

# သမိုင်းတွင်မည့် သမိုင်းဝင်ခြေလှမ်းများ

ညိုမောင်





စာရေးသူလုပ်ငန်းခွင်မှ သက်ပြည့်ပင်စင်ယူခဲ့သည်မှာ ဆယ်စုနှစ်တစ်ခုမျှကြာမြင့်ခဲ့ပါပြီ။ လျင်မြန်စွာစီးဆင်းနေသော သတင်းခေတ်ကြီးထဲတွင် မျက်မှောက်ခေတ် ကမ္ဘာ့အရေး၊ နိုင်ငံ့အရေးများနှင့် မျက်ခြည်မပြတ်စေခြင်းငှာ သတင်းများကို နေ့စဉ် စားသုံးနေရပါသည်။


သတင်းများ စီးဆင်းပုံကလည်း အမျိုးမျိုးဖြစ်သည်။ လူမှုကွန်ရက်မီဒီယာများတွင် သတင်းများက အဆီးအတားမရှိ အရှိန်အဟုန်ပြင်းပြင်းဖြင့် စီးဆင်းနေကြသည်။ သို့သော် တာဝန်ယူမှု၊ တာဝန်ခံမှုကင်းမဲ့နေတတ်သည်။ သတင်းများ၏ မှန်ကန်စိတ်ချရမှုတန်ဖိုးက အထိန်းအကွပ်မဲ့စွာ ပရမ်းပတာဖြစ်နေတတ်သည်။ တစ်ဖက်တွင် တရားဝင်ထုတ်ဝေနေသည့် ပုံနှိပ်မီဒီယာများရှိသည်။ သတင်းစီးဆင်းမှုအနည်းငယ်ကြန့်ကြာသည်ဟု ထင်ရသော်လည်း ၎င်းတို့၏အားသာချက်မှာ ရာနှုန်းပြည့် မှန်ကန်စိတ်ချရမှုရှိခြင်းပင်ဖြစ်သည်။ အဆင့်ဆင့်သော နေရာဌာနတိုင်းတွင် တာဝန်ယူမှု၊ တာဝန်ခံမှုအပြည့်ဖြင့် သတင်းစစ်၊ သတင်းမှန်များကို ပြည်သူလူထုလက်ဝယ်သို့ ပို့ဆောင်ပေးနေကြခြင်းဖြစ်သည်။

စာရေးသူတို့အိမ်တွင် မြန်မာ့အလင်း၊ ကြေးမုံနှင့် မြဝတီသတင်းစာ သုံးစောင်လုံးယူထားသည်။ ဈေးနှုန်းများကလည်း သင့်တင့်မျှတသည်။ သတင်းစာသုံးစောင်လုံးအတွက် တစ်လတာကျသင့်ငွေမှာ လက်ဖက်ရည်ဝိုင်း တစ်ဝိုင်းစာမျှသာရှိသည်။ ကျေနပ်စရာအကောင်းဆုံးမှာ စာရေးသူအဖို့ လက်ရှိဖြစ်ပျက်နေသော အခြေအနေများကို ခိုင်ခိုင်လုံလုံ၊ တိတိကျကျနှင့် မှန်မှန်ကန်ကန်သုံးသပ်နိုင်ရန်အတွက် အထောက်အပံ့ကောင်းများ ရရှိစေခြင်းပင်ဖြစ်သည်။

၂၀၂၄ ခုနှစ် နိုဝင်ဘာလ ၄ ရက်တွင် နိုင်ငံတော်အကြီးအကဲ တရုတ်ပြည်သူ့သမ္မတနိုင်ငံသို့ သွားရောက်မည့်အကြောင်း သတင်းစာသုံးစောင်လုံး၏ ရှေ့ဖုံးတွင် ထည့်သွင်းဖော်ပြထားသည်ကို ဖတ်လိုက်ရသည်။ သွားမည့်အကြောင်းအရာက သာမန်ချစ်ကြည်ရေးခရီးစဉ်သဘောမျိုးမဟုတ်။ နိုင်ငံတော်နှင့် ပြည်သူအတွက် ကြီးလေးသော တာဝန်ဝတ္တရားများပါသည်ကို တွေ့ရသည်။ တိုင်းပြည်နှင့် လူမျိုးအတွက် အကျိုးဖြစ်ထွန်းစေမည့် ကြီးမားသော ဆောင်ရွက်ချက်များပါသည်ကို တွေ့ရသည်။

ခရီးစဉ်၏ အတိမ်အနက်ကို တွေးဆကြည့်မိရုံနှင့်ပင် ပင်စင်စားတစ်ဦးဖြစ်သော စာရေးသူစိတ်ထဲတွင် အမိနိုင်ငံကို တိုးတက်ဖြစ်ထွန်းစေချင်သော ဝန်ထမ်းကောင်းတစ်ယောက်၏အားမာန်များပြန်လည်နိုးကြား တက်ကြွလာသည်အထိ ခံစားရမိသည်။

အမှန်တရားက ဖိနပ်စီးနေဆဲတွင် မုသားက ကမ္ဘာတစ်ပတ်ပတ်ခဲ့ပြီဆိုသည့် အတိုင်းပင် စာရေးသူတို့နိုင်ငံအပေါ် ဆန့်ကျင်ဘက် သဘောထားအမြင်ရှိသော လူပုဂ္ဂိုလ်များ၊ အဖွဲ့အစည်းများနှင့် နိုင်ငံတချို့၏ မိုးလုံးပြည့်မုသာဝါဒလှိုင်းလုံးများမှာ ကြောက်ခမန်းလိလိပင်ဖြစ်သည်။ နိုင်ငံတော်အစိုးရနှင့် နိုင်ငံချစ်စိတ်ထက်သန်ပြင်းပြသော ပြည်သူတို့၏ လက်တွဲညီညီ ခုခံကာကွယ်နိုင်မှုများကြောင့်သာ ၎င်းတို့တစ်တွေထင်သလောက် ခရီးမပေါက်ကြခြင်းဖြစ်သည်။



ဤသို့သော အခြေအနေမျိုးတွင် နိုင်ငံတော်အကြီးအကဲ၏ အနှစ်သာရပြည့်ဝသော ပြည်ပခရီးစဉ်အပေါ်ကျေနပ်အားရဖြစ်မိခြင်းမှာ နိုင်ငံနှင့်လူမျိုးအကျိုးကို လိုလားသော မည်သည့်နိုင်ငံသားမဆို စာရေးသူနှင့်ထပ်တူ ခံစားမိကြမည်သာဖြစ်သည်။

မြန်မာစကားပုံတွင် "သမင်ဆယ်လှမ်း ကျားတစ်လှမ်း"ဟု ဆိုရိုးရှိသည်။ နိုင်ငံတော်အကြီးအကဲ၏ နောက်ဆက်တွဲခရီးစဉ်သတင်းများကို စောင့်ကြည့်လေ့လာရင်း ထိုဆိုရိုးစကားကို စာရေးသူသတိရမိသည်။ ဝန်ထမ်းဟောင်းတစ်ယောက်၊ ပြည်သူတစ်ယောက်အနေနှင့် နှစ်ထောင်းအားရရှိလှသောကြောင့်ဖြစ်သည်။

နိုင်ငံတော်အကြီးအကဲ ဦးဆောင်သော အဆင့်မြင့်ကိုယ်စားလှယ်အဖွဲ့သည် နိုဝင်ဘာလ ၅ ရက် နံနက်ပိုင်းတွင် ခရီးစဉ်ကို စတင်ထွက်ခွာကြသည်။ ကူမင်းမြို့အပြည်ပြည်ဆိုင်ရာလေဆိပ်တွင် တာဝန်ရှိသူများနှင့် ဒေသခံတိုင်းရင်းသားများက လှိုက်လှဲနွေးထွေးစွာ ကြိုဆိုကြသည့် သတင်းဓာတ်ပုံများကို မြင်ရသည်တွင် စာရေးသူစိတ်၌ အတွေးတစ်ရပ်ဖြစ်ပေါ်လာသည်။ မုသားက ကမ္ဘာတစ်ပတ်ခရီးပတ်ခဲ့သည် ဆိုသော်ငြားသူတကာတို့၏ အိမ်နောက်ဖေးမှ ကုပ်ချောင်းချောင်း ပတ်ခဲ့ရခြင်းသာဖြစ်ပြီး အမှန်တရားသည်ကား အိမ်ရှေ့တံခါးမကြီးမှ ခံ့ခံ့ထည်ထည်ဝင်ရောက်၍ ဧည့်ခန်းဆောင်သာတွင် တန်းတူရည်တူ တွေ့ဆုံဆွေးနွေးရခြင်းဖြစ်သည်ဆိုသော အကြောင်းခြင်းရာပင်ဖြစ်ပါ၏။

ဆန့်ကျင်ဘက်အဖွဲ့အစည်းများ၏ အပုပ်ချတွန်းတိုက်မှုများအပေါ် နိုင်ငံတော်အစိုးရ၏ လမ်းကြောင်းမှန်မှန်၊ ခြေလှမ်းမှန်မှန်ဖြင့် တည်ငြိမ်သော တုံ့ပြန်ဆောင်ရွက်နေမှုများမှာ "ပြစ်မရှိပြစ်ရှာ၊ လမင်းကို ခွေးဟောင်လို့၊ ရွှေလရောင်ပြောင်မပျက်တယ်၊ ထွန်းလျက်ပင်သာ၊ မြရွှေဂူပတ္တမြားကိုလ၊ ဝက်များက ပြူစူစွာ၊ ညွန်လူးကာ တိုက်နဲ့၊ ပွတ်လေလေ၊ ဂူရွှေမှာ အရောင်ထွက်တယ်၊ ရှေးကထက်ကဲ"ဆိုသည့် မန်လည်ဆရာတော်ကြီး၏ ပတ္တမြားရွှေဂူ

စာမျက်နှာ ၂၀ သို့



စာမျက်နှာ ၁၉ မှအဆက်
ကဗျာကိုပင် သတိရဖွယ်ဖြစ်သည်။

နိုင်ငံတော်အကြီးအကဲသည် ခရီးရောက်မဆိုက်မှာပင် ကူမင်းမြို့ HUA-LUXE Kunming Hotel ဟိုတယ်၌ တရုတ်-မြန်မာရင်းနှီးမြှုပ်နှံမှုလုပ်ငန်းရှင်များနှင့် တွေ့ဆုံသည်။ အမှာစကားပြောကြားရာတွင် တရုတ်နိုင်ငံက ဦးစီးဆောင်ရွက်နေသည့် ကမ္ဘာလုံးဆိုင်ရာဖွံ့ဖြိုးတိုးတက်မှု ဦးဆောင်ဦးရွက်ပြုမှုအစီအစဉ် (Global Development Initiatives-GDI)တွင် ပါဝင်သည့် ဦးစားပေးနယ်ပယ်ရှစ်ခုတွင် မြန်မာနိုင်ငံနှင့် ကိုက်ညီသည့်ကဏ္ဍများစွာပါဝင်နေသည့်အကြောင်း၊ စီးပွားရေး လုပ်ငန်းရှင်များအနေဖြင့် ရင်းနှီးမြှုပ်နှံမှုများဆောင်ရွက်ရန် အခွင့်အလမ်းများပင်ဖြစ်ကြောင်း၊ မြန်မာနိုင်ငံအနေဖြင့် စိုက်ပျိုးရေးဖွံ့ဖြိုးတိုးတက်ရေးမဟာဗျူဟာနှင့် ရင်းနှီးမြှုပ်နှံမှုစီမံကိန်းများအရ တီထွင်ဆန်းသစ်မှုမှ တစ်ဆင့် ကုန်ထုတ်လုပ်မှုစွမ်းအားနှင့် ယှဉ်ပြိုင်နိုင်စွမ်းအားတို့ကို အဓိကမြှင့်တင်သွားမည် ဖြစ်သည့်အကြောင်း သတင်းစကားပေးပို့ခဲ့ရာ နိုင်ငံတော်အကြီးအကဲ၏ စီးပွားရေးအမြင်ကျယ်ပြန့်နက်ရှိုင်းမှုနှင့် သိမ်မွေ့ညင်သာသော သံတမန်စွမ်းရည်ကို အထင်းသားတွေ့မြင်ခဲ့ရသည်။ မြန်မာနိုင်ငံတွင် ရင်းနှီးမြှုပ်နှံလိုသည့် ပုဂ္ဂိုလ်များနှင့် ရင်းနှီးမြှုပ်နှံထားသည့် တရုတ်စီးပွားရေးလုပ်ငန်းရှင်များ၏ ထက်သန်တက်ကြွစွာပါဝင်ဆွေးနွေးကြမှုများကလည်း အားရဖွယ်ဖြစ်သည်။

နိုင်ငံတော်အကြီးအကဲ ဦးဆောင်သော အဆင့်မြင့်ကိုယ်စားလှယ်အဖွဲ့မှာ တိုင်းကျိုးပြည်ကျိုး ရွက်သယ်ပိုးသည့်နေရာတွင် "စက္ကန့်လေးတွေ စိန်စီထားသည်" ဟု ဆိုရမတတ်ပင် အချိန်ကို တလေးတစား တန်ဖိုးထားကြပုံရသည်။ စာရေးသူမှာ သတင်းဆက်များကို တရှိုက်မက်မက် လိုက်လံဖတ်ရှုရင်းသူတို့တစ်တွေ၏ အချိန်ရှိခိုက် လုံ့လစိုက်ကြပုံများကို အံ့သြဘနန်းဖြစ်နေမိသည်။

ညနေပိုင်းရောက်ပြန်တော့ ကူမင်းမြို့ရှိ Haigeng Hotel ဧည့်ခန်းမဆောင်တွင် တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ တရုတ်ကွန်မြူနစ်ပါတီ၊ ဗဟိုကော်မတီအဖွဲ့ဝင်နှင့် ယူနန်ပြည်နယ်ပါတီကော်မတီအတွင်းရေးမှူး H.E.Mr.Wang Ning နှင့် တွေ့ဆုံဆွေးနွေးကြပြန်သည်။


မြန်မာနိုင်ငံနှင့် ယူနန်ပြည်နယ်အကြား နှစ်ဖက်ပူးပေါင်းဆောင်ရွက်မှုများကို ပိုမိုမြှင့်တင်နိုင်ရေးအတွက် နယ်စပ်တည်ငြိမ်အေးချမ်းရေးကို အလေးထားဆောင်ရွက်လျက်ရှိပုံနှင့် နယ်စပ်ဒေသ တည်ငြိမ်အေးချမ်းမှုသာလျှင် သွင်းကုန်၊ ပို့ကုန်ကဏ္ဍကို ပိုမိုဆောင်ရွက်နိုင်မည်ဖြစ်ပြီး စီးပွားရေးအရ ကူးလူးဆက်သွယ်မှုများ ပိုမိုအကောင်အထည်ဖော်နိုင်မည် ဖြစ်သောကြောင့် နှစ်နိုင်ငံအကြား နယ်စပ်ဒေသတည်ငြိမ်အေးချမ်းရေးကို အတူတကွပူးပေါင်း၍ အရှိန်မြှင့်တင် ဆောင်ရွက်သွားမည့်အခြေအနေများကို ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးကြခြင်းဖြစ်သည်။

ဆွေးနွေးကြသည့်အကြောင်းအရာများ၌ စကားလုံးတစ်လုံးချင်းစီကပင် နိုင်ငံနှင့်လူမျိုးအတွက် မွန်မြတ်မှန်ကန်သော စိတ်စေတနာကောင်းများနှင့် လက်ငင်းဒိဋ္ဌအကျိုးတရား ဖြစ်ထွန်းစေမှုများကို ဖော်ညွှန်းပေးနေသည်ဟု စာရေးသူခံစားမိသည်။

တစ်ချိန်သောအခါက တချို့သော ပုဂ္ဂိုလ်တို့သည် နိုင်ငံ့အကျိုးနှင့် နိုင်ငံ့အရေးတို့ထက် မိမိတို့တစ်စုတစ်ဖွဲ့အကျိုးကိုသာ မျှော်ကိုး၍ စာရေးသူတို့နိုင်ငံအပေါ် မည်သို့မည်ပုံ ပိတ်ဆို့အရေးယူသင့်ကြောင်း၊ ငြိမ်းချမ်းရေးစာချုပ်များတွင် အလျှင်စလို လက်မှတ်မထိုးသင့်ကြောင်းတို့ကို သဘောထားသေးသိမ်စွာ တွင်တွင်ဆိုခဲ့ကြသည်မဟုတ်လား။

ယခုခရီးစဉ်၌မူ ထိုသို့မဟုတ်လေပြီ။ နိုင်ငံတော်အကြီးအကဲ ဦးဆောင်သော





အဆင့်မြင့်ကိုယ်စားလှယ်အဖွဲ့၏ လှုပ်ရှားပုံ၊ ပြောဆိုဆွေးနွေးနေပုံတို့မှာ နိုင်ငံ့အကျိုးကို ဦးထိပ်ပန်ဆင်ပြီး ပြည်သူ့အရေးကို အလေးထားကြလေသဖြင့် မင်္ဂလာအပေါ်မင်္ဂလာဆင့်လျက် ကျေနပ်မဆုံးဖြစ်မိရသည်။ စာရေးသူမှာ နိုဝင်ဘာလ ၆ ရက်နေ့ထုတ်သတင်းစာများကို ကိုင်၍ မချင့်မရဲပင် ဖြစ်နေမိသည်။ လူငယ်များစကားကို ငှားသုံးရလျှင် နောက်ထပ်နောက်ထပ်သော တွေ့ဆုံဆွေးနွေးမှုများနှင့် သတင်းကောင်းများကို မစောင့်စားနိုင်အောင်ပင်ဖြစ်မိရပါ၏။

နိုင်ငံတော်အကြီးအကဲ ဆိုသည်မှာ နိုင်ငံ၏ အမိအဖပင်ဖြစ်သည်။ အမိအဖဟူသည် မိမိတို့၏ သားသမီးများအပေါ် နီးသည်ဝေးသည်မရှိ တူညီသောမေတ္တာဓာတ်ဖြင့် ဖေးမစောင့်ရှောက်ကြသည်သာဖြစ်ပါ၏။

နိုင်ငံတော်အကြီးအကဲသည် မအားလပ်သော လုပ်ငန်းတာဝန်များအကြားမှပင် နိုဝင်ဘာလ ၆ ရက် နံနက်ပိုင်းတွင် ကူမင်းမြို့ရှိ မြန်မာကောင်စစ်ဝန်ချုပ်ရုံး မိသားစုများနှင့် ပညာတော်သင်ကျောင်းသားများကို ရင်းနှီးနွေးထွေးစွာသွားရောက်တွေ့ဆုံခဲ့သည်။ ထို့အတူ နိုဝင်ဘာလ ၇ ရက် နံနက်ပိုင်းတွင် ချုံချင့်မြို့ရှိ မြန်မာကောင်စစ်ဝန်ချုပ်ရုံး မိသားစုများနှင့် ပညာတော်သင်ကျောင်းသားများကိုလည်း ရနိုင်သမျှ အချိန်ပေး၍ သွားရောက်တွေ့ဆုံခဲ့သည်။ အကြီးအကဲတစ်ယောက်၏ မိမိတပည့်သားမြေးများအပေါ်ထားရှိသည့် အကြားအလပ်မရှိသော ချစ်ခြင်းမေတ္တာကို ပြသလိုက်ခြင်းပင်ဖြစ်သည်။ရေခြားမြေခြားရောက်နေသည့်တိုင် ရနိုင်သမျှသောအချိန်ကလေးမှာပင် အပင်ပန်းခံ၍ ကြည့်ရှုစောင့်ရှောက်ပေးခြင်းဖြစ်သည်။ ထိုတပည့်သားမြေးတို့၏ တင်ပြချက်များကို အရေးတယူနားစွင့်၍ နွေးထွေးကြင်နာစွာ အားပေးစကားဆိုခြင်း၊ ဖြည့်ဆည်းဆောင်ရွက်ပေးခြင်းဖြစ်သည်။

နိုင်ငံတော် အကြီးအကဲအနေဖြင့် ပညာရေးနှင့်ပတ်သက်၍ အလေးထားစဉ်းစားတွေးခေါ်ဆောင်ရွက်နေသည်ကို အစည်းအဝေးများ၊ ခရီးစဉ်တွေ့ဆုံပွဲများမှ ပြောကြားချက်များမှတစ်ဆင့် စာရေးသူမကြာခဏမြင်တွေ့ကြားသိနေရသည်။ နိုင်ငံရပ်ခြားသို့ ပညာတော်သင်များ စေလွှတ်ခြင်းမှာ တန်ဖိုးရှိသော လူ့စွမ်းအားအရင်းအမြစ်များကို ရင်းနှီးမြှုပ်နှံပြုစုပျိုးထောင်ပေးနေခြင်းပင်ဖြစ်ပါ၏။ နိုင်ငံတော်အကြီးအကဲသည် ဝန်ထမ်းမိသားစုများနှင့် ပညာတော်သင်များကို နာယကဂုဏ်ခြောက်ပါးလာ "ဒယာ"တည်းဟူသော သနားချစ်ခင်ကြင်နာခြင်းတို့ဖြင့် လက်ဆောင်ပစ္စည်းများနှင့် ထောက်ပံ့ငွေများကို ကိုယ်တိုင်ကိုယ်ကျ ချီးမြှင့်ပေးအပ်လေသည်။ အကြီးအကဲကိုယ်တိုင်က လုံ့လဥဿာဟစိုက်ထုတ်၍ အလေးထားချီးမြှင့်ခြင်းဖြစ်သဖြင့် တပည့်သားမြေးတို့အဖို့ ရေခြားမြေခြား၌ စိတ်ဓာတ်ခွန်အားများမြင့်မားတိုးတက်လာကြမည်မှာ ဧကန်ဖြစ်သည်။

နိုင်ငံတော်အကြီးအကဲ၏ လုပ်ငန်းစဉ်အချိန်ဇယားမှာ အကြားအလပ်မှရှိပါလေစ။ ဌာနတစ်ခုတွင် အရာထမ်းတစ်ဦးဖြစ်ခဲ့ဖူးသော စာရေးသူ ကိုယ်ချင်းစာမိပါ၏။ အစိတ်အပိုင်းငယ်မျှဖြစ်သော ဌာနတစ်ခု၏ တာဝန်သည်ပင် လွယ်ကူလှသည်မဟုတ်ရာ ကြီးလေးသောနိုင်ငံ့တာဝန်များကို ဦးထိပ်ရွက်ထားရသူအဖို့ ဆိုဖွယ်ရာရှိမည်မထင်။ သို့သော် သတင်းဓာတ်ပုံများကို ကြည့်ရသည်မှာ သက်ဝင်ရှင်သန်လွန်းလှသည်။ ခေါင်းဆောင်၏ အပြုံးမှာ ကြည်လင်သည်။ လန်းဆန်းသည်။ မောပန်းသည်မရှိ။ ရွှင်လန်းမြဲရွှင်လန်းလျက်ရှိသည်ကို တွေ့ရပါ၏။ ခေါင်းဆောင်၏ခြေလှမ်းတို့မှာ အားမာန်ပါ၏။ တက်ကြွနေ၏။ ရှေ့ဆုံးမှ မားမားမတ်မတ် ဦးတည်လျှောက်လှမ်းနေသော ထိုခြေလှမ်းတို့မှာ သမိုင်းတွင်မည့်သမိုင်းဝင်ခြေလှမ်းများပင် ဖြစ်ပါ၏။ ထိုနေ့နံနက်ပိုင်းမှာပင် ထိပ်သီးအစည်းအဝေးတက်ရောက်ရန် ရောက်ရှိနေသည့်



စာမျက်နှာ ၂၁ သို့

စာမျက်နှာ ၂၀ မှအဆက်

ကမ္ဘောဒီးယားနိုင်ငံဝန်ကြီးချုပ်၊ လာအိုနိုင်ငံဝန်ကြီးချုပ်တို့နှင့် သီးခြားစီတွေ့ဆုံ၍ နှစ်နိုင်ငံချစ်ကြည်ရင်းနှီးမှုနှင့် ကဏ္ဍစုံဖွံ့ဖြိုးတိုးတက်မှုတို့အတွက် အမြင်ချင်းဖလှယ်ဆွေးနွေးကြသည်။ နိုင်ငံတော်အကြီးအကဲမှာ မောသည်ပန်းသည်မရှိ၊ အစည်းအဝေးများ၊ တွေ့ဆုံဆွေးနွေးမှုများကို တစ်ပွဲပြီးတစ်ပွဲ အားကြိုးမာန်တက်ဆောင်ရွက်လျက်ရှိသည်။

ထိုနေ့မွန်းလွဲပိုင်းတွင် နိုင်ငံတော်အကြီးအကဲ ဦးဆောင်သောအဆင့်မြင့်ကိုယ်စားလှယ်အဖွဲ့မှာ Haigeng Garden Hotel တွင် တရုတ်ပြည်သူ့သမ္မတနိုင်ငံဝန်ကြီးချုပ် H.E.Mr.Li Qiang နှင့် အဖွဲ့ကို လက်ခံတွေ့ဆုံကြသည်။

**နှစ်နိုင်ငံခေါင်းဆောင်များ၏ချစ်ကြည်ရင်းနှီးမှုကိုအခြေခံ၍အပြုသဘောဆောင်သော ဆွေးနွေးချက်များမှာ နိုင်ငံနှင့်လူမျိုးအတွက် ကျေနပ်အားရဖွယ်ပင်ဖြစ်၊ အချုပ်အခြာအာဏာ ခိုင်ခံ့တည်မြဲရေး၊ နယ်မြေဒေသတည်ငြိမ်အေးချမ်းရေးနှင့် လူမှုစီးပွားဘဝမြင့်မားတိုးတက်ရေးတို့အတွက် အပြန်အလှန်ကတိကဝတ်များနှင့် အားပေးထောက်ခံရပ်တည်မှုများမှာ သမနိရှည်ကြာခဲ့ပြီဖြစ်သည့် ဆွေမျိုးပေါက်ဖော်ဆက်ဆံရေး၏အနှစ်သာရကို ထပ်လောင်း၍ အဓိပ္ပာယ်ပြည့်ဝလေးနက်စေခဲ့သည်သာဖြစ်. . .**

နှစ်နိုင်ငံခေါင်းဆောင်များ၏ချစ်ကြည်ရင်းနှီးမှုကိုအခြေခံ၍ အပြုသဘောဆောင်သော ဆွေးနွေးချက်များမှာ နိုင်ငံနှင့်လူမျိုးအတွက် ကျေနပ်အားရဖွယ်ပင်ဖြစ်သည်။ အချုပ်အခြာအာဏာခိုင်ခံ့တည်မြဲရေး၊ နယ်မြေဒေသတည်ငြိမ်အေးချမ်းရေးနှင့် လူမှုစီးပွားဘဝမြင့်မားတိုးတက်ရေးတို့အတွက် အပြန်အလှန်ကတိကဝတ်များနှင့် အားပေးထောက်ခံရပ်တည်မှုများမှာ သမနိရှည်ကြာခဲ့ပြီဖြစ်သည့် ဆွေမျိုးပေါက်ဖော်ဆက်ဆံရေး၏အနှစ်သာရကို ထပ်လောင်း၍ အဓိပ္ပာယ်ပြည့်ဝလေးနက်စေခဲ့သည်သာဖြစ်ပါ၏။ ထိုတွေ့ဆုံပွဲတွင် ကဏ္ဍစုံအတွက် နားလည်မှုစာချွန်လွှာနှင့် သဘောတူစာချုပ်ခုနစ်ခုကို အောင်မြင်စွာချုပ်ဆိုနိုင်ခဲ့ကြသည်။

နိုင်ငံတော်အကြီးအကဲ၏ ခရီးစဉ်မှာ နိုင်ငံတော်နှင့်ပြည်သူအတွက် ကြီးလေးသောတာဝန်ဝတ္တရားများနှင့် တိုင်းပြည်နှင့် လူမျိုးအတွက် အကျိုးဖြစ်ထွန်းစေမည့် ကြီးမားသောဆောင်ရွက်ချက်များပါသည်ကို တွေ့ရှိရကြောင်း အထက်တွင် စာရေးသူဆိုခဲ့ပါသည်။ မှန်ပါ၏။ ထိပ်သီးအစည်းအဝေးကြီးများဖြစ်သော အဋ္ဌမအကြိမ်မြောက် မဟာမဲခေါင်ဒေသခွဲထိပ်သီးအစည်းအဝေး၊(၁၀)ကြိမ်မြောက် ဧရာဝတီ-ကျောက်ဖရား-မဲခေါင် စီးပွားရေးပူးပေါင်းဆောင်ရွက်မှု မဟာဗျူဟာထိပ်သီးအစည်းအဝေးနှင့် (၁၁)ကြိမ်မြောက် ကမ္ဘောဒီးယား-လာအို-မြန်မာ-ဗီယက်နမ် ပူးပေါင်းဆောင်ရွက်မှု ထိပ်သီးအစည်းအဝေးများသို့ ပါဝင်တက်ရောက်ရန်ပင်ဖြစ်သည်။

ထိုအစည်းအဝေးကြီးများ၏ အရေးပါအရာရောက်မှုကိုသိရှိနိုင်ရန် စာရေးသူအကျဉ်းမျှ တင်ပြလိုပါသည်။ မဟာမဲခေါင်ဒေသခွဲမှာ အင်ဒိုချိုင်းနားကျွန်းဆွယ်တွင်တည်ရှိပြီး မဲခေါင်မြစ်၏ နိုင်ငံဖြတ်ကျော်ဒေသတစ်ခုဟု ဆိုရပါမည်။ အာရှတွင်းခြောက်နိုင်ငံဖြစ်သည့် လာအို၊ ကမ္ဘောဒီးယား၊ မြန်မာ၊ ထိုင်း၊ ဗီယက်နမ်နှင့် တရုတ်နိုင်ငံတို့ ပါဝင်ပြီး တစ်နိုင်ငံချင်းစီအလိုက် အမျိုးသားအကျိုးစီးပွားခိုင်မာအားကောင်းစေရန် သယ်ယူပို့ဆောင်ရေးကဏ္ဍ၊ စွမ်းအင်ကဏ္ဍ၊ ဆက်သွယ်ရေးကဏ္ဍ၊ လယ်ယာစိုက်ပျိုးရေးကဏ္ဍ၊ သဘာဝပတ်ဝန်းကျင်ကဏ္ဍ၊ ခရီးသွားလုပ်ငန်းကဏ္ဍ၊ ကျန်းမာရေးကဏ္ဍ၊ ကုန်သွယ်ရေးနှင့် သယ်ယူပို့ဆောင်မှုလွယ်ကူချောမွေ့စေရေးကဏ္ဍ၊ မြို့ပြဖွံ့ဖြိုးတိုးတက်မှုကဏ္ဍ၊ အခြားကဏ္ဍပေါင်းစုံနှင့် နယ်စပ်ဖြတ်ကျော်စီးပွားရေးဇုန်များဆိုသည့် ကဏ္ဍအသွယ်သွယ်တွင် လုပ်ငန်းများ အောင်မြင်အောင် ပူးပေါင်းဆောင်ရွက်ကြခြင်းပင်ဖြစ်သည်။

နောက်ထပ်အစည်းအဝေးတစ်ခုမှာ ဧရာဝတီ-ကျောက်ဖရား-မဲခေါင် စီးပွားရေးပူးပေါင်းဆောင်ရွက်မှု မဟာဗျူဟာထိပ်သီးအစည်းအဝေးဖြစ်သည်။အဖွဲ့ဝင်နိုင်ငံများအဖြစ် ကမ္ဘောဒီးယား၊ လာအို၊ မြန်မာ၊ ထိုင်းနှင့် ဗီယက်နမ်နိုင်ငံတို့ ပါဝင်ကြသည်။အတိတ်နှင့်ပစ္စုပ္ပန်ကာလမှ ဆောင်ရွက်ခဲ့၊ ဆောင်ရွက်ဆဲဖြစ်သော အကြောင်းခြင်းရာများနှင့် အနာဂတ်မျှော်မှန်းချက်များကို ထောက်ချင့်၍ ဧရာဝတီ-ကျောက်ဖရား-မဲခေါင် စီးပွားရေးပူးပေါင်းဆောင်ရွက်မှု မဟာဗျူဟာအဖွဲ့ကြီးသည် အပြန်အလှန်လေးစားယုံကြည်မှု၊ စာနာနားလည်မှု၊ ညီတူညီမျှအကျိုးစီးပွားဖြစ်ထွန်းလိုမှုတို့ဖြင့် အရှိန်အဟုန်ပြင်းစွာ ရှေ့သို့ချီတက်လျက်ရှိသည်ဟု စာရေးသူ မမှိတ်မသုန်ယုံကြည်ပါ၏။

နောက်ဆုံးတစ်ခုမှာ ကမ္ဘောဒီးယား-လာအို-မြန်မာ-ဗီယက်နမ် ပူးပေါင်းဆောင်ရွက်မှုထိပ်သီးအစည်းအဝေးဖြစ်သည်။ ကုန်သွယ်ရေးနှင့် ရင်းနှီးမြှုပ်နှံမှုလွယ်ကူစေခြင်းနှင့်တိုးမြှင့်ပေးခြင်း၊စိုက်ပျိုးရေးလုပ်ငန်းတွင် ပူးပေါင်းဆောင်ရွက်ခြင်း၊ စက်မှုလုပ်ငန်းတွင် ပူးပေါင်းဆောင်ရွက်ခြင်း၊ စွမ်းအင်ကဏ္ဍတွင် ပူးပေါင်းဆောင်ရွက်ခြင်း၊ ပို့ဆောင်ရေးကဏ္ဍတွင် ပူးပေါင်းဆောင်ရွက်ခြင်း၊ သတင်းအချက်အလက်နှင့်နည်းပညာကဏ္ဍတွင် ပူးပေါင်းဆောင်ရွက်ခြင်း၊ ခရီးသွားလုပ်ငန်းကဏ္ဍတွင် ပူးပေါင်းဆောင်ရွက်ခြင်းနှင့်လူသားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်ရေးဆိုသည့် ကဏ္ဍကြီးရှစ်ရပ်တွင် ပူးပေါင်းဆောင်ရွက်ကြခြင်းဖြစ်သည်။ စာရေးသူတို့နိုင်ငံက စိုက်ပျိုးရေး၊ စွမ်းအင်နှင့် စက်မှုကဏ္ဍတို့တွင် ဦးဆောင်နိုင်ငံအဖြစ် တာဝန်ယူဆောင်ရွက်လျက်ရှိသည်။

သည်မျှဆိုလျှင် စားနပ်ရိက္ခာဖူလုံရေး၊ သာယာဝပြောရေးနှင့် လူမှုစီးပွားဘဝများ မြင့်မားတိုးတက်ရေးအတွက် ထိပ်သီးအစည်းအဝေးကြီးများ၏အကျိုးသက်ရောက်မှုနှင့် အရေးပါအရာရောက်မှုတို့ကို ဆဝါးနိုင်ကြလိမ့်မည်ထင်ပါသည်။ ထို့ကြောင့်သာလျှင် နိုင်ငံတော်အကြီးအကဲအနေဖြင့် မဆုတ်မနစ်သော ဇွဲ၊ လုံ့လ၊ ဝီရိယတို့ဖြင့် ကြိုးကုတ်အားထုတ်နေခြင်းဖြစ်ပါလိမ့်မည်။ အားမာန်ပြည့်ဝသောခြေလှမ်းတို့ဖြင့် မယိမ်းမယိုင်တည့်မတ်မှန်ကန်စွာ လျှောက်လှမ်းနေခြင်းဖြစ်ပါလိမ့်မည်။

နိုဝင်ဘာလ ၈ ရက်ထုတ် သတင်းစာများကို ဖတ်ရသည်မှာ ရွှင်လန်းတက်ကြွဖွယ်အတိပင်။ စာရေးသူမှာ ပီတိဖုံးလွှမ်းသဖြင့် ပြုံးပန်းတဝေဝေဖြစ်နေရသည်။ နိုင်ငံတော်အကြီးအကဲနှင့် အဆင့်မြင့်ကိုယ်စားလှယ်အဖွဲ့မှာ ဖော်ပြပါထိပ်သီးအစည်းအဝေးကြီး သုံးရပ်စလုံးတွင် ပါဝင်တက်ရောက်ခဲ့ရုံမျှမက နိုင်ငံနှင့်လူမျိုးအကျိုးကို ဖော်ဆောင်နိုင်မည့် ဆွေးနွေးချက်များကို ထိရောက်အောင်မြင်စွာ ဆောင်ရွက်နိုင်ခဲ့သောကြောင့်ပင်ဖြစ်ပါ၏။ နိုင်ငံတော်အကြီးအကဲ၏ အားကြိုးမာန်တက်မနားမနေ ဆောင်ရွက်ချက်များကို နှစ်ထောင်းအားရဖွယ် တစ်ဝကြီးဖတ်လိုက်ရသည်။

အဋ္ဌမအကြိမ် မဟာမဲခေါင်ဒေသခွဲထိပ်သီးအစည်းအဝေးကို နိုဝင်ဘာလ ၇ ရက် နံနက်ပိုင်းတွင် ကူမင်းမြို့ရှိ ဟိုင်ဂန်ကွန်ဗင်းရှင်းစင်တာတွင် ကျင်းပသည်။ နိုင်ငံတော်အကြီးအကဲမှာ အခြားသောနိုင်ငံ့ခေါင်းဆောင်များနှင့်အတူ လန်းဆန်းတက်ကြွသော ခြေလှမ်းများဖြင့် ဝင်ရောက်လာသည်။ အိမ်ရှင်ဖြစ်သည့် တရုတ်ပြည်သူ့သမ္မတနိုင်ငံဝန်ကြီးချုပ်ကလည်း လှိုက်လှဲနွေးထွေးစွာ ခရီးဦးကြိုပြုသည်ကို တွေ့ရပါ၏။

**နိုင်ငံတော်အကြီးအကဲဦးဆောင်သော အဆင့်မြင့်ကိုယ်စားလှယ်အဖွဲ့၏ လုပ်ငန်းစွမ်းဆောင်ရည်တန်ဖိုးနှင့် အလုပ်ပြီးမြောက်မှုနှုန်းမှာ နိုင်ငံတော်နှင့် ပြည်သူတို့အတွက် အနမတဂ္ဂပင်ဖြစ်၊မိမိနိုင်ငံတော်၊ မိမိနိုင်ငံသားများနှင့် အိမ်နီးချင်းမိတ်ဖက်နိုင်ငံများ တည်းဟူသော မျက်နှာစာသုံးရပ်အတွက် မျှတညီညွတ်သောအကျိုးကျေးဇူးများကို ဖော်ဆောင်ပေးနိုင်ခဲ့ကြ၊ ကမ္ဘာ့စင်မြင့်ထက်တွင် မိတ်ကောင်းဆွေကောင်းတို့၏ တန်ဖိုးကြီးမားသောဂုဏ်အင်္ဂါရပ်များကို သက်သေစိုက်ထူနိုင်ခဲ့ကြ . . .**

စာရေးသူမှာ သတင်းစာကိုလက်ကကိုင်ထားလျက်မှပင် ပညာရဲရင့်ပွဲလယ်တင့်စွာ ဆွေးနွေးပြောကြားနေသော နိုင်ငံတော်အကြီးအကဲများ၏ စကားသံများကို နားနှင့် ဆတ်ဆတ်ကြားနေရဘိသို့ ခံစားရသည်။ ဒေသခွဲအတွင်း ကုန်ထုတ်စွမ်းအားမြှင့်တင်မှု၊နည်းပညာတိုးတက်မှု၊စက်မှုလုပ်ငန်းသစ်များနှင့်အလုပ်အကိုင်အခွင့်အလမ်းများ ဖန်တီးပေးနိုင်မှုတို့အတွက် နည်းပညာနှင့် ဆန်းသစ်တီထွင်မှုမှာ အဓိကမောင်းနှင်အားဖြစ်ကြောင်း စိတ်ဓာတ်တက်ကြွဖွယ်ကြားသိရသည်။ စိုက်ပျိုးရေးကို အခြေခံသောနိုင်ငံများနှင့် ဖွဲ့စည်းထားသည့် မဟာမဲခေါင်ဒေသခွဲအနေဖြင့် စိုက်ပျိုးစီးပွားပိုမိုတိုးတက်ထွန်းကားလာရန်နှင့်စားနပ်ရိက္ခာဖူလုံရန်အတွက် ဆန်းသစ်တီထွင်မှုနှင့် အရှိန်မြှင့်တင်ရမည်ဖြစ်သည့်အကြောင်း၊ တစ်ချိန်တည်းမှာပင် တီထွင်ဆန်းသစ်မှုများက မိမိနိုင်ငံ၏ ရေမြေသဘာဝ၊ ပထဝီအနေအထားများနှင့် ကိုက်ညီရန် လိုအပ်ပြီး အစိုးရ၊ ဖွံ့ဖြိုးမှုမိတ်ဖက်များ၊ ပုဂ္ဂလိကနှင့် ဒေသန္တရအစိုးရများအပြင် အသိပညာရှင်များ၊ အတတ်ပညာရှင်များ၊ စွန့်ဦးတီထွင်သူများနှင့် စီးပွားရေးလုပ်ငန်းရှင်များကပါ ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်ကြရမည်ဖြစ်သည့်အကြောင်းများကို ကျယ်ပြန့်နက်ရှိုင်းသောအမြင်၊ လက်တွေ့ကျသော ချဉ်းကပ်မှုတို့ဖြင့် အလေးအနက်ထားဆွေးနွေးပြောကြားခဲ့ခြင်းဖြစ်သည်။

ပြည်သူ့ကျန်းမာရေး စောင့်ရှောက်မှု၊ စီးပွားရေးစင်္ကြံများဖွံ့ဖြိုးမှု၊ ရာသီဥတုပြောင်းလဲမှု၊စားရေရိက္ခာဖူလုံမှု၊ သဘာဝဘေးအန္တရာယ်၊ ရွှေ့ပြောင်းလုပ်သားများနှင့်စီးပွားရေးမညီမျှမှုစသည့် စိန်ခေါ်ချက်များအတွက်လည်း ညှိနှိုင်းပေါင်းစပ်မှုနှင့် ဘက်စုံချဉ်းကပ်ရမည့် နည်းလမ်းများကို ကလျာဏမိတ္တတို့၏ထားရှိအပ်သော စိတ်စေတနာကောင်းများဖြင့် အကျယ်တဝင့် ဆွေးနွေးပြောကြားသည်ကို ပြည့်ပြည့်စုံစုံဖတ်ခွင့်ရလိုက်သည်။

(၁၁)ကြိမ်မြောက် ကမ္ဘောဒီးယား-လာအို-မြန်မာ-ဗီယက်နမ် ပူးပေါင်းဆောင်ရွက်မှု ထိပ်သီးအစည်းအဝေးကို ထိုနေ့မွန်းလွဲပိုင်းမှာပင် ဆက်လက်ကျင်းပသည်။ နိုင်ငံတော်အကြီးအကဲဦးဆောင်သော အဆင့်မြင့်ကိုယ်စားလှယ်အဖွဲ့မှာ ပင်ပန်းနွမ်းနယ်နေသော အရိပ်အယောင်မျှမတွေ့ရ။ ကမ္ဘာ့နိုင်ငံရေးစင်မြင့်ထက်တွင် အခြားသော ဆွေးနွေးဖက်များနှင့်အတူ တက်ကြွဖျတ်လတ်စွာပါဝင်လျက်ရှိသည်။ သူတို့၏ အတွေးအာရုံထဲတွင် အမိနိုင်ငံတော်နှင့် ပြည်သူ့အကျိုးအတွက်ဟူသည့်တစ်ကြောင်းတည်းသောရည်မှန်းချက်ကသာလျှင် အပြည့်အဝနေရာယူထားကြပုံရသည်။ လှုပ်ရှားဆောင်ရွက်မှုတိုင်းသည် ရွှင်ရွှင်လန်းလန်း တက်တက်ကြွကြွ။ ပါဝင်ဆွေးနွေးမှုတိုင်းသည် တည်တည်ကြည်ကြည်လေးလေးနက်နက်။ သတင်းစာဖတ်ရင်းမှ မဝေးတော့သောအနာဂတ်အတွက် တောက်ပသော လင်းရောင်ခြည်တန်းများကို စာရေးသူမြင်ယောင်ခံစားနေမိသည်။

ဆွေးနွေးပွဲတွင် နိုင်ငံတော်အကြီးအကဲက လက်ရှိဖြစ်ပေါ်နေသည့် ကမ္ဘာ့နိုင်ငံရေးရှုပ်ထွေးမှု၊ နိုင်ငံတကာပဋိပက္ခ၊ စီးပွားရေးကျဆင်းမှု၊ စားနပ်ရိက္ခာနှင့် စွမ်းအင်မလုံလောက်မှု စသည်တို့အကြားတွင် မိမိတို့သည် ကြံ့ကြံ့ခံနိုင်စွမ်းရှိရမည်ဖြစ်ကြောင်း စိတ်ဓာတ်ခွန်အားဖြစ်စေသောစကားကိုဆိုခဲ့သည်။ဦးတည်ဆွေးနွေးကြမည့် "ချစ်ကြည်ရင်းနှီးမှုနှင့် စည်းလုံးညီညွတ်မှုမှသည် ကြံ့ကြံ့ခံနိုင်၍ သာယာဝပြောသော အသိုက်အဝန်းဆီသို့"ဆိုသော ခေါင်းစဉ်နှင့် အင်မတန်ကိုက်ညီဆီလျော်မှုရှိသည်။ အဖွဲ့ဝင်နိုင်ငံများအကြား ဒေသတွင်းငြိမ်းချမ်းရေး၊ သာယာဝပြောရေးနှင့် ပေါင်းစည်းထားသည့် အသိုက်အဝန်းတစ်ခုဖန်တီးရန်အတွက် အားသွန်ခွန်စိုက် အတူတကွကြိုးပမ်းလျက်ရှိပုံများကို ရင်းနှီးပွင့်လင်းစွာဆွေးနွေးသည်။ ရာသီဥတုပြောင်းလဲမှု၏ အကျိုးသက်ရောက်မှုများလျော့ပါးစေရန်၊ပြည်သူအချင်းချင်းထိတွေ့ဆက်ဆံမှုမြင့်မားစေရေးခရီးသွားလုပ်ငန်းများမြင့်မားစေရန်၊ စီးပွားရေးစင်္ကြံများချိတ်ဆက်ရန်၊ အထူးစီးပွားရေးဇုန်များမှ တစ်ဆင့်နည်းပညာဆိုင်ရာ အဆောက်အအုံများ၊ စက်မှုအဆောက်အအုံများ အဆင့်မြှင့်တင်ရန်စသည့်အချက်များကို ကျယ်ကျယ်ပြန့်ပြန့်ဆွေးနွေးသည်။

ပညာသင်ဆုပေးအပ်ခြင်းနှင့် အတွေ့အကြုံဖလှယ်ရေးခရီးစဉ်များ ဆက်လက်ဆောင်ရွက်သွားသင့်ကြောင်း အကြံပြုဆွေးနွေးသွားသည်မှာ နိုင်ငံတော်အကြီးအကဲ၏ မတူကွဲပြားမှုများကို ပေါင်းစည်းညီညွတ်စေလိုသည့် မေတ္တာစိတ်ကြီးမားသော စိတ်နေစိတ်ထားတစ်ရပ်ကို စာရေးသူ ထိတွေ့ခံစားလိုက်မိပါသည်။

အချိန်ဟူသည် ရပ်တန့်နေသည်ဟူ၍ မရှိစကောင်း။ ထို့အတူပင် တာဝန်သိသိ၊ တာဝန်ရှိရှိ လုပ်ကိုင်ဆောင်ရွက်နေကြသူတို့သည်လည်း ထိုအချိန်တို့နှင့်အတူပင် မရပ်မနားခရီးနှင်လျက်ရှိကြပါ၏။ထိပ်သီးအစည်းအဝေးကြီးများမှာ ကိုယ်စားပြုသော နယ်ပယ်ကဏ္ဍများ ကျယ်ပြန့်သလောက် ထမ်းဆောင်ရသော တာဝန်ဝတ္တရားများမှာလည်း ကြီးမားလှပါ၏။ သို့သော် သူတို့ခြေလှမ်းများမှာ ဖြောင့်မတ်ကြံ့ခိုင်မယိမ်းမယိုင်ရှိနေကြ၏။

စာမျက်နှာ ၂၂ သို့

**စာမျက်နှာ ၂၁ မှအဆက်**

ကူမင်းမြို့ရှိ Wyndham Grand Hotel တွင် (၁၀)ကြိမ်မြောက် ရေဝတီ–ကျောက်ဖရား–မဲခေါင် စီးပွားရေးပူးပေါင်းဆောင်ရွက်မှု မဟာဗျူဟာထိပ်သီးအစည်းအဝေးကို ဆက်လက်ကျင်းပရာ နိုင်ငံတော်အကြီးအကဲက အပြန်အလှန်ချိတ်ဆက်ထားသည့် သယ်ယူပို့ဆောင်ရေးကွန်ရက်စနစ်သည် အက်မက်စ်ဒေသကို ဖွံ့ဖြိုးတိုးတက်မှုဗဟိုချက်မအဖြစ်ဖန်တီးရန် အခြေခံအုတ်မြစ်ဖြစ်သည့်အကြောင်း၊ ဒေသတစ်ခုလုံးကို လွှမ်းခြုံနိုင်သည့် ဘက်စုံသယ်ယူပို့ဆောင်ရေးစနစ် ဖော်ဆောင်သင့်သည့်အကြောင်းတို့မှသည် အက်မက်စ်ဒေသတစ်ခုလုံးအတွက် အကျိုးဖြစ်ထွန်းစေမည့်ဆွေးနွေးမှုများကို ဖတ်လိုက်ရသည်မှာ ဆေးစွမ်းကောင်းတစ်လက် မှီဝဲလိုက်ရသည့်နှယ် စာရေးသူအဖို့ အားအင်အသစ်များဖြစ်ထွန်းလာရသည်။ မိမိနိုင်ငံကို ကိုယ်စားပြုသည့် အကြီးအကဲတစ်ဦးက ကမ္ဘာ့မျက်နှာစာတွင် နိုင်ငံနှင့်ချီသည့် အတ္တ–ပရမ္မတသော အကျိုးရလဒ်များကို ရည်ညွှန်း ဖော်ဆောင်ပေးနေသည်မဟုတ်ပါလား။

ကုန်သွယ်မှုနှင့် ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ စည်းမျဉ်းစည်းကမ်းများကို ရိုးရှင်းတိကျခိုင်မာစေခြင်းဖြင့် ဒေသတွင်းစီးပွားရေးနှင့် ပြည်သူလူထု၏ လူနေမှုအဆင့်အတန်းအပေါ် သိသာထင်ရှားစွာ အကျိုးပြုစေမည့်အကြောင်း ပွင့်လင်းမြင်သာစွာ ဆွေးနွေးသွားသည်။ ဖွံ့ဖြိုးတိုးတက်မှု မိတ်ဖက်နိုင်ငံများကိုလည်း မြန်မာနိုင်ငံတွင် ကုန်သွယ်မှုနှင့် ရင်းနှီးမြှုပ်နှံမှုများ ပြုလုပ်ကြရန် လှိုက်လှဲရင်းနှီးစွာဖိတ်မန္တကပြုခဲ့သည်။

ဆွေးနွေးမှုများအပြီးတွင် လာအိုနိုင်ငံ ဝန်ကြီးချုပ်က စာရေးသူတို့ နိုင်ငံတော်အကြီးအကဲအား အလှည့်ကျဥက္ကဋ္ဌတာဝန်ကို လွှဲပြောင်းပေးအပ်သည်။ နိုင်ငံတော်အကြီးအကဲကဥက္ကဋ္ဌ တာဝန်ထမ်းဆောင်စဉ်ကာလအတွင်း ဒေသတွင်းဖွံ့ဖြိုးတိုးတက်မှုအစီအစဉ်များမှရရှိသည့် အကျိုးကျေးဇူးများကို အဖွဲ့ဝင်နိုင်ငံများအားလုံး ရရှိခံစားနိုင်စေရန် ယခင်လုပ်ငန်းစဉ်များကို ဆက်လက်ဆောင်ရွက်မည်ဖြစ်သလို အခြေခံကျသော ဖွံ့ဖြိုးတိုးတက်မှုဆိုင်ရာ မဟာဗျူဟာများရေးဆွဲပြီး ထိထိရောက်ရောက် ကြိုးပမ်းဆောင်ရွက်သွားမည်ဖြစ်သည့်အကြောင်း အဖွဲ့ဝင်နိုင်ငံများသို့ အမှာစကားပါးသည်။ မှန်ပါသည်။ လူတစ်ဦးတစ်ယောက်ပင်ဖြစ်စေ၊ နိုင်ငံတစ်နိုင်ငံပင်ဖြစ်စေ တသီးတခြားထီးတည်း ရပ်တည်နေ၍မရပါ။ သို့သော် အများနှင့် ပေါင်းစည်းဆောင်ရွက်ရမည်ဆိုသော်လည်း တစ်ဖက်စောင်းနင်းဆက်ဆံရေးမျိုးဖြစ်၍တော့ဖြင့် မရပါ။ တစ်ဦးအကျိုးကို တစ်ဦးကလိုလားသည့် ဘက်ညီမျှတသော တွဲဖက်နေထိုင်ခြင်းမျိုးကသာလျှင် အရှည်သဖြင့် ချမ်းသာသုခကို ဆောင်နိုင်ပါလိမ့်မည်။ အတ္တမသန်၊ ရန်မာန်မကြီး၊ အစည်းမပြေရှိကြလေမှ ခိုင်မာသော အင်အားကို တည်ဆောက်နိုင်ပါလိမ့်မည်။

နိုဝင်ဘာလ ၈ ရက် မွန်းလွဲပိုင်းတွင် ထိုင်းနိုင်ငံဝန်ကြီးချုပ်နှင့် ခွဲခြား၍ မရသည့် အိမ်နီးချင်းမိတ်ဆွေကောင်းနိုင်ငံများပီပီ တစ်နိုင်ငံ၏ အရေးကိစ္စသည် တစ်နိုင်ငံအပေါ် သက်ရောက်မှုရှိသည့် အခြေအနေများကို ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးကြသည်။ သည့်နောက်တွင် နှစ်နိုင်ငံနယ်စပ် တည်ငြိမ်အေးချမ်းရေး၊ တရားဥပဒေစိုးမိုးရေး၊ မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးမှသည် နိုင်ငံဖြတ်ကျော်မှုခင်းတိုက်ဖျက်ရေး၊ အွန်လိုင်းလောင်းကစားမှုတိုက်ဖျက်ရေး၊ နယ်စပ်ကုန်သွယ်ရေး၊ ရင်းနှီးမြှုပ်နှံမှုနှင့် စီးပွားရေးမြှင့်တင်ဆောင်ရွက်နိုင်မည့် အခြေအနေတို့အလယ် လွတ်လပ်၍တရားမျှတသည့် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာကျင်းပနိုင်ရန် ကြိုတင်ပြင်ဆင် ဆောင်ရွက်နေသည့် အခြေအနေများအထိ အမြင်ချင်းဖလှယ်ဆွေးနွေးခဲ့ကြသည်။

ထိုနေ့ညနေပိုင်းတွင် Yuzhou Hotel ဧည့်ခန်းမဆောင်၌ တရုတ်ကွန်မြူနစ်ပါတီဗဟိုကော်မတီ ပေါလစ်ဗျူရိုအဖွဲ့ဝင်၊ ချုံချင့်မြူနီစီပယ်ပါတီကော်မတီအတွင်းရေးမှူး Mr. Yuan Jiajun နှင့် ဆက်လက်တွေ့ဆုံဆွေးနွေးသည်။ နိုင်ငံတော်အကြီးအကဲနှင့် ပါတီကော်မတီအတွင်းရေးမှူးတို့သည် မြန်မာ–ချုံချင့်စီးပွားရေးဆိုင်ရာပူးပေါင်းဆောင်ရွက်မှုလမ်းစများ၊ ချုံချင့်မြို့နယ်အနေဖြင့် နည်းပညာအားသာချက်၊ လမ်းပန်းဆက်သွယ်မှုအချက်အချာ အားသာချက်များအပေါ် မူတည်၍ မြန်မာနိုင်ငံနှင့် ဆက်လက်ပူးပေါင်းဆောင်ရွက်သွားနိုင်မည့် အလားအလာ၊သိပ္ပံနှင့်နည်းပညာဆိုင်ရာပူးပေါင်းဆောင်ရွက်မှုများ၊ ယဉ်ကျေးမှုဖလှယ်ခြင်းများ၊ ပညာရေးနှင့် ခရီးသွားကဏ္ဍမြှင့်တင်ဆောင်ရွက်နိုင်မည့် အခြေအနေများကို ရင်းနှီးပွင့်လင်းစွာ အမြင်ချင်းဖလှယ်ဆွေးနွေးခဲ့ကြသည်။

နိုင်ငံတော်အကြီးအကဲသည် ခရီးစဉ်တစ်လျှောက် ထိပ်သီးအစည်းအဝေးများတွင်သာမက တွေ့ဆုံသင့်တွေ့ဆုံထိုက်သည့် တာဝန်ရှိပုဂ္ဂိုလ်များ၊ ဆွေးနွေးဖက်များနှင့်လည်း အခွင့်အလမ်းများစွာပေါ် ပေါက်လာစေသည်အထိ စွမ်းစွမ်းတမံ ကြိုးပမ်းအားထုတ်နေသည်ကို စာရေးသူ သတိပြုမိပါ၏။

နိုင်ငံတော်အကြီးအကဲ ဦးဆောင်သော အဆင့်မြင့်ကိုယ်စားလှယ်အဖွဲ့၏ လုပ်ငန်းစွမ်းဆောင်ရည်တန်ဖိုးနှင့်အလုပ်ပြီးမြောက်မှုနှုန်းမှာ နိုင်ငံတော်နှင့် ပြည်သူတို့အတွက် အနမတဂ္ဂပင်ဖြစ်သည်ဟု ဆိုရပါမည်။ မိမိနိုင်ငံတော်၊ မိမိနိုင်ငံသားများနှင့် အိမ်နီးချင်းမိတ်ဖက်နိုင်ငံများတည်းဟူသော မျက်နှာစာသုံးရပ်အတွက် မျှတညီညွတ်သောအကျိုးကျေးဇူးများကို ဖော်ဆောင်ပေးနိုင်ခဲ့ကြသည်။ ကမ္ဘာ့စင်မြင့်ထက်တွင် မိတ်ကောင်းဆွေကောင်းတို့၏ တန်ဖိုးကြီးမားသော ဂုဏ်အင်္ဂါရပ်များကို သက်သေစိုက်ထူနိုင်ခဲ့ကြပါသည်။ ဥပဒေသဆန်ဆန်ပြောရလျှင် win-win situation ဟုပင် ဆိုရမည်ဖြစ်သည်။

သည်နေရာတွင် သားလည်း အသက်ရှင်၊ မိဘနှစ်ပါးလည်း မျက်စိနှစ်ကွင်း အလင်းရ၊ ရွှေအိုးကိုလည်း ထမ်းလာနိုင်သည့် သုဝဏ္ဏသာမဇာတ်တော်လာအဖွဲ့ကို စာရေးသူသတိရမိသည်။ မည်သည့်နှောင်ဖွဲ့မှုမျှမပါသော အသွေးအရောင်ကင်းသည့် သာမန်ပြည်သူတစ်ဦး၊ အငြိမ်းစားဝန်ထမ်းတစ်ဦး၏ အမြင်ကို ဆိုရပါမူ နိုင်ငံတော်အကြီးအကဲ၏ ယခုခရီးစဉ်မှာ နိုင်ငံတော်နှင့် ပြည်သူတို့အတွက် အကျိုးကျေးဇူးများစွာကို လက်တွေ့ကျကျ ဆောင်ကြဉ်းပေးနိုင်ခဲ့သည့် သမိုင်းတွင်မည့်သမိုင်းဝင်ခြေလှမ်းများဟု ဆိုလိုက်ချင်ပါသည်။

နိုင်ငံတော်အကြီးအကဲ ဦးဆောင်သော အဆင့်မြင့်ကိုယ်စားလှယ်အဖွဲ့၏ ပြည်တော်ပြန်ခရီးကို တာဝန်ရှိပုဂ္ဂိုလ်များသာမက တိုင်းရင်းသားပြည်သူများ၊ တိုင်းရင်းသားယဉ်ကျေးမှုအဖွဲ့များ၊မြန်မာနိုင်ငံသား တရုတ်နွယ်ဖွားပြည်သူများ၊ ဘာသာပေါင်းစုံအသင်းအဖွဲ့များ၊ အနုပညာရှင်များ၊ ကျောင်းသား၊ ကျောင်းသူများနှင့် ဒေသခံပြည်သူများကပါ သောင်းသောင်းဖြဖြလှိုက်လှဲနွေးထွေးစွာ ဂုဏ်ပြုကြိုဆိုနေကြသည့် မြင်ကွင်းမှာ ချစ်ကြည်ရင်းနှီးမှု၊ စည်းလုံးညီညွတ်မှုနှင့် အေးအတူ ပူအမျှ တစ်သားတည်းဖြစ်သော ခံစားမှုတို့ကို နွေးထွေးစွာခံစားရစေပါသည်။ တရုတ်–မြန်မာချစ်ကြည်ရေး၊ အမိနိုင်ငံတော် ဖွံ့ဖြိုးတိုးတက်ရေးနှင့် နိုင်ငံတော်အကြီးအကဲအပေါ် ဆုမွန်ကောင်းတောင်း၍ ကောင်းချီးထောမနာပြုကြသည့် ကြွေးကြော်သံများမှာ ကြက်သီးမွေးညင်း ထလောက်ပါပေသည်။

ဤသို့ပမာပင် ကြွားဝင့်သွေမကွာ တက်နေပမာ ညီညာဆောင်ထမ်းကြလျှင်ဖြင့် ငွားစွင့်ဝေဆာကျက်သရေဖြာပြည်သာ အောင်ပန်းလှတော့မည်ဆိုသည့် အကြောင်း ခိုင်မာသောယုံကြည်ချက်ဖြင့် ရေးသားတင်ပြလိုက်ရပါသည်။ ။

➤ ➤ ➤

## ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဆိုင်ရာကိစ္စရပ်များအပေါ် စုံစမ်းမေးမြန်းခြင်းနှင့် သတင်းပို့ခြင်းပြုလုပ်နိုင်

၁။ ပြည်သူ့စစ်မှုထမ်း ဆင့်ခေါ်ရေးဆိုင်ရာကိစ္စရပ်များနှင့်စပ်လျဉ်း၍ သိရှိလိုသည်များကို စုံစမ်းမေးမြန်းရန်နှင့် သတင်းပို့ရန်တို့အတွက် တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးရှိ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့များ၏ အောက်ပါဖုန်းနံပါတ်များသို့ ရုံးချိန်အတွင်း ဆက်သွယ်နိုင်ကြောင်း ထုတ်ပြန်အပ်ပါသည်–

(က) **ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့ဥက္ကဋ္ဌရုံး (နေပြည်တော်)**
(၁) ၀၆၇-၃၄၀၄၉၁၁၊ ၀၆၇-၃၄၀၄၉၂၂၊ ၀၆၇-၃၄၀၄၉၃၃၊ ၀၆၇-၃၄၀၄၉၄၄၊ ၀၆၇-၃၄၀၄၉၅၅
(၂) မိုဘိုင်းဖုန်းမှ စာတိုပေးပို့ရန်(SMS) ၀၉-၂၅၅၀၀၂၅၀၁

(ခ) **ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (နေပြည်တော်ကောင်စီ)**
(၁) ၀၆၇-၄၅၅၀၄၈၈၊ ၀၆၇-၄၅၅၀၄၉၉
(၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန်(SMS) ၀၉-၂၅၅၀၀၂၅၀၂

(ဂ) **ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (စစ်ကိုင်းတိုင်းဒေသကြီး)**
(၁) ၀၇၁- ၂၀၃၂၀၉၁၊ ၀၇၁- ၂၀၃၂၀၉၂
(၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန်(SMS) ၀၉-၂၅၅၀၀၂၅၀၇

(ဃ) **ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (တနင်္သာရီတိုင်းဒေသကြီး)**
(၁) ၀၅၉- ၂၀၂၄၀၃၇၊ ၀၅၉- ၂၀၂၄၀၃၈
(၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန်(SMS) ၀၉-၂၅၅၀၀၂၅၀၈

(င) **ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ပဲခူးတိုင်းဒေသကြီး)**
(၁) ၀၅၂- ၂၂၀၁၉၃၉၊ ၀၅၂- ၂၂၀၁၉၄၉
(၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန်(SMS) ၀၉-၂၅၅၀၀၂၅၀၉

(စ) **ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (မကွေးတိုင်းဒေသကြီး)**
(၁) ၀၆၃-၂၀၂၈၈၇၈၊ ၀၆၃- ၂၀၂၈၈၇၉
(၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန်(SMS) ၀၉-၂၅၅၀၀၂၅၁၀

(ဆ) **ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (မန္တလေးတိုင်းဒေသကြီး)**
(၁) ၀၂- ၄၀၂၁၂၄၅၊ ၀၂- ၄၀၂၁၂၄၆
(၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန်(SMS) ၀၉-၂၅၅၀၀၂၅၁၁

(ဇ) **ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (မွန်ပြည်နယ်)**
(၁) ၀၅၇ - ၂၀၂၇၉၃၅၊ ၀၅၇- ၂၀၂၇၉၃၆
(၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန်(SMS) ၀၉-၂၅၅၀၀၂၅၁၂

(ဈ) **ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ရခိုင်ပြည်နယ်)**
(၁) ၀၉- ၂၅၅၀၀၂၅၁၇၊ ၀၉- ၂၅၅၀၀၂၅၁၈
(၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန်(SMS) ၀၉-၂၅၅၀၀၂၅၁၃

(ည) **ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ရန်ကုန်တိုင်းဒေသကြီး)**
(၁) ၀၁- ၈၃၀၀၀၁၆၊ ၀၁- ၈၃၀၀၀၁၇
(၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန်(SMS) ၀၉-၂၅၅၀၀၂၅၁၄

(ဋ) **ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ရှမ်းပြည်နယ်)**
(၁) ၀၈၁- ၂၁၂၄၅၄၀၊ ၀၈၁- ၂၁၂၄၉၉၅
(၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန်(SMS) ၀၉-၂၅၅၀၀၂၅၁၅

(ဌ) **ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ဧရာဝတီတိုင်းဒေသကြီး)**
(၁) ၀၄၂- ၂၀၂၅၉၉၃၊ ၀၄၂- ၂၀၂၅၉၉၄
(၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန်(SMS) ၀၉-၂၅၅၀၀၂၅၁၆

၂။ စုံစမ်းမေးမြန်းခြင်း၊ သတင်းပို့ခြင်းမဟုတ်ဘဲ အနှောင့်အယှက်ပေးဆက်သွယ်လာသည့် တယ်လီဖုန်းနံပါတ်များကို မှတ်တမ်းတင်ကာ ယင်းဖုန်းဆင်းကတ်များကို ပိတ်သိမ်းသွားမည်ဖြစ်ကြောင်း အသိပေးအပ်ပါသည်။

**ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့**

## ပြည်သူ့စစ်မှုထမ်းဥပဒေပြဋ္ဌာန်းချက်ပါ ပြည်သူ့စစ်မှုထမ်းဆောင်ခြင်းတာဝန်မှ လျှော့ပေါ့ခွင့်ရသူများ

**လျှော့ပေါ့ခွင့်**

၁။ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့က ပြည်သူ့စစ်မှု ထမ်းဆောင်ရမည့်တာဝန်မှ လျှော့ပေါ့ခွင့်ပြုသူများမှာ အောက်ပါအတိုင်းဖြစ်ပါသည်–

(က) လျှောက်ထားသူ၏ မိဘနှစ်ပါးစလုံးသည် နိုင်ငံ့ဝန်ထမ်းအဖြစ် နှစ်ပေါင်း ၂၀ ထက်မနည်း တာဝန်ထမ်းဆောင်နေဆဲဖြစ်ပါကလည်းကောင်း၊ နိုင်ငံ့ဝန်ထမ်းအဖြစ် တာဝန်ထမ်းဆောင်ခဲ့ပြီး သက်ပြည့်အငြိမ်းစားယူခဲ့သူဖြစ်ပါကလည်းကောင်း အဆိုပါလျှောက်ထားသူအား ဥပဒေအရ ၎င်းထမ်းဆောင်ရမည့် ပြည်သူ့စစ်မှုထမ်းရန်ကာလ၏ တစ်ဝက်အထိ လျှော့ပေါ့ပေးနိုင်သည်။

(ခ) လျှောက်ထားသူ၏ မိဘနှစ်ပါးအနက် တစ်ဦးဦးသည် နိုင်ငံ့ဝန်ထမ်းအဖြစ် နှစ်ပေါင်း၂၀ ထက်မနည်း တာဝန်ထမ်းဆောင်နေဆဲဖြစ်ပါကလည်းကောင်း၊ နိုင်ငံ့ဝန်ထမ်းအဖြစ် တာဝန်ထမ်းဆောင်ခဲ့ပြီး သက်ပြည့်အငြိမ်းစားယူခဲ့သူဖြစ်ပါကလည်းကောင်း အဆိုပါလျှောက်ထားသူအား ဥပဒေအရ ၎င်းထမ်းဆောင်ရမည့် ပြည်သူ့စစ်မှုထမ်းရန်ကာလ၏ သုံးပုံတစ်ပုံအထိ လျှော့ပေါ့ပေးနိုင်သည်။

(ဂ) ပြည်သူ့စစ်မှုထမ်းတစ်ဦးဦးသည် တာဝန်ထမ်းဆောင်နေသည့်ကာလအတွင်း ထိခိုက်ဒဏ်ရာရရှိခြင်းများရှိခဲ့ပါက ထိခိုက်ဒဏ်ရာရရှိသည့်နေ့နောက်ပိုင်း ဆက်လက်တာဝန်ထမ်းဆောင်ရန် ကျန်ရှိသည့်ကာလအား လျှော့ပေါ့ပေးနိုင်သည်။

☆ ကျောဖုံးမှအဆက်

ဘာသာပေါင်းစုံချစ်ကြည်ညီညွတ်ရေးအဖွဲ့(ဗဟို)၊ လူမျိုးပေါင်းစုံညီညွတ်ရေးနှင့် အကျိုးဆောင်အဖွဲ့(ယာယီ)၊ မြန်မာနိုင်ငံ ဇဝံဂေလခရစ်ယာန်မဟာမိတ်အဖွဲ့ချုပ်၊ ပြည်ထောင်စုမြန်မာနိုင်ငံ မက်သဒစ်အသင်းတော် (အောက်မြန်မာပြည်)၊ မြန်မာနိုင်ငံလုံးဆိုင်ရာ ဟိန္ဒူဘာသာရေးဗဟိုအဖွဲ့ချုပ်၊ မြန်မာနိုင်ငံလုံးဆိုင်ရာ တမီလ်ဟိန္ဒူဖောင်ဒေးရှင်း(ဗဟို) နှင့် မြန်မာနိုင်ငံလုံးဆိုင်ရာ အစ္စလာမ်ဘာသာရေးအဖွဲ့ကြီးတို့မှ ဂုဏ်ယူဝမ်းမြောက်ပါကြောင်း သဘောထားထုတ်ပြန်ကြေညာခဲ့ကြကြောင်း သတင်းရရှိသည်။ (၅၀၁)

## မြန်မာ-တရုတ် ပူးပေါင်းဆက်ဆံရေးဗဟိုအသင်းက အထူးဂုဏ်ယူဝမ်းမြောက်ကြောင်း ကြေညာချက်

၂၀၂၄ ခုနှစ် နိုဝင်ဘာ ၁၁ ရက်

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်သည် တရုတ်ပြည်သူ့သမ္မတနိုင်ငံအစိုးရ၏ ဖိတ်ကြားချက်အရ တရုတ်ပြည်သူ့သမ္မတနိုင်ငံတွင် ကျင်းပသည့် (၈)ကြိမ်မြောက် မဟာမဲခေါင်ဒေသခွဲ ထိပ်သီးအစည်းအဝေး၊ (၁၀)ကြိမ်မြောက် ဧရာဝတီ-ကျောက်ဖရား-မဲခေါင် စီးပွားရေးပူးပေါင်းဆောင်ရွက်မှု မဟာဗျူဟာ ထိပ်သီးအစည်းအဝေးနှင့် (၁၁)ကြိမ်မြောက် ကမ္ဘောဒီးယား-လာအို-မြန်မာ-ဗီယက်နမ် ပူးပေါင်းဆောင်ရွက်မှုထိပ်သီးအစည်းအဝေးများသို့ တက်ရောက်ခဲ့ကာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ လာအိုနိုင်ငံ၊ ကမ္ဘောဒီးယားနိုင်ငံ၊ ဗီယက်နမ်နိုင်ငံ၊ ထိုင်းနိုင်ငံတို့နှင့် တွေ့ဆုံဆွေးနွေးခဲ့ပြီး မြန်မာနိုင်ငံနှင့် ပြည်သူများအတွက် အထူးကောင်းမွန်သည့် အကျိုးကျေးဇူးရလဒ်များကို ရယူနိုင်ခဲ့ခြင်း၊ ဧရာဝတီ-ကျောက်ဖရား-မဲခေါင် စီးပွားရေးပူးပေါင်းဆောင်ရွက်မှု မဟာဗျူဟာ၏ အလှည့်ကျဥက္ကဋ္ဌတာဝန်ယူခြင်းတို့အတွက် မြန်မာ-တရုတ် ပူးပေါင်းဆက်ဆံရေးဗဟိုအသင်းက အထူးဂုဏ်ယူဝမ်းမြောက်ပါကြောင်း သတင်းထုတ်ပြန်ကြေညာအပ်ပါသည်။

ဗဟိုအလုပ်အမှုဆောင်အဖွဲ့
မြန်မာ-တရုတ်ပူးပေါင်းဆက်ဆံရေးဗဟိုအသင်း

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဘာသာပေါင်းစုံချစ်ကြည်ညီညွတ်ရေးအဖွဲ့ (ဗဟို)၏ အထူးပင်ဂုဏ်ယူဝမ်းမြောက်ကြောင်း ထုတ်ပြန်ချက်

၂၀၂၄ ခုနှစ် နိုဝင်ဘာ ၁၁ ရက်

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်သည် တရုတ်ပြည်သူ့သမ္မတနိုင်ငံတွင် ကျင်းပပြုလုပ်ခဲ့သည့် (၈)ကြိမ်မြောက် မဟာမဲခေါင်ဒေသခွဲထိပ်သီးအစည်းအဝေး၊ (၁၀)ကြိမ်မြောက် ဧရာဝတီ-ကျောက်ဖရား-မဲခေါင် စီးပွားရေးပူးပေါင်းဆောင်ရွက်မှု မဟာဗျူဟာထိပ်သီးအစည်းအဝေးနှင့် (၁၁)ကြိမ်မြောက် ကမ္ဘောဒီးယား-လာအို-မြန်မာ-ဗီယက်နမ် ပူးပေါင်းဆောင်ရွက်မှုထိပ်သီးအစည်းအဝေးများသို့ တက်ရောက်ခဲ့ပြီး ဧရာဝတီ-ကျောက်ဖရား-မဲခေါင် စီးပွားရေးပူးပေါင်းဆောင်ရွက်မှု မဟာဗျူဟာ၏ အလှည့်ကျဥက္ကဋ္ဌအဖြစ် တာဝန်ယူနိုင်ခဲ့ခြင်း၊ မြန်မာနိုင်ငံအတွက် နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးကဏ္ဍများ စွမ်းစွမ်းတမံကြိုးပမ်းဆောင်ရွက်နိုင်ခဲ့ခြင်းတို့အတွက် ဘာသာပေါင်းစုံချစ်ကြည်ညီညွတ်ရေးအဖွဲ့(ဗဟို)က အထူးပင်ဂုဏ်ယူဝမ်းမြောက်ကြောင်း သဘောထားထုတ်ပြန်အပ်ပါသည်။

ဘာသာပေါင်းစုံချစ်ကြည်ညီညွတ်ရေးအဖွဲ့ (ဗဟို)
အလုပ်အမှုဆောင်အဖွဲ့

## လူမျိုးပေါင်းစုံညီညွတ်ရေးနှင့် အကျိုးဆောင်အဖွဲ့(ယာယီ)၏ ဝမ်းမြောက်ဂုဏ်ယူကြောင်း ထုတ်ပြန်ချက်

၂၀၂၄ ခုနှစ် နိုဝင်ဘာ ၁၁ ရက်

တရုတ်ပြည်သူ့သမ္မတနိုင်ငံအစိုးရ၏ ဖိတ်ကြားချက်အရ တရုတ်ပြည်သူ့သမ္မတနိုင်ငံတွင် ကျင်းပပြုလုပ်သည့် (၈)ကြိမ်မြောက် မဟာမဲခေါင်ဒေသခွဲ ထိပ်သီးအစည်းအဝေး၊ (၁၀)ကြိမ်မြောက် ဧရာဝတီ-ကျောက်ဖရား-မဲခေါင် စီးပွားရေးပူးပေါင်းဆောင်ရွက်မှု မဟာဗျူဟာထိပ်သီးအစည်းအဝေးနှင့် (၁၁)ကြိမ်မြောက် ကမ္ဘောဒီးယား-လာအို-မြန်မာ-ဗီယက်နမ် ပူးပေါင်းဆောင်ရွက်မှုထိပ်သီးအစည်းအဝေးများသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်က တက်ရောက်ဆွေးနွေးသည်။

အဆိုပါ ခရီးစဉ်တွင် မြန်မာနိုင်ငံကြီးဖွံ့ဖြိုးတိုးတက်ရန် စီးပွားရေးလုပ်ငန်းစီမံကိန်းများ ရေးဆွဲနိုင်ခဲ့ခြင်းအပြင် အိမ်နီးချင်းနိုင်ငံများဖြစ်သည့် ထိုင်းနိုင်ငံ၊ ကမ္ဘောဒီးယားနိုင်ငံနှင့် လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံတို့မှ ဝန်ကြီးချုပ်များနှင့် တွေ့ဆုံ၍ အပြုသဘောဆောင်သည့် တိုးတက်မှုများရရှိအောင် ဆွေးနွေးနိုင်ခဲ့မှုအပေါ် လူမျိုးပေါင်းစုံညီညွတ်ရေးနှင့် အကျိုးဆောင်အဖွဲ့(ယာယီ)က လှိုက်လှဲစွာဝမ်းမြောက်ဂုဏ်ယူကြောင်း သဘောထားထုတ်ပြန်အပ်ပါသည်။

လူမျိုးပေါင်းစုံညီညွတ်ရေးနှင့် အကျိုးဆောင်အဖွဲ့(ယာယီ)

## မြန်မာနိုင်ငံလုံးဆိုင်ရာ အစ္စလာမ်ဘာသာရေးအဖွဲ့ကြီး၏ ဂုဏ်ယူဝမ်းမြောက်ကြောင်း ကြေညာချက်

၂၀၂၄ ခုနှစ် နိုဝင်ဘာ ၁၁ ရက်

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်သည် တရုတ်ပြည်သူ့သမ္မတနိုင်ငံတွင် ကျင်းပပြုလုပ်သည့် (၈)ကြိမ်မြောက် မဟာမဲခေါင်ဒေသခွဲထိပ်သီးအစည်းအဝေး၊ (၁၀)ကြိမ်မြောက် ဧရာဝတီ-ကျောက်ဖရား-မဲခေါင် စီးပွားရေးပူးပေါင်းဆောင်ရွက်မှု မဟာဗျူဟာထိပ်သီးအစည်းအဝေးနှင့် (၁၁)ကြိမ်မြောက် ကမ္ဘောဒီးယား-လာအို-မြန်မာ-ဗီယက်နမ် ပူးပေါင်းဆောင်ရွက်မှုထိပ်သီးအစည်းအဝေးများသို့ တက်ရောက်ဆွေးနွေးခဲ့ပြီး မြန်မာနိုင်ငံနှင့် ပြည်သူများအတွက် အထူးကောင်းမွန်သည့် အကျိုးကျေးဇူးရလဒ်များကို ရယူနိုင်ခဲ့ခြင်းအပေါ် မြန်မာနိုင်ငံလုံးဆိုင်ရာအစ္စလာမ်ဘာသာရေးအဖွဲ့ကြီးက အထူးပင်ဂုဏ်ယူဝမ်းမြောက်ကြောင်း သဘောထားထုတ်ပြန်ကြေညာအပ်ပါသည်။

မြန်မာနိုင်ငံလုံးဆိုင်ရာအစ္စလာမ်ဘာသာရေးအဖွဲ့ကြီး

## တရုတ်နွယ်ဖွားမြန်မာနိုင်ငံသားအသင်းအဖွဲ့များက အထူးဂုဏ်ယူဝမ်းမြောက်ကြောင်း ကြေညာချက်

၂၀၂၄ ခုနှစ် နိုဝင်ဘာ ၁၁ ရက်

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်သည် တရုတ်ပြည်သူ့သမ္မတနိုင်ငံအစိုးရ၏ ဖိတ်ကြားချက်အရ တရုတ်ပြည်သူ့သမ္မတနိုင်ငံတွင် ကျင်းပသည့် (၈)ကြိမ်မြောက် မဟာမဲခေါင်ဒေသခွဲထိပ်သီးအစည်းအဝေး၊ (၁၀)ကြိမ်မြောက် ဧရာဝတီ-ကျောက်ဖရား-မဲခေါင် စီးပွားရေးပူးပေါင်းဆောင်ရွက်မှု မဟာဗျူဟာထိပ်သီးအစည်းအဝေးနှင့် (၁၁)ကြိမ်မြောက် ကမ္ဘောဒီးယား-လာအို-မြန်မာ-ဗီယက်နမ် ပူးပေါင်းဆောင်ရွက်မှု ထိပ်သီးအစည်းအဝေးများသို့ တက်ရောက်ခဲ့ကာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ လာအိုနိုင်ငံ၊ ကမ္ဘောဒီးယားနိုင်ငံ၊ ဗီယက်နမ်နိုင်ငံ၊ ထိုင်းနိုင်ငံတို့နှင့်တွေ့ဆုံဆွေးနွေးခဲ့ပြီး မြန်မာနိုင်ငံနှင့် ပြည်သူများအတွက် အထူးကောင်းမွန်သည့် အကျိုးကျေးဇူးရလဒ်များကို ရယူနိုင်ခဲ့ခြင်း၊ ဧရာဝတီ-ကျောက်ဖရား-မဲခေါင် စီးပွားရေးပူးပေါင်းဆောင်ရွက်မှု မဟာဗျူဟာ၏အလှည့်ကျဥက္ကဋ္ဌတာဝန်ယူခြင်းတို့အတွက် တရုတ်နွယ်ဖွား မြန်မာနိုင်ငံသားအသင်းအဖွဲ့များက အထူးဂုဏ်ယူဝမ်းမြောက်ကြောင်း သတင်းထုတ်ပြန်ကြေညာအပ်ပါသည်။

တရုတ်နွယ်ဖွားမြန်မာနိုင်ငံသားအသင်းအဖွဲ့များကိုယ်စား
မြန်မာနိုင်ငံတရုတ်ကုန်သည်များအသင်းချုပ်
ရန်ကုန်ယူနန်လူမှုကူညီရေးအသင်း
ဟုတ်ကြန့် (ဖူကင်)တရုတ်အမျိုးသားအသင်း
ကောင်းတုံကုန်သည်နှင့် လုပ်ငန်းရှင်များအသင်း

## မြန်မာနိုင်ငံဇဝံဂေလိခရစ်ယာန်မဟာမိတ်အဖွဲ့ချုပ် အထူးဂုဏ်ယူဝမ်းမြောက်ကြောင်း ထုတ်ပြန်ချက်

၂၀၂၄ ခုနှစ် နိုဝင်ဘာ ၁၁ ရက်

(၈)ကြိမ်မြောက် မဟာမဲခေါင်ဒေသခွဲ ထိပ်သီးအစည်းအဝေး၊ (၁၀)ကြိမ်မြောက် ဧရာဝတီ-ကျောက်ဖရား-မဲခေါင် စီးပွားရေးပူးပေါင်းဆောင်ရွက်မှု မဟာဗျူဟာ ထိပ်သီးအစည်းအဝေးနှင့် (၁၁)ကြိမ်မြောက် ကမ္ဘောဒီးယား-လာအို-မြန်မာ-ဗီယက်နမ် ပူးပေါင်းဆောင်ရွက်မှု ထိပ်သီးအစည်းအဝေးများကို တရုတ်ပြည်သူ့သမ္မတနိုင်ငံတွင် ကျင်းပပြုလုပ်ခဲ့ပါသည်။

အဆိုပါထိပ်သီးအစည်းအဝေးများသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် တက်ရောက်ခဲ့ပြီး ပြည်သူများအတွက် အထူးကောင်းမွန်သည့် အကျိုးကျေးဇူးရလဒ်များကို ရယူနိုင်ခဲ့ခြင်း၊ ဧရာဝတီ-ကျောက်ဖရား-မဲခေါင် စီးပွားရေးပူးပေါင်းဆောင်ရွက်မှု မဟာဗျူဟာ၏အလှည့်ကျဥက္ကဋ္ဌအဖြစ် တာဝန်ယူဆောင်ရွက်နိုင်ခဲ့ခြင်းတို့အတွက် အထူးပင်ဂုဏ်ယူဝမ်းမြောက်ကြောင်း ထုတ်ပြန်အပ်ပါသည်။

မြန်မာနိုင်ငံဇဝံဂေလိခရစ်ယာန်မဟာမိတ်အဖွဲ့ချုပ်

## မြန်မာနိုင်ငံလုံးဆိုင်ရာ ဟိန္ဒူဘာသာရေးဗဟိုအဖွဲ့ချုပ်၏ သဘောထားထုတ်ပြန်ချက်

၂၀၂၄ ခုနှစ် နိုဝင်ဘာ ၁၁ ရက်

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်သည် တရုတ်ပြည်သူ့သမ္မတနိုင်ငံ၏ ဖိတ်ကြားချက်အရ (၈)ကြိမ်မြောက် မဟာမဲခေါင်ဒေသခွဲ ထိပ်သီးအစည်းအဝေး၊ (၁၀)ကြိမ်မြောက် ဧရာဝတီ-ကျောက်ဖရား-မဲခေါင် စီးပွားရေးပူးပေါင်းဆောင်ရွက်မှု မဟာဗျူဟာထိပ်သီးအစည်းအဝေးနှင့် (၁၁)ကြိမ်မြောက် ကမ္ဘောဒီးယား-လာအို-မြန်မာ-ဗီယက်နမ် ပူးပေါင်းဆောင်ရွက်မှု ထိပ်သီးအစည်းအဝေးများကို တက်ရောက်၍ မြန်မာနိုင်ငံ၏ နိုင်ငံရေး၊ စီးပွားရေး၊ ပညာရေးကဏ္ဍများ ဖွံ့ဖြိုးတိုးတက်အောင် ဆွေးနွေးနိုင်ခဲ့ပါသည်။

ထို့ပြင် ဧရာဝတီ-ကျောက်ဖရား-မဲခေါင် စီးပွားရေးပူးပေါင်းဆောင်ရွက်မှု မဟာဗျူဟာ၏ အလှည့်ကျဥက္ကဋ္ဌအဖြစ် တာဝန်ယူဆောင်ရွက်နိုင်မှုပေါ် မြန်မာနိုင်ငံလုံးဆိုင်ရာ ဟိန္ဒူဘာသာရေးဗဟိုအဖွဲ့ချုပ်က လှိုက်လှဲစွာဝမ်းမြောက်ဂုဏ်ယူကြောင်း ထုတ်ပြန်အပ်ပါသည်။

မြန်မာနိုင်ငံလုံးဆိုင်ရာ ဟိန္ဒူဘာသာရေးဗဟိုအဖွဲ့ချုပ်

## ပြည်ထောင်စုမြန်မာနိုင်ငံ မက်သဒစ်အသင်းတော်(အောက်မြန်မာပြည်) ဂုဏ်ယူဝမ်းမြောက်ကြောင်း ကြေညာချက်

၂၀၂၄ ခုနှစ် နိုဝင်ဘာ ၁၁ ရက်

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်သည် ၂၀၂၄ခုနှစ် နိုဝင်ဘာ ၅ ရက်မှ ၁၀ ရက်အထိ တရုတ်ပြည်သူ့သမ္မတနိုင်ငံသို့ သွားရောက်ခဲ့ပြီး (၈)ကြိမ်မြောက် မဟာမဲခေါင်ဒေသခွဲထိပ်သီးအစည်းအဝေး၊ (၁၀)ကြိမ်မြောက် ဧရာဝတီ-ကျောက်ဖရား -မဲခေါင် စီးပွားရေးပူးပေါင်းဆောင်ရွက်မှု မဟာဗျူဟာထိပ်သီးအစည်းအဝေးနှင့် (၁၁)ကြိမ်မြောက် ကမ္ဘောဒီးယား-လာအို-မြန်မာ-ဗီယက်နမ် ပူးပေါင်းဆောင်ရွက်မှုထိပ်သီးအစည်းအဝေးများ၌ မြန်မာနိုင်ငံအတွက် နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးကဏ္ဍများ စွမ်းစွမ်းတမံကြိုးပမ်းဆောင်ရွက်ခြင်း၊ ဧရာဝတီ-ကျောက်ဖရား-မဲခေါင် စီးပွားရေးပူးပေါင်းဆောင်ရွက်မှု မဟာဗျူဟာ၏ အလှည့်ကျဥက္ကဋ္ဌအဖြစ် တာဝန်ယူခြင်းတို့အတွက် ပြည်ထောင်စုမြန်မာနိုင်ငံ မက်သဒစ်အသင်းတော်(အောက်မြန်မာပြည်)က ဂုဏ်ယူဝမ်းမြောက်ကြောင်း သဘောထားထုတ်ပြန်ကြေညာအပ်ပါသည်။

ပြည်ထောင်စုမြန်မာနိုင်ငံမက်သဒစ်အသင်းတော်(အောက်မြန်မာပြည်)

## မြန်မာနိုင်ငံလုံးဆိုင်ရာ တမီလ်ဟိန္ဒူဖောင်ဒေးရှင်း(ဗဟို)၏ ဂုဏ်ယူဝမ်းမြောက်ကြောင်း ကြေညာချက်

၂၀၂၄ ခုနှစ် နိုဝင်ဘာ ၁၁ ရက်

တရုတ်ပြည်သူ့သမ္မတနိုင်ငံတွင် ကျင်းပပြုလုပ်သည့် (၈)ကြိမ်မြောက် မဟာမဲခေါင်ဒေသခွဲထိပ်သီးအစည်းအဝေး၊ (၁၀)ကြိမ်မြောက် ဧရာဝတီ-ကျောက်ဖရား -မဲခေါင် စီးပွားရေးပူးပေါင်းဆောင်ရွက်မှု မဟာဗျူဟာထိပ်သီးအစည်းအဝေးနှင့် (၁၁)ကြိမ်မြောက် ကမ္ဘောဒီးယား-လာအို-မြန်မာ-ဗီယက်နမ် ပူးပေါင်းဆောင်ရွက်မှုထိပ်သီးအစည်းအဝေးများသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် တက်ရောက်ဆွေးနွေးနိုင်ခဲ့ခြင်း၊ ဧရာဝတီ-ကျောက်ဖရား-မဲခေါင် စီးပွားရေးပူးပေါင်းဆောင်ရွက်မှု မဟာဗျူဟာ၏ အလှည့်ကျဥက္ကဋ္ဌအဖြစ် တာဝန်ယူခြင်း၊ မြန်မာနိုင်ငံသို့ စီးပွားရေးလုပ်ငန်းရှင်များမှ လာရောက်ရင်းနှီးမြှုပ်နှံမှုများ ဆောင်ရွက်ရန် ဖိတ်ခေါ်နိုင်ခဲ့ခြင်းနှင့် မြန်မာနိုင်ငံအတွက် အကျိုးရှိမည့်စီမံကိန်းများ ဖော်ဆောင်နိုင်ခဲ့ခြင်းအပေါ် မြန်မာနိုင်ငံလုံးဆိုင်ရာ တမီလ်ဟိန္ဒူဖောင်ဒေးရှင်း(ဗဟို)က ဂုဏ်ယူဝမ်းမြောက်ကြောင်း သဘောထားထုတ်ပြန်ကြေညာအပ်ပါသည်။

မြန်မာနိုင်ငံလုံးဆိုင်ရာ တမီလ်ဟိန္ဒူဖောင်ဒေးရှင်း(ဗဟို)

## ဆွေမျိုးပေါက်ဖော် ရှေ့ခရီး

❖ အိမ်နီးနားချင်း၊ ချစ်ကြည်ခြင်းသည်
ကောင်းခြင်းဖြာဖြာ မင်္ဂလာတည့်။

❖ ရပ်နီးနားချင်း၊ ဖေးကူခြင်းသည်
ရင်းနှီးချစ်ခင်၊သံယောဇဉ်ကို
ထင်ရှားပြသ နေသည်တကား။

❖ အိမ်ရှေ့ အိမ်နောက်
အိမ်အောက် အိမ်ပေါ်
တိုင်ပင်ဖော်ဟု၊ ယုံကြည်မှုဖြင့်
လူမှုအရေး၊ စီးပွားရေးနှင့်
ပြည့်ရေးပြည့်ရာ၊ အဖြာဖြာကို
သူ, ငါ ကောင်းကျိုး၊ ဆထက်တိုးအောင်
ကြိုးပမ်းဆောင်မြန်း၊ အခန်းခန်းလျှင်
ရွှင်လန်းကြည်နူး ဖွယ်တကား။

❖ ဩော် အတိအတော၊ ရှေးပဝေမှ
မသွေခုတိုင်၊ မယိမ်းယိုင်ဘဲ
ခိုင်မြဲချိတ်ဆက်၊ ပေါင်းစုလက်ဖြင့်
နှစ်ဖက်ပြည်ထောင်၊ ပြည်ကျိုးဆောင်မည်
အောင်မည်ခံယူ မုချတည်း။
ဆွေမျိုးပေါက်ဖော် ရှေ့ခရီး။ ။

မျိုးမြတ်မြတ်မြင့်မောင်

## ရှမ်းပြည်နယ်(တောင်ပိုင်း)အတွင်းရှိ ပြည်သူ့စစ်(ဌာနေ)တပ်ဖွဲ့ဝင်များကို ဆန်၊ ဆီ၊ ဆား အမည်သုံးမျိုးနှင့် ဂုဏ်ပြုချီးမြှင့်ငွေများ ပေးအပ်

နေပြည်တော် နိုဝင်ဘာ ၁၁

ရှမ်းပြည်နယ်(တောင်ပိုင်း) အတွင်းရှိ ပြည်သူ့စစ်(ဌာနေ)တပ်ဖွဲ့ဝင်များကို ဆန်၊ ဆီ၊ ဆား အမည်သုံးမျိုးနှင့် ဂုဏ်ပြုချီးမြှင့်ငွေများ ပေးအပ်ပွဲကိုယနေ့မွန်းလွဲပိုင်းတွင် အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် သံလွင်ခန်းမ၌ပြုလုပ်ရာ တိုင်းမှူး ဗိုလ်ချုပ်ဇော်မင်းလတ်နှင့် တာဝန်ရှိသူများ၊ ပြည်သူ့စစ်(ဌာနေ) တပ်ဖွဲ့ဝင်များ တက်ရောက်ကြသည်။

ဦးစွာ တိုင်းမှူးက အမှာစကားပြောကြားပြီး ပြည်သူ့စစ်(ဌာနေ)တပ်ဖွဲ့များအတွက် ဆန်၊ ဆီ၊ ဆား အမည်သုံးမျိုးနှင့် ဂုဏ်ပြုချီးမြှင့်ငွေများကို ပေးအပ်သည်။



အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ဇော်မင်းလတ် ပြည်သူ့စစ်(ဌာနေ) တပ်ဖွဲ့ဝင်များအတွက် ဆန်၊ ဆီ၊ ဆား အမည်သုံးမျိုးနှင့် ဂုဏ်ပြုချီးမြှင့်ငွေများ ပေးအပ်စဉ်။

ထို့နောက် တိုင်းမှူးက ပြည်သူ့စစ်(ဌာနေ)တပ်ဖွဲ့များ၏ တင်ပြချက်များ အပေါ် လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက် ပေးကာ ရင်းရင်းနှီးနှီးလိုက်လံနှုတ်ဆက်ခဲ့ကြောင်း သတင်းရရှိသည်။ (၅၀၁)

## မြန်မာနိုင်ငံပြန်တမ်း

### ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူး အတည်ပြုခန့်ထားခြင်း

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန အပူပိုင်းဒေသစိမ်းလန်းစိုပြည်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးအောင်သူအား အစမ်းခန့်ကာလ တစ်နှစ်ပြည့်မြောက်သည့် နေ့မှစ၍ အတည်ပြုခန့်ထားလိုက်သည်။

## နိုင်ငံရေးပါတီတည်ထောင်ခွင့်များ လာရောက်လျှောက်ထားလျက်ရှိ

နေပြည်တော် နိုဝင်ဘာ ၁၁

ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲတွင် ဝင်ရောက်ယှဉ်ပြိုင်ရန်အတွက် နိုင်ငံရေးပါတီများမှတ်ပုံတင်ခြင်း ဥပဒေပုဒ်မ ၃ အရ နိုင်ငံရေးပါတီတည်ထောင်လိုသော **ကယားပြည်နယ် ပြည်သူ့ပါတီ (KySPP)**သည် ဥပဒေ၊ နည်းဥပဒေများနှင့်အညီ နိုင်ငံရေးပါတီတည်ထောင်ခွင့်ကို ယနေ့တွင် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သို့ လာရောက်လျှောက်ထားခဲ့သည်။

ယနေ့ထိ နိုင်ငံရေးပါတီများမှတ်ပုံတင်ခြင်း ဥပဒေပုဒ်မ ၃ အရ လျှောက်ထားသောပါတီ ၁၈ ပါတီရှိပြီး နိုင်ငံရေးပါတီများမှတ်ပုံတင်ခြင်း ဥပဒေပုဒ်မ ၂၅ အရ နိုင်ငံရေးပါတီအဖြစ် ဆက်လက်တည်ထောင်ခွင့်နှင့် မှတ်ပုံတင်ခွင့် လျှောက်ထားသည့်ပါတီ ၅၀ စုစုပေါင်း ၆၈ပါတီရှိပြီဖြစ်သည်။ ယခုလျှောက်ထားသည့်အဖွဲ့ကို ပါတီတည်ထောင်ခွင့်ပြုနိုင်ရေး ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က ဆက်လက်စိစစ်ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

## ဘုတလင်မြို့နယ်တွင် လုံခြုံရေးတပ်ဖွဲ့ဝင်များက ဒေသခံပြည်သူ ၂၆ ဦးကို သတ်ဖြတ်ပြီး နေအိမ် ၅၀၀ ခန့်ကို မီးရှို့၍ ဒေသခံပြည်သူများအား ဓားစာခံအဖြစ်ဖမ်းဆီးထားကြောင်း မဟုတ်မမှန်သတင်းများ ဖြန့်ဝေလျက်ရှိ

နေပြည်တော် နိုဝင်ဘာ ၁၁

စစ်ကိုင်းတိုင်းဒေသကြီး ဘုတလင်မြို့နယ်တွင် လုံခြုံရေးတပ်ဖွဲ့ဝင်များက ဒေသခံပြည်သူ ၂၆ ဦးကို သတ်ဖြတ်ပြီး နေအိမ် ၅၀၀ ခန့်အား မီးရှို့၍ ဒေသခံပြည်သူများကို ဓားစာခံအဖြစ် ဖမ်းဆီးထားကြောင်း တရားမဝင်ပြည်ဖျက်မီဒီယာများက မဟုတ်မမှန်သတင်းများ လုပ်ကြံ ရေးသားဖြန့်ဝေနေသည်ကို တွေ့ရသည်။

အဆိုပါသတင်းနှင့် ပတ်သက်၍ နယ်မြေခံလုံခြုံရေးတာဝန်ရှိသူ တစ်ဦးနှင့် ဒေသခံပြည်သူများ၏ ပြောကြားချက်အရ အကြမ်းဖက် သောင်းကျန်းသူများသည် ဘုတလင်မြို့နယ်အတွင်းရှိ ကျေးရွာအချို့တွင် ၎င်းတို့ကိုထောက်ခံအားပေးခြင်းမရှိသည့် ရပ်ကွက်၊ ကျေးရွာများကို မီးရှို့ဖျက်ဆီးခြင်း၊ ဒေသခံပြည်သူများကို ဓားစာခံအဖြစ် ဖမ်းဆီးခေါ်ဆောင်ခြင်း၊ သတ်ဖြတ်ခြင်းများ လုပ်ဆောင်လျက်ရှိသဖြင့် လုံခြုံရေးတပ်ဖွဲ့ဝင်များက ပြည်သူများ အေးချမ်းစွာလုပ်ကိုင်နေထိုင်နိုင်ရေးအတွက် နယ်မြေလုံခြုံရေးဆိုင်ရာ လုပ်ငန်းများကို ထုတ်ပြန်ထားသည့် စည်းမျဉ်း၊ စည်းကမ်းများနှင့်အညီ ဆောင်ရွက်လျက်ရှိပြီး ဒေသခံပြည်သူများကို ဥပဒေမဲ့ ဖမ်းဆီးခေါ်ဆောင်ခြင်းများ မရှိကြောင်းနှင့် ရပ်ကွက်၊ ကျေးရွာများကိုမီးရှို့ခြင်းများ လုပ်ဆောင်မှုမရှိကြောင်း သိရသည်။

ယခုဖြစ်စဉ်တွင်လည်း အကြမ်းဖက်အားပေးပြည်ဖျက်မီဒီယာများက အကြမ်းဖက်သောင်းကျန်းသူများ၏ လုပ်ရပ်များကို ဖုံးကွယ်ပေးရန် နယ်မြေလုံခြုံရေးဆောင်ရွက်လျက်ရှိသည့် လုံခြုံရေးတပ်ဖွဲ့ဝင်များအပေါ် ပြည်သူများအထင်အမြင်လွဲမှားစေရန်ရည်ရွယ်၍ ယခုကဲ့သို့ သတင်းတု၊ သတင်းမှားများကို ရေးသားဖြန့်ဝေနေခြင်းသာဖြစ်ကြောင်း သတင်းရရှိသည်။ (၅၀၁)



ဝတ္ထုတိုကဏ္ဍ

# ရိုးမတောင်ညို့ မပြုံစေ့ချင်

ကျွန်းစဉ်မြေစောခက်



(၁)

ဆောင်းနံနက်ခင်းမြောက်ပြန်လေ၏ တိုးဝှေ့သောကြောင့် အိမ်ခြံဝင်းအတွင်း ဝါးရုံတောကလေးကို တသောသော လှုပ်ခတ်အသံမြန်စေ၏။

''အင်း..အင်း...အင်း''

အမေဒေါ်ခိုင်မဖြူ ညည်းသံကြား၍ ဘထွန်းမောင် အမေ့လက်ကလေးကို ညင်ညင်သာသာ ဆုပ်ကိုင်ပြီး ဆုပ်နယ်ပေးလိုက်၏။ အမေ အိပ်ပျော်သွားချိန်တွင် ဘထွန်းမောင် အမေ့အနားက အသာအယာထပြီး အသင့်လုပ်ထားသော လှေထွင်းကိရိယာများနှင့် လှော်တက်ကို ဆွဲယူပြီး လှေဆိပ်သို့ ဆင်းလာခဲ့၏။ ဇနီးသည် မြဇာခိုင်က ထမင်းတောင်းကလေးကို လိုက်ပို့၏။

ဘထွန်းမောင် ကမ်းထောင်းကြီးရွာ လှေဆိပ်မှ လှေလှော်ထွက်ခဲ့လေပြီ။ တောင်ဆီးမြစ်ကို ဖြတ်ကူးပြီး ရခိုင်ရိုးမတောင်ခြေရှိ သမန်းတူးတောင်ခြေသို့ အရောက်လှော်သွားလိုက်သည်။ တောင်ခြေသို့ အရောက်တွင် လှေကိုကြိုးချည်ပြီး လှေထွင်းကိရိယာများနှင့် ထမင်းတောင်းကိုသယ်ကာ တောင်ကမ်းပါးယံသို့ လှမ်းတက်လိုက်၏။ ပင်ငယ်၊ပင်ကြီး ထူထပ်သော ရခိုင်ရိုးမတောင်ခြေ၏ သဘာဝအလှနှင့် ကျေးငှက်များ၏ အော်မြည်ကြသံများမှာ နှလုံးစိတ်ဝမ်းအေးချမ်းစရာ ကောင်းလှပါဘိ၏။

(၂)

ဘထွန်းမောင် ခုတ်ထွင်းပြီးသား လှေတုံးကို ရှေ့နောက် လှည့်ပတ်ကြည့်လိုက်၏။ လှေဝမ်းဗိုက်တွင်းသို့ဝင်ပြီး မှို့မောက်နေသော လှေဝမ်းဗိုက်သားနေရာတချို့ကို လှေထွင်းပေါက်တူးဖြင့် ခြစ်ပေးလိုက်၏။ လှေအသွားအလာ အနေအထားအနိမ့်အမြင့်ကို သဘောကျသွားပြီး ဘထွန်းမောင် တစ်ယောက်တည်းပြုံးဖြစ်လိုက်၏။

ဘထွန်းမောင်ကား မနားပေ။ လှေတုံးဦးဖျားအလယ်တည့်တည့်တွင် ဘေးစောင်းအနေအထားအပေါက်တစ်ပေါက်ဖောက်ပစ်လိုက်၏။ အဖျားချွန်ပြီး အသွားထက်လှသော ဖောက်စူးကြီး၏ စွမ်းရည်ကြောင့် မိနစ်ပိုင်းအတွင်းထွင်းဖောက်ပြီးစီးသွား၏။ လှေပဲ့ဖျားပိုင်းတွင်လည်း နှာခေါင်းပေါက် တစ်ပေါက်ဖောက်လိုက်ပြန်သည်။ ဤခြောက်လံအရှည်လုံးထွင်းလှေကို ဘထွန်းမောင် ခုတ်လှဲပိုင်းဖြတ်ထုထွင်းလုပ်ကိုင်လာခဲ့သည်မှာ တစ်လနီးနီးပင် ရှိနေပေပြီ။

ဘထွန်းမောင် ပတ်ဝန်းကျင်ကို လှည့်ပတ်ကြည့်လိုက်ပြီး တွဲလောင်းကျနေသော ကြိမ်နွယ်ကြိုးနှစ်ချောင်းကို ခပ်သွက်သွက်ဆွဲဖြတ်လိုက်၏။ ကြိမ်နွယ်တစ်ချောင်းကို လှေဦးပိုင်း နှာခေါင်းပေါက်တွင် သွားချည်ထားလိုက်ပြီး ကျန်တစ်ချောင်းကို လှေပဲ့ပိုင်း နှာခေါင်းပေါက်တွင်ချည်ထားလိုက်၏။

ဘထွန်းမောင် လှေဆင်းလမ်းကြောင်းရှိ ကျောက်တုံးကျောက်ခဲများကို ဖယ်ရှားပစ်လိုက်ပြီး သစ်ပင်၊ ဝါးပင်များကိုလည်း ခုတ်ထွင်ရှင်းလင်းပစ်လိုက်၏။ လုံးထွင်းလှေတုံး ချောင်းရေထဲကျရေးအတွက် လှေထွင်းသမား ဘထွန်းမောင် မနားမနေ အလုပ်လုပ်နေလေပြီ။ တောင်ခြေအနိမ့်ပိုင်းရောက်နေသော လှေပဲ့ပိုင်းနှာခေါင်းပေါက်တွင် ချည်ထားသော ကြိမ်နွယ်ကြိုးစကို ပင်စည်တစ်ခုတွင် ဆွဲချည်ထားလိုက်၏။ ရှေ့ဦးပိုင်း နှာခေါင်းပေါက်တွင် ဆွဲချည်ထားသော ကြိမ်နွယ်ကြိုးစကိုတော့ မည်သည့်နေရာတွင်မျှ မချည်ဘဲ သည်အတိုင်း လွှတ်ထားသည်။ အမြင့်ပိုင်းတွင်ရှိနေသော လှေဦးပိုင်းဘက်သို့ ဘထွန်းမောင် ခပ်သွက်သွက်ပြေးတက်လိုက်သည်။ အသင့်ခုတ်ဖြတ်ထားသော သစ်သားချောင်း တစ်ချောင်းကို လှေဝမ်းဗိုက်အောက်သို့ ထိုးသွင်းပြီး သစ်သားချောင်း အရင်းပိုင်းကို ပခုံးဖြင့်ခံကာ မတင်လိုက်၏။

''ဟေးလား...လာလေရဲ့''

ကျောက်ခဲကျောက်သားများဖုံးလွှမ်းပြီး မာကျစ်နေသော မြေပြင်ကို ခြေသလုံးတုတ်တုတ်ကြီးဖြင့် နင်းကန်ကာ ဘထွန်းမောင် ဆောင့်တွန်းလိုက်၏။

''ဟေးလား...လာလေရဲ့''

''ဟေးလား... လာလေရဲ့''

သုံးကြိမ်တိတိ တွန်းကန်ပြီးချိန်တွင် လှေဦးပိုင်း တော်တော်လည်ဆင်းသွားသည်။ သစ်သားချောင်းအဖျားပိုင်းကို လှေအောက်သို့ ပိုမိုရောက်ရှိအောင် ထိုးသွင်းလိုက်ပြန်သည်။

''ဟေးလား.... လာလေရဲ့''

''ဂူး...ဂလွမ်း...ဂလွမ်း...ဂလွမ်း''

လှေတုံးကြီး တစ်ပတ်လည်ဆင်းသွားပြီး လှေပဲ့ဖျားပိုင်းကြိမ်နွယ်ကြိုး၏ ထိန်းထားမှုကြောင့် လှေတုံးကြီး ရပ်သွားသည်။ လှေပဲ့ဖျားပိုင်းမှာ ကြိမ်နွယ်၏ ထိန်းချုပ်မှုကြောင့် ကုန်းမြင့်ပိုင်းသို့ ရောက်သွားပြီး လှေဦးပိုင်းမှာ မြေနိမ့်ပိုင်းဘက်သို့ ရောက်သွားတော့၏။

ဘထွန်းမောင် လှေဦးဖျားပိုင်းရောက်နေသော မြေနိမ့်ပိုင်းဘက်သို့ ပြေးဆင်းပြီးကြိမ်နွယ်ကြိုးစကို နီးရာ ပင်စည်တစ်ခုတွင် ဆွဲချည်လိုက်သည်။ တောင်မြင့်ပိုင်းရောက်နေသော လှေပဲ့ဖျားပိုင်း ကြိမ်နွယ်ကြိုးစကိုပင်စည်မှ ဖြေပေးလိုက်သဖြင့် လှေပဲ့ဖျားပိုင်းမှာ အချည်အနှောင်မဲ့နေလေချေပြီ။ ဘထွန်းမောင် လှေပဲ့ပိုင်းအောက်သို့ သစ်သားချောင်းကို ထိုးသွင်းလိုက်ပြီး ပခုံးပေါ်မတင်ကာ တွန်းလိုက်ပြန်၏။ တောင်ပေါ်မှ တောင်အောက်သို့ တစ်ပြန်စီ ရွှေ့လျားစေခြင်းဖြင့် လှေတုံးကိုချောင်းရေပြင်သို့ တွန်းချနေခြင်းပင် ဖြစ်ပေသည်။

''ဟေးလား....ဟေးလား...ဟေးလား''

''ဂလွမ်း...ဂလွမ်း...ဂလွမ်း....ဂူး''

လှေတုံးကြီး တစ်ပတ်လည်ကာ တောင်ခြေအနိမ့်ပိုင်းသို့ လည်ဆင်းသွားခဲ့လေပြီ။

''ဟင်''

သည်တစ်ချီတွင် လှေထွင်းသမား ဘထွန်းမောင် အတော်လေးမျက်လုံးပြူးသွားခဲ့လေပြီ။ တစ်ပတ်လည်ဆင်းလာသော လှေပဲ့ဖျားပိုင်းမှာ တောင်စွယ်ကျောက်တုံးကြီးပေါ် လှေခါးတစ်ပိုင်းတင်နေခဲ့လေပြီ။ ဘထွန်းမောင် နံနက်စာ ထမင်းကို ဝါးရုံချုံပုတ်အနီးမှာ ဖြစ်သလိုစားပြီးကတည်းက မနားမနေ လှုပ်ရှားလုပ်ကိုင်လာခဲ့သည်မှာ နေမွန်းတိမ်းခဲ့ပေပြီ။

''ဒီတစ်လအတွင်း ခွဲစိတ်ဖြစ်အောင် ခွဲစိတ်ရမယ်''

ဆရာဝန်၏ ပြောစကားက ဘထွန်းမောင် နားထဲပဲ့တင်ထပ်လာသည်။ အမေ့ သည်းခြေအိတ်တွင် ကျောက်တည်နေကြောင်း ဟိုတစ်ခေါက် မြို့သွားပြတုန်းက ဆရာဝန်ပြောထားပြီးဖြစ်သည်။

ဘထွန်းမောင် ကရင်ဝါးတောထဲသို့ ခပ်သွက်သွက်ဝင်သွားပြီး ဝါးလုံးတချို့ကို ခုတ်ယူလိုက်သည်။ ဝါးများကို ခွဲခြမ်းပြီး နီးကြမ်းဖြာပစ်လိုက်၏။ ဝါးနီးခြမ်းများကို ရက်လုပ်လိုက်ခြင်းဖြင့် ဝါးနီးခြမ်းခြင်းကြီး တစ်လုံးကို ရရှိစေခဲ့လေပြီ။

ခြင်းကြီး၏ မျက်နှာဝနှင့် ဖင်ထောင့်များကို လေးစိတ်ခွဲဝါးခြမ်းပြားများခံပြီး ကြိမ်နွယ်ကြိုးဖြင့် ကွပ်ချည်လိုက်သောကြောင့် ခြင်းကြီးမှာ တောင့်တောင့်ခိုင်ခိုင် ဖြစ်သွားတော့သည်။

ဘထွန်းမောင် ဝါးရုံတောထဲက နွယ်တစ်ပင် ဆွဲဖြတ်ယူပြီး ခြင်းကြီးကို ကြိုးကွင်းတပ်လိုက်သည်။ ခြင်းကြီးကြိုးကွင်းကို ဝါးလုံးထိပ်ဖျားတွင် စွပ်ရိုက်ပြီး တောင်စွယ်ဖျား ကျောက်တုံးကြီးပေါ်တွင် တန်းလန်းကြီးဖြစ်နေသော လှေပဲ့ဖျားပိုင်း၌ ချိတ်ပေးလိုက်၏။ ခြင်းမှာ လှေတုံးဖျားတွင် ခလောက်ကြီး ဆွဲထားသလိုမျိုး တွဲလောင်းကြီးဖြစ်နေပေပြီ။ ဘထွန်းမောင် လက်လှမ်းမီရာ ခဲလုံးများကို ကောက်ယူစုပုံလိုက်ပြီး ခြင်းကြီးထဲသို့ တစ်လုံးပြီးတစ်လုံးပစ်ထည့်လိုက်သည်။ သိပ်မကြာခင် ခြင်းကြီးထဲတွင် ခဲလုံးများ ပြည့်သွား၏။ ခဲလုံးများပြည့်လာသော ခြင်းကြီး အလေးချိန်ကြောင့် လှေတုံးကြီး တဖြည်းဖြည်း ညွတ်ကျလာ၏။ မြေပြင်သို့အရောက်တွင် လှေတုံးကြီးမှာ လင်းမြွေကြီးတစ်ကောင်သွားသလိုမျိုး တောင်ခြေအောက်ဘက်သို့ လျှောဆင်းသွားတော့သည်။

''ဂလွမ်း....ဂလွမ်း....ဂလွမ်း...ဒိန်း''

လှေတုံးကြီး၏ အဖျားပိုင်းသည် ဘန့်ဘွေးပင်ကြီးတစ်ပင်တွင် သွားထောက်ကာ ဂဟေစွဲသည့်ပမာ မြဲနေခဲ့ပေပြီ။ ဘထွန်းမောင် ရခိုင်ကမ်းရိုးတန်းအနောက်ခြမ်းသို့ စောင်းငဲ့ကြည့်လိုက်၏။ နေလုံးကြီးသည် ရခိုင်ရိုးမတောင်တန်းကြီးကို နှုတ်ဆက်နေပေပြီ။

ဘထွန်းမောင်သံတူးရွင်းကို ဆွဲပြီး လှေတုံးကြီးအနီးသို့ပြေးတပ်လိုက်သည်။ ပင်စည်ကြီးတွင် တဲနေသော လှေတုံးနှင့် ပင်စည်ကြားထဲသို့ သံတူးရွင်းကို အရှိန်ပြင်းပြင်းထိုးစိုက်လိုက်၏။

''ဒိန်း''

သံတူးရွင်းဖျား ပြားပြားထူထူကြီးသည် ပင်စည်နှင့် လှေတုံးကြားတွင် ခိုင်ခိုင်မြဲမြဲ စိုက်ဝင်နေခဲ့ပေပြီ။

''ဟေး....လား''

ဘထွန်းမောင် သံတူးရွင်းကို အားစိုက်ပြီး ဆွဲလိုက်ရာလှေတုံးကြီး နည်းနည်းလှုပ်သွားသည်။

''ဟေး...လား''

ဒုတိယအကြိမ် ဆွဲလိုက်ပြန်၏။ လှေတုံးကြီး ပိုပြီး လှုပ်သွားသည်။ ဘထွန်းမောင် အင်အားများပြည့်သွားသည်။ ''ရတော့မှာပါ'' ဟူသော ခံယူချက်ရှင်သန်သွားသည်။

''ဟေး...လား''

''ဂူး....ဂလွမ်း...ဂလွမ်း...ဂလွမ်း....ဒိန်း''

''အား''

ဘထွန်းမောင်ထံက နောက်ဆုံးထွက်သွားသော အသံမှာ လွန်စွာမြည်ဟည်းပြီး တောအလုံးတောင်အလုံးသိမ့်သိမ့်တုန်သွားတော့သည်။ သည်တစ်ချီတွင် လှေထွင်းသမား ဘထွန်းမောင် အကြီးအကျယ်မှားသွားခဲ့လေပြီ။ ဖြစ်ချင်လွန်းသည့် အာရုံလွန်ကဲမှုဆန္ဒစောတရားက ဘထွန်းမောင်၏ အသိနှင့် သတိကို တုတ်နှောင်အကျဉ်းချထားသလို ဖြစ်ခဲ့ပေပြီ။

လှေဦးပိုင်းကို ကြိမ်နွယ်ကြိုးဖြင့် တဲထားခြင်းမပြုမိသလို မိမိခန္ဓာကိုယ်ကြီးသည် လှေတုံးကြီး၏ အောက်ဘက်သို့ ရောက်နေသည်ကိုလည်း သတိမမူမိခဲ့။ယခုတော့လှေတုံးကြီး၏အညှာအတာကင်းသော တွန်းအားအရှိန်ကြောင့် ခန္ဓာကိုယ်ကြီးလွင့်စဉ်သွားပြီး ကျောက်တုံးကြီးနှင့် သွားရိုက်မိခဲ့ချေလေပြီ။

(၃)

ညသည်တဖြည်းဖြည်း မှောင်သည်ထက် မှောင်လာသည်။ ရွာလမ်းပေါ်တွင် သွားလာနေကြသည့် လူသူလေးပါးတောင် တိတ်ဆိတ်နေပေပြီ။ ဆောင်းလေအေးက ရောဂါသည် အဘွားအို ဒေါ်ခိုင်မဖြူကို မညှာမတာ နှိပ်စက်နေသဖြင့် ခိုက်ခိုက်တုန်နေပေပြီ။

''မြဇာခိုင်ရေ''

''ရှင် အမေ လာပါပြီ''

ခေါ်သံကြောင့် ချွေးမမြဇာခိုင် ယောက္ခမ၏ အနားသို့ ရောက်လာခဲ့သည်။

''ညဥ့်နက်နေပြီ သားလေး အခုထိ မရောက်သေးပါလားကွယ်''

စာမျက်နှာ ၂၆ သို့ ➤

# မအူပင်မြို့နယ်တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ စပါး ၈၂၇၅၁ ဧက စိုက်ပျိုးမည်



ယခင်နှစ်က စပါးစိုက်ခင်းကို တွေ့ရစဉ်။

**မအူပင် နိုဝင်ဘာ ၁၁**

ဧရာဝတီတိုင်းဒေသကြီး မအူပင်ခရိုင် မအူပင်မြို့နယ်တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ စပါး ၈၂၇၅၁ ဧကထိ စိုက်ပျိုးသွားမည်ဖြစ်ကြောင်း မအူပင်မြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးဇော်မင်းထွန်းက ပြောပြ၍ သိရသည်။

မအူပင်မြို့နယ်တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ စပါး ၈၂၇၅၁ ဧကကို ယခုနှစ် ဒီဇင်ဘာလ ပထမပတ်တွင် စတင်စိုက်ပျိုးသွားမည် ဖြစ်ကြောင်း၊ အဆိုပါစပါးများ လျာထားဧကပြည့်မီအောင် စိုက်ပျိုးနိုင်ရန် ဒေသခံတောင်သူများနှင့် စိုက်ပျိုးရေးဦးစီးဌာနတို့ ပူးပေါင်းဆောင်ရွက်နေကြောင်း သိရသည်။

"မအူပင်မြို့နယ် တစ်ခုလုံး အနေနဲ့ စပါးဧက ၈၂၀၀၀ကျော် ထိလျာထား စိုက်ပျိုးမှာဖြစ်ပါတယ်။ စိုက်ပျိုးသွားမဲ့စပါး အမျိုးအစားတွေကတော့ ဒေသမြေအနေအထားနဲ့ ကိုက်ညီပြီး အထွက်နှုန်းကောင်း၊ အရည်အသွေးကောင်း စပါးအမျိုးအစားတွေကို အဓိကထားစိုက်ပျိုးသွားမှာဖြစ်ပါတယ်။စပါးတွေကိုအခက်အခဲမရှိ စိုက်ပျိုးနိုင်ဖို့ စိုက်ပျိုးရေးနည်းပညာတွေနဲ့ အခြားလိုအပ်တာတွေကို ဆောင်ရွက်ပေးထားပါတယ်။ ဒါ့ပြင်စိုက်ပျိုးမဲ့စပါးတွေ ပိုးမွှားရောဂါ ကာကွယ်နှိမ်နင်းဖို့ နည်းပညာပေးလုပ်ငန်းတွေကိုလဲ ဆောင်ရွက်ပေးနေပါတယ်''ဟု မအူပင်မြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးဇော်မင်းထွန်းက ပြောပြသည်။

မအူပင်မြို့နယ်တွင် ဒေသခံတောင်သူများ စပါးရာနှုန်းပြည့် စိုက်ပျိုးနိုင်ရေးအတွက် စိုက်ပျိုးရေးဆိုင်ရာ နည်းပညာပေးခြင်း၊ ရိတ်သိမ်းချိန်လွန် နည်းပညာများပေးခြင်း၊ ဓာတ်မြေဩဇာများ စနစ်တကျ အသုံးပြုတတ်စေရန် နည်းပညာပေးခြင်းစသည့်လုပ်ငန်းများကို စိုက်ပျိုးရေးဦးစီးဌာနက ဆောင်ရွက်ပေးလျက် ရှိကြောင်း မအူပင်မြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမြို့နယ်ဦးစီးမှူး ဦးဇော်မင်းထွန်းထံမှ သိရသည်။ **ကျော်ကျော်လင်း**

# ပေါင်မြို့နယ် ကန်ဖြူကျေးရွာ၌ Mobile Financial Paymentစနစ်ဖြင့် မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေး

**ပေါင် နိုဝင်ဘာ ၁၁**

မွန်ပြည်နယ် သထုံခရိုင် ပေါင်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက မြစိမ်းရောင်ကျေးရွာစီမံကိန်း အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသော ကန်ဖြူကျေးရွာ၌ Mobile Financial Payment စနစ် အသုံးပြု၍ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေးခြင်းကို နိုဝင်ဘာ ၁၀ ရက် နံနက်ပိုင်းက အဆိုပါကျေးရွာ၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ ပေါင်မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးကျော်ကျော်လတ်က Mobile Financial Payment စနစ် အသုံးပြု၍ မြစိမ်းရောင်ကျေးရွာစီမံကိန်း ရန်ပုံငွေထုတ်ချေးရခြင်း၏ ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ မြို့နယ်စီမံကိန်းတာဝန်ခံဝန်ထမ်းက မြစိမ်းရောင်ကျေးရွာစီမံကိန်း ရန်ပုံငွေများကို Mobile Financial Payment စနစ်ဖြင့် ထုတ်ချေးပေးခြင်းဖြင့် ကျေးလက်နေပြည်သူများ ဒီဂျစ်တယ်ငွေကြေးဝန်ဆောင်မှုလုပ်ငန်းများကို လက်လှမ်းမီနိုင်စေခြင်း၊ ငွေကြေး မသမာမှုများကြောင့် ဆုံးရှုံးနိုင်မှုလျော့နည်းစေခြင်းစသည့် အကျိုးကျေးဇူးများ ရရှိမည်ဖြစ်ကြောင်း ရှင်းလင်းပြောကြားသည်။

ထို့နောက် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနနှင့် Myanmar Citizens Pay တို့ ပူးပေါင်း၍ Manual Cash – Based စနစ်အစား Mobile Financial Pay – ment စနစ်အသုံးပြု၍စိုက်ပျိုးရေး လုပ်ငန်းလုပ်ကိုင်သူ ၈၉ ဦးကို ငွေကျပ်၂၈ ဒသမ ၄သန်းနှင့် မွေးမြူရေး လုပ်ငန်းလုပ်ကိုင်သူ ၁၀ ဦးကို ငွေ ကျပ် ၄ ဒသမ ၃ သန်း စုစုပေါင်း အသင်းသား၊ အသင်းသူ ၉၉ ဦးကို ငွေကျပ် ၃၂ ဒသမ ၇ သန်းထုတ်ချေးခဲ့ကြောင်း ပေါင်မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးကျော်ကျော်လတ်ထံမှ သိရသည်။

**သုတ**

➤ စာမျက်နှာ ၂၅ မှအဆက်

(၄)

''အမေရယ် အစ်ကိုဘထွန်းမောင် တစ်ခုခု အခက်အခဲဖြစ်နေလို့ ထင်ပါတယ်။ တော်ကြာ ရောက်လာပါလိမ့်မယ်"

''အစ်မ မြဇာခိုင်ရေ၊ အစ်မ မြဇာခိုင်"

အိမ်ရှေ့က ခေါ်သံကြား၍ မြဇာခိုင် အလျင်အမြန် ထွက်ကြည့်လိုက်သည်။

''အစ်မရယ် အစ်ကို ဘထွန်းမောင် လှေတုံးကြီး နားမှာ သွေးအလိမ်းလိမ်းနဲ့ သတိမေ့နေတာတွေ့လို့ ကျွန်တော်သယ်လာခဲ့တယ်ဗျာ"

''ဟင် သူ အခုဘယ်မှာလဲ မောင်လေး"

''ကျွန်တော့်လှေပေါ်မှာ။ ကျွန်တော် ဝါးခုတ်ရင်း အိမ်အပြန်တွေ့လို့ဗျ"

မြဇာခိုင် လှေဆိပ်သို့ ချက်ချင်းပြေးဆင်းလိုက်သည်။ သိပ်မကြာပါချေ။ မြဇာခိုင် အိမ်သို့ အူယားဖားယား ပြန်ရောက်လာခဲ့သည်။

''အမေရယ် စိတ်ခိုင်ခိုင်ထားပါ၊ အစ်ကိုဘထွန်းမောင် တောထဲမှာ သတိမေ့လဲကျနေတာတွေ့လို့ လှထွန်းသယ်လာခဲ့တယ်"

''အမယ်လေး သားရယ်"

ဇရာနှင့် ဝေဒနာတို့ လုံးလားထွေးလားအားပြိုင်နေကြချိန်မှာ သားကြောင့်ဖြစ်တည်သော မွေးသမိခင်၏ရတက်မီးစာ ဒေါ်ခိုင်မဖြူ နှလုံးသားကို ထပ်မံလောင်ကျွမ်းပြန်လေပြီ။

''အမေရယ် ငိုနေလို့ မဖြစ်ဘူး။ အခု စစ်တွေဆေးရုံးကြီး ပို့ရမယ်။ အမေ့ပါ တစ်ပါတည်း ခေါ်သွားမယ်"

''စစ်တွေကရောက်နေတဲ့ အလုပ်ရှင်ဦးဘလှကျော်ကပဲ အစ်ကိုဘထွန်းမောင်ရဲ့လှေဖိုးပိုက်ဆံ တစ်ခါတည်းပေးလိုက်တာ။ သူတို့ စက်လှေနဲ့ပဲ သွားကြမှာပါ အမေ။ သူကလဲ ကျန်းမာရေးဝန်ထမ်း (အငြိမ်းစား) ဆိုတော့ နားလည်ပါတယ်"

''သာခုကွယ် သာခု သာခု သာခု။ အားလုံးကျန်းမာကြပါစေ။ ချမ်းသာကြပါစေ"

နံနက်ခင်းနေခြည်ဝင်းလဲ့လဲ့သည် ကုလားတန်မြစ်ရေပြင်တွင် အရှေ့လေကြောင့် ခုန်ပေါက်ဆော့ကစားနေကြသော လှိုင်းကြက်ခွပ်ကလေးများကို ပိုပြီးလင်းလက်ဖြူဖွေးစေ၏။ မြစ်ကမ်းနံဘေးက စစ်တွေမြို့ပြည်သူ့ဆေးရုံကြီးမှာတော့ ခန္ဓာကြောင့်ဖြစ်သော ဝေဒနာများကို ခံစားနေကြရသော လောကသည့်သည် ဒုက္ခခရီးသည်များပြည့်လို့။

ဒေါ်ခိုင်မဖြူမှာတော့ နှာခေါင်းပိုက်၊ ဆီးပိုက်၊ ဆေးသွင်းပိုက် စသည့်ဖြင့် ပိုက်ကြိုးများရှုပ်ယှက်ခတ်ကာ ရုပ်သေးရုပ်တစ်ရုပ်လို ဖြစ်နေ၏။ ဒေါ်ခိုင်မဖြူ မျက်လုံးအစုံကိုမှိတ်ပြီး အသက်ညင်းညင်းရှူနေသည်။ တစ်ချီတွင် မျက်လုံးမှေးမှေးလေးဖြင့် ဘေးဘယ်ညာ လှည့်ပတ်ကြည့်လိုက်သည်။

''ဟင် မြဇာခိုင် နင် ဒီရောက်နေပါလား။ သားလေးကော ဟင်၊ သားလေး ဘယ်မှာလဲ"

သည်စကားစုကို ဒေါ်ခိုင်မဖြူ ပြောထွက်ခဲ့သည်တော့ မဟုတ်ပေ။ မျက်ဝန်းအိမ်လျော့ရိလျော့ရဲ ထောင့်စွန်းဖျားမှ မျက်ရည်များ ပါးပြင်ပိန်ကပ်ကပ်ပေါ်သို့ လိမ့်ဆင်းလာကြသည်။

''အမေ"

ဘထွန်းမောင် အမေ့ကို အသာအယာ ပွေ့ဖက်လိုက်ချိန်မှာတော့ မွေးသမိခင် အမေ ဒေါ်ခိုင်မဖြူ၏ မျက်နှာပြင်လေး ချက်ချင်း လင်းလက်သွားတော့သည်။

''သား ဆေးရုံက ဆင်းခွင့်ရပြီ အမေ"

အမေနှင့်သား ပါးပြင်ချင်းဖိကပ်ထားကြရင်း အပြုံးပန်းများ ဖြာဝေသွားကြသည်။

## ထူးကဲတဲ့ သည်အလှူတော်

– ဘုံကထိန် မြတ်သင်္ကန်း
လှူဒါန်းကြ သည်ချိန်ခါ၊
အလှူရှင်တွေ ပေါင်းစုလို့
ကောင်းမှုဝေဖြာ။
မြတ်ဗုဒ္ဓရဲ့သာသနာ
ရှည်ကြာစွာ တည်တံ့စေဖို့၊
မြတ်နိဗ္ဗာန် ရည်မှန်းကာ
လှူဒါန်းကြစို့။

– တစ်လမှာ တစ်ရက်တည်းမို့
ခက်ခဲတဲ့ အလှူတော်၊
တစ်ကျောင်းတွင် တစ်ကြိမ်မျှ
ခင်းခွင့်ရသော်။
တစ်ထည်သော သင်္ကန်းဖြစ်ရန်နော်
ဝိနည်းတော်မှာပြဋ္ဌာန်း၊
စည်းကမ်းကျနစွာနှင့်
ရွှေကျမ်းတော်လာ မိန့်မှာချက်ကို
ဦးထက်ဆင်မြန်း။

– သုံးတန်စေတနာ ပြဋ္ဌာန်းလို့
မဂ်လမ်းကိုတဲ့ရည်ရွယ်၊
နိဗ္ဗာန်တိုင်အောင်အကျိုးပေးမည့်
မျိုးစေ့သဖွယ်၊
ထူးကဲတဲ့ သည်အလှူတော်ဝယ်
ရရှိမယ် အကျိုးတရား၊
တရားတော်ကိုသေချာနာရမှ
သိကြအများ။ ။

**မောင်မောင်အေး(ဘိုကလေး)**

❑ **ကျောဖုံးမှအဆက်**

ပူးတွဲရပ်တည်နိုင်ခဲ့ကြသည်။

ပေါ်ဝါရင်းသည် ဖလားမိုးခေါင်နေသည့်မှတ်တမ်းဆိုးကို ချေဖျက်နိုင်ခဲ့ပြီး ချန်ပီယံဆုဆွတ်ခူးနိုင်ရန် ရေပန်းစားနေသည့် ကမ္ဘာ့အဆင့် ၃ မှ ဂေါက်သီးရိုက်ကစားသမား မက်အီလ်ရွိုင်းကို ကျော်ဖြတ်ကာ ချန်ပီယံဆု ဆွတ်ခူးနိုင်ခဲ့ခြင်း ဖြစ်သည်။

ပေါ်ဝါရင်းက“ ဒီဆုဟာစိတ်ဓာတ်ကျနေတဲ့ ကျွန်တော့်ကိုစိတ်ဓာတ်ပိုင်းဆိုင်ရာမှာ အများကြီးတိုးတက်လာစေပါတယ်။ အောင်မြင်မှုတွေနဲ့ဝေးကွာနေရတဲ့ ကျွန်တော့်အတွက် ယုံကြည်မှုတွေပျောက်ဆုံးနေခဲ့တယ်။ ယုံကြည်မှုမရှိတဲ့သူတစ်ယောက်အတွက် အောင်မြင်မှုရဖို့ဆိုတာ အရမ်းကိုခက်ခဲပါလိမ့်မယ်။ ဒါပေမဲ့ မက်အီလ်ရွိုင်းတို့လိုကစားသမားမျိုးကို ကျော်ဖြတ်ပြီး ချန်ပီယံဖြစ် ခွင့်ရခဲ့လို့ ကျွန်တော့်ရဲ့ယုံကြည်မှု တွေကအမြင့်ဆုံးအခြေအနေကို ရောက်နေပါတယ်။ European Tour ဂေါက်သီးရိုက်ပြိုင်ပွဲအမျိုးအစားမှာ ကျွန်တော့်အတွက် ဒုတိယမြောက်ဆွတ်ခူးနိုင်ခဲ့တဲ့ ဆုဖလားဖြစ်သလို ခြောက်နှစ်တာကာလအတွင်း ပထမဆုံး ပြန်လည်ရယူနိုင်ခဲ့တဲ့ ဆုဖလားဖြစ်တဲ့အတွက် ဒီအောင်မြင်မှုက ကျွန်တော့်ဘဝအတွက် အမြဲအမှတ်ရစေမဲ့ ပြိုင်ပွဲဖြစ်ပါတယ်” ဟု ပြောကြားခဲ့ကြောင်း သိရသည်။

**Ref : RT**
**Trs : AZL**

# အင်ဒိုနီးရှား - ရုရှား ရေတပ်စစ်ရေးလေ့ကျင့်မှု၏ နောက်ကွယ်မှ အကြောင်းတရားများ

အင်ဒိုနီးရှားနိုင်ငံသည် ၂၀၂၄ ခုနှစ် နိုဝင်ဘာ ၄ ရက်တွင် ရုရှားနိုင်ငံနှင့် ပထမဆုံးသော နှစ်နိုင်ငံရေတပ် စစ်ရေးလေ့ကျင့်မှု ပြုလုပ်ခဲ့ပြီး ရုရှားကော်ဗက် စစ်ရေယာဉ် သုံးစီးနှင့် အထောက်အကူပြုရေယာဉ် တစ်စီးတို့ပါဝင်မည့် ၎င်းစစ်ရေးလေ့ကျင့်ခန်းကို နိုဝင်ဘာ ၈ ရက်ထိ ပြုလုပ်ခဲ့သည်။

Orruda 2024 ဟု ခေါ်ဆိုသည့် ၎င်းစစ်ရေးလေ့ကျင့်ခန်းသည် အင်ဒိုနီးရှားသမ္မတသစ် ပရာဘိုဝို ဆူဘီယန်လက်ထက်တွင် အမေရိကန်အပြင် ၎င်း၏ မဟာမိတ်များနှင့် ပထဝီနိုင်ငံရေးအရ ခပ်ခွာခွာ နေထိုင်သွားလိုပြီး ရုရှားနှင့် တရုတ်နိုင်ငံဘက်သို့ ယိမ်းလိုသည့်သဘောကို ပြသနေဖွယ်ရာရှိသည်။

သို့သော် ဂျကာတာမြို့ရှိ အများသဘောဆန္ဒသည် စစ်ရေးလေ့ကျင့်ခန်းကို လုံးလုံးလျားလျား ထောက်ခံလိုခြင်းမရှိဘဲ အင်ဒိုနီးရှားနိုင်ငံ၏ ဘက်မလိုက် ရပ်တည်ချက်ကို စွဲကိုင်ထားရန်နှင့် အမေရိကန်နှင့် ၎င်း၏ မဟာမိတ်များကြား သိသာထင်ရှားသော လုံခြုံရေးပူးပေါင်းဆောင်ရွက်မှုများ တိုးမြှင့်ဆောင်ရွက်နေသည့်အချိန်တွင် ရုရှားနိုင်ငံဘက်သို့ ယိမ်းသည့် တန်ပြန်ဟန်ချက်ထိန်းညှိမှု လုပ်ဆောင်သွားလိုသော သဘောထားရှိနေသည်။

မည်သို့ပင်ဆိုစေ ယခုနှစ် အောက်တိုဘာ ၂၀ ရက်တွင် တာဝန်စတင်ထမ်းဆောင်လျက်ရှိသည့် သမ္မတ ပရာဘိုဝိုသည် အင်ဒိုနီးရှားနိုင်ငံကို ကာလရှည်ကြာ လက်နက်ပံ့ပိုးပေးလျက်ရှိသည့် ရုရှားနိုင်ငံနှင့် နွေးထွေးသော ဆက်ဆံရေးထူထောင်သွားလိုသည့် ဆန္ဒရှိနေသည်။ ယခုနှစ် ဇူလိုင်လတွင် သမ္မတပရာဘိုဝိုသည် ကာကွယ်ရေးဝန်ကြီးအနေဖြင့် မော်စကိုမြို့သို့ ချစ်ကြည်ရေးခရီးသွားရောက်ခဲ့ပြီး ရုရှားသမ္မတ ဗလာဒီမာပူတင်နှင့် တွေ့ဆုံဆွေးနွေးခဲ့သည်။ ၎င်းခရီးစဉ်အတွင်း သမ္မတပရာဘိုဝိုသည် ရုရှားနိုင်ငံကို အင်ဒိုနီးရှားနိုင်ငံ၏ အင်အားကြီးမားသော မိတ်ဆွေနိုင်ငံအဖြစ် ချီးကျူးပြောကြားခဲ့ပြီး နှစ်ဖက်စလုံးအနေဖြင့် ချစ်ကြည်ရင်းနှီးမှုမြှင့်တင်နိုင်မည့် သံခင်းတမန်ခင်းဆက်ဆံရေး ထူထောင်သွားရန် မျှော်မှန်းထားကြောင်း ထုတ်ဖော်ပြောကြားသွားခဲ့သည်။

ယခုနှစ် အောက်တိုဘာ ၂၅ ရက်တွင် အင်ဒိုနီးရှားနိုင်ငံခြားရေးဝန်ကြီး ဆူဂီယိုနိုသည် ရုရှားနိုင်ငံ ကာဇန်တွင် ကျင်းပသည့် BRICS ထိပ်သီးဆွေးနွေးပွဲသို့ တက်ရောက်စဉ် BRICS အဖွဲ့သို့ ဝင်ရောက်လိုသည့် အင်ဒိုနီးရှားနိုင်ငံ၏ ဆန္ဒကို ထုတ်ဖော်ကြေညာခဲ့သည်။ ဆူဂီယိုနိုသည် သမ္မတပရာဘိုဝို၏ အနီးကပ်တပည့်တစ်ဦးဖြစ်ပြီး BRICS သို့ ဝင်ရောက်ရန် ညွှန်ကြားချက်သည် အထက်မှ ဆင်းသက်လာသည် ဆိုသောအချက်မှာ သံသယဝင်ရန်ပင် မလိုအပ်ပေ။

အထူးသဖြင့် အင်ဒိုနီးရှားနိုင်ငံသည် နှစ်နိုင်ငံပူးတွဲစစ်ရေးလေ့ကျင့်ခန်း လုပ်ဆောင်ရေးနှင့် စပ်လျဉ်း၍ တရုတ်နိုင်ငံနှင့်လည်း စတင်ဆွေးနွေးလျက်ရှိသည်။ လွန်ခဲ့သောဆယ်စုနှစ် တစ်စုလောက်ကတည်းက ၎င်းစစ်ရေးလေ့ကျင့်ခန်းမျိုးလုပ်ဆောင်ခဲ့ခြင်းမရှိသဖြင့် လက်ရှိ ဆွေးနွေးမှုများသည် သိသာထင်ရှားသော တိုးတက်မှုအလားအလာပင်ဖြစ်သည်။

ဆိုရလျှင် North Natuna Sea နှင့် စပ်လျဉ်း၍ နှစ်ဖက်စလုံးမှ ပိုင်ဆိုင်မှုအငြင်းပွားလျက်ရှိသောကြောင့် အင်ဒိုနီးရှားနိုင်ငံသည် ၂၀၁၅ ခုနှစ်တွင် စစ်ရေးလေ့ကျင့်ခန်းကို ရပ်ဆိုင်းခဲ့သည်။ ၎င်းပင်လယ်ပြင်သည် တောင်တရုတ်ပင်လယ်ပြင်ရှိ တရုတ်နိုင်ငံ၏ အမှတ် ၉ မျဉ်းပြိုင်သတ်မှတ်နယ်မြေအတွင်း လုံးဝနီးပါးကျရောက်နေသည့် အင်ဒိုနီးရှားနိုင်ငံ၏ ရေပိုင်နက်ဖြစ်သည်။ အင်ဒိုနီးရှားနှင့် တရုတ်နိုင်ငံတို့ကြား စစ်ရေးလေ့ကျင့်ခန်းလုပ်ဆောင်ရန် ဆွေးနွေးမှုသည် အမေရိကန်နှင့် ၎င်း၏ မဟာမိတ်များကို စိုးရိမ်ပူပန်မှု မြင့်တက်လာစေခဲ့သည်။

ယခုသတင်းပတ်အတွင်း ပြုလုပ်လျက်ရှိသော စစ်ရေးလေ့ကျင့်ခန်းများသည် အင်ဒိုနီးရှားနိုင်ငံအနေဖြင့် ရုရှားနိုင်ငံနှင့် ပြုလုပ်လျက်ရှိသော ရေတပ်စစ်ရေးလေ့ကျင့်ခန်းများအနက် ပထမဆုံးလေ့ကျင့်ခန်း မဟုတ်ပေ။ နိုင်ငံပေါင်းစုံပါဝင်သော Komodo



စစ်ရေးလေ့ကျင့်ခန်းကို ၂၀၁၄ ခုနှစ်ကတည်းက လေးကြိမ်ပြုလုပ်ခဲ့ပြီးဖြစ်ပြီး ၂၀၂၃ ခုနှစ်တွင် ကျင်းပခဲ့သော ၎င်းစစ်ရေးလေ့ကျင့်ခန်းတွင် အမေရိကန်၊ ဂျပန်၊ တရုတ်နှင့် အခြားသောနိုင်ငံများအပြင် ရုရှားနိုင်ငံလည်း ပါဝင်ခဲ့သည်။ အင်ဒိုနီးရှားနိုင်ငံအနေဖြင့် ရုရှားနိုင်ငံနှင့် နှစ်နိုင်ငံစစ်ရေးလေ့ကျင့်ခန်းပြုလုပ်ခြင်းသည် သိသာထင်ရှားသော ပြောင်းလဲတိုးတက်မှုပင်ဖြစ်သည်။

ထို့ပြင် သမ္မတပရာဘိုဝိုသည် ကာကွယ်ရေးဝန်ကြီးအဖြစ် တာဝန်ထမ်းဆောင်စဉ် အမေရိကန်နိုင်ငံ၊ ၎င်း၏ မဟာမိတ်များနှင့် အင်ဒိုနီးရှားနိုင်ငံ၏ ကာကွယ်ရေးဆိုင်ရာ ဆက်ဆံရေးတိုးတက်စေရေးအတွက် ကြိုးကြပ်ဆောင်ရွက်ခဲ့သည်။ ယခုနှစ် ဩဂုတ်လတွင် အင်ဒိုနီးရှားနိုင်ငံသည် ဩစတြေးလျနိုင်ငံနှင့် ကာကွယ်ရေးဆိုင်ရာစာချုပ် လက်မှတ်ရေးထိုးခဲ့သည်။ ၎င်းစာချုပ်သည် နှစ်နိုင်ငံကြား လုံခြုံရေးဆိုင်ရာ သမိုင်းဝင်သဘောတူညီချက်ဖြစ်ခဲ့ပြီး သမ္မတပရာဘိုဝိုသည် အင်ဒိုနီးရှားနိုင်ငံအတွက် ဦးဆောင်ဦးရွက်ပြုခဲ့သည်။

အင်ဒိုနီးရှား၊ အမေရိကန်နှင့် အပေါင်းအပါ မဟာမိတ်အင်အားကြီးနိုင်ငံများပါဝင်သော နှစ်စဉ်စစ်ရေးလေ့ကျင့်ခန်းဖြစ်သည့် Super Garuda Shield သည် သမ္မတပရာဘိုဝိုလက်ထက်တွင် အင်အားပိုမိုကြီးမားလာပြီး သိမ်မွေ့နက်နဲလာခဲ့သည်။ ၂၀၂၄ ခုနှစ်တွင် ၎င်းစစ်ရေးလေ့ကျင့်ခန်းသည် ဩဂုတ် ၂၆ ရက်မှ စက်တင်ဘာ ၂၆ ရက်ထိ တစ်လကြာမြင့်မည်ဖြစ်ပြီး အင်ဒိုနီးရှား၊ ဂျပန်၊ စင်ကာပူ၊ ဗြိတိန်၊ ဩစတြေးလျ၊ ကနေဒါ၊ ပြင်သစ်၊ ဘရာဇီး၊ ဘရူနိုင်း၊ အိန္ဒိယ၊ တောင်ကိုရီးယား၊ နယူးဇီလန်နှင့် ထိုင်းနိုင်ငံတို့မှ တပ်ဖွဲ့ဝင် ၅၅၀၀ ခန့် ပါဝင်လေ့ကျင့်သွားမည်ဖြစ်သည်။ သို့သော် ရုရှားနှင့် လက်ရှိပြုလုပ်နေသော Orruda 2024 ရေတပ်စစ်ရေးလေ့ကျင့်မှုသည် Super Garuda Shield နှင့် နှိုင်းယှဉ်ပါက တပ်ဖွဲ့ဝင် အင်အား ရာဂဏန်းခန့်သာရှိပြီး လေးရက်သာ ကြာမြင့်မည်ဖြစ်သည်။

မည်သို့ပင်ဆိုစေ သမ္မတပရာဘိုဝိုအနေဖြင့် ရုရှားနိုင်ငံနှင့် နွေးထွေးသောဆက်ဆံရေး ထူထောင်သွားဖွယ်ရာရှိနေပြီး စစ်ရေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုမြှင့်တင်ခြင်းကို ဘက်မလိုက်ရပ်တည်ချက်အတွက် အင်ဒိုနီးရှားနိုင်ငံ၏ အစဉ်အလာသဘောထား တစ်စိတ်တစ်ဒေသအဖြစ် ရှုမြင်နိုင်ပေသည်။ အမေရိကန်နိုင်ငံနှင့် ကာကွယ်ရေးဆိုင်ရာ နီးကပ်သော ဆက်ဆံရေးထူထောင်မှုကြောင့် အင်ဒိုနီးရှားနိုင်ငံအနေဖြင့် ပထဝီနိုင်ငံရေးဆိုင်ရာ လှုပ်ရှားမှုအတွက် ၎င်း၏နေရာကို စွန့်လွှတ်သွားမည်မဟုတ်ဆိုသော အဓိပ္ပာယ်ကို လုံခြုံရေးဆိုင်ရာကိစ္စများတွင် ရုရှား၊ တရုတ်တို့နှင့် ထိတွေ့ဆက်ဆံခြင်းက ဖော်ညွှန်းလျက်ရှိသည်။

ဆိုရလျှင် သမ္မတပရာဘိုဝိုသည် အိန္ဒိယဝန်ကြီးချုပ် နရင်ဒရာမိုဒီအတိုင်း လိုက်ပါဆောင်ရွက်သွားလိုဖွယ်ရာရှိနေသည်။ မိုဒီသည် Quad အဖွဲ့တွင် ဝင်ရောက်ထားသော်လည်း ရုရှားသမ္မတပူတင်နှင့် တွေ့ဆုံဆွေးနွေးမှုများ ရှိနေသည်။

၂၀၂၃ ခုနှစ်တွင် စင်ကာပူနိုင်ငံတွင် ကျင်းပပြုလုပ်ခဲ့သော ရှန်ဂရီလာဆွေးနွေးပွဲ၌ ယူကရိန်းနိုင်ငံအတွက် ရုတ်တရက် အဆိုပြုခဲ့သော သမ္မတပရာဘိုဝို၏ ငြိမ်းချမ်းရေးစီမံကိန်းသည် ကမ္ဘာ့စင်မြင့်တွင် လွှမ်းမိုးမှု အလယ်အလတ်ရှိသော နိုင်ငံအဖြစ် အင်ဒိုနီးရှားနိုင်ငံ၏ ရပ်တည်မှုအတွက် ၎င်း၏ စိတ်ဆန္ဒကို ထင်ဟပ်ပေါ်လွင်စေခဲ့သည်။ အမှန်တော့ သမ္မတပရာဘိုဝိုသည် နိုင်ငံခြားရေးမူဝါဒချမှတ်ရန် စိတ်အားထက်သန်သူဖြစ်ပြီး ကမ္ဘာ့စင်မြင့်တွင် ပထဝီနိုင်ငံရေးဆိုင်ရာ အခြေအနေ၌ မသေချာမရေရာမှုများ မြင့်တက်နေစဉ် နိုင်ငံခြားရေးမူဝါဒကို မူလအနေအထားအတိုင်း ဆုပ်ကိုင်သွားရေးအတွက် ကြိုးပမ်းသွားလိုသော ဆန္ဒရှိနေခြင်းပင် ဖြစ်သည်။

အင်ဒိုနီးရှားနိုင်ငံအနေဖြင့် BRICS တွင် ဝင်ရောက်ဆုံးဖြတ်ချက်ချမှတ်ခဲ့မှုကြောင့် အင်ဒိုနီးရှားနိုင်ငံ၏ နိုင်ငံခြားရေးမူဝါဒချမှတ်သူအသိုက်အဝန်းကို အံ့ဩမှင်တက်ဖြစ်စေခဲ့သော်လည်း လက်တွေ့မည်သို့မည်ပုံ ဖြစ်ပေါ်လာမည်ဆိုသော အချက်မှာမူ မသေချာမရေရာ ဖြစ်နေဆဲပင် ဖြစ်သည်။ သမ္မတပရာဘိုဝိုသည် ကမ္ဘာလုံးဆိုင်ရာစင်မြင့်၌ အာရုံစူးစိုက်ခံရမှုရရှိရေး ကြိုးပမ်းနေဖွယ်ရာရှိသည်။ ၎င်း၏ ဆောင်ရွက်ချက်များသည် မဟာဗျူဟာမြောက် မျှော်မှန်းချက်နှင့် လိုက်လျောညီထွေရှိသလား ဆိုသောအချက်မှာ မသေချာမရေရာဖြစ်ပေါ်လျက်ရှိသော်လည်း လာမည့်နှစ်တွင် ရှင်းရှင်းလင်းလင်း ပေါ်ထွက်လာမည် ဖြစ်သည်။

မည်သို့ပင်ဆိုစေ ယခုသတင်းပတ်အတွင်း ပြုလုပ်နေသော ရေတပ်စစ်ရေးလေ့ကျင့်မှုသည် အင်ဒိုနီးရှားနိုင်ငံထက် ရုရှားနိုင်ငံအတွက် အဓိပ္ပာယ်ပိုမိုလေးနက်နေမည်ဖြစ်သည်။ အမေရိကန်နိုင်ငံအနေဖြင့် ရုရှားနိုင်ငံကို အထီးကျန်နိုင်ငံဖြစ်အောင် ကြိုးပမ်းနေသော်လည်း ရုရှားနိုင်ငံသည် အရေးပါသည့် အလယ်အလတ်နိုင်ငံများနှင့် သံခင်းတမန်ခင်း ဆက်ဆံရေးထူထောင်ထားရှိကြောင်းကို ၎င်းစစ်ရေးလေ့ကျင့်မှုက ပြသလျက်ရှိသည်။

ထို့ပြင် သမ္မတပရာဘိုဝိုအနေဖြင့် ကမ္ဘာ့စင်မြင့်တွင် ၎င်း၏ စွမ်းဆောင်ရည်ကို ပြသသွားဖွယ်ရာရှိနေသည်။ အနောက်နိုင်ငံများအနေဖြင့် ၎င်းအပေါ် အပြင်းအထန်ဝေဖန်လာမည်ဆိုလျှင် သမ္မတပရာဘိုဝိုသည် ရုရှားနိုင်ငံဘက်သို့ ပိုမိုယိမ်းယိုင်သွားဖွယ်ရာရှိနေသည်။

မည်သို့ပင်ဆိုစေ အင်ဒိုနီးရှားနှင့် ရုရှားရေတပ်တို့သည် နိုဝင်ဘာ ၄ ရက်မှ ၈ ရက်ထိ မြို့တော်ဆူရာဘာယာအနီး ဂျာဘားပင်လယ်တွင် ပူးတွဲရေတပ်စစ်ရေးလေ့ကျင့်မှု ဆောင်ရွက်နိုင်ခဲ့ပြီဖြစ်သည်။ နှစ်နိုင်ငံကြား သံတမန်ဆက်ဆံရေးမြှင့်တင်ရန် ကြိုးပမ်းမှုအနေဖြင့် ရုရှားစစ်ရေယာဉ်များသည် အင်ဒိုနီးရှားနိုင်ငံသို့ ရောက်ရှိခဲ့ခြင်းဖြစ်သည်။ အင်ဒိုနီးရှားသမ္မတ ပရာဘိုဝိုက တိုင်းပြည်၏ ကာလရှည်ကြာစွဲကိုင်ထားသော ဘက်မလိုက်နိုင်ငံခြားရေးမူဝါဒအရ နိုင်ငံအားလုံးနှင့် ချစ်ကြည်ရင်းနှီးမှုတည်ဆောက်လျက်ရှိသောကြောင့် ရုရှားနိုင်ငံနှင့် နီးကပ်သောကာကွယ်ရေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုများ လုပ်ဆောင်သွားမည်ဖြစ်ကြောင်း ကတိကဝတ်ပြုထားသည်။ အထူးသဖြင့် သမ္မတပရာဘိုဝိုသည် ဇူလိုင်လအတွင်း မော်စကိုမြို့သို့ သွားရောက်ခဲ့စဉ် ရုရှားနိုင်ငံနှင့် နက်ရှိုင်းသောဆက်ဆံရေး ထူထောင်သွားလိုကြောင်း၊ ရုရှားနိုင်ငံကို မဟာအင်အားကြီး မိတ်ဆွေအဖြစ် သဘောထားကြောင်းနှင့် နှစ်နိုင်ငံဆက်ဆံရေးကို ဆက်လက်ထိန်းသိမ်းမြှင့်တင်သွားလိုကြောင်း ပြောကြားခဲ့သဖြင့် နှစ်နိုင်ငံဆက်ဆံရေး ပိုမိုတိုးတက်လာဖွယ်ရာရှိကြောင်း သုံးသပ်တွေ့ရှိရပါသည်။

**ကိုးကား**

– Sea Level Rise is Clear Threat to Malaysia by The Diplomat.

**ဝင်းဇင်(သုတေသန)**


**အကြမ်းဖက်မှုပပျောက်ရေးအတွက် ပြည်သူသို့ အသိပေးနှိုးဆော်ချက်**

၁။ ပြည်သူအတွက်ဟုသုံးနှုန်း၍ ရဟန်းသံဃာများ၊ ဆရာ၊ ဆရာမများအပါအဝင် နိုင်ငံ့ဝန်ထမ်းများနှင့် ပြည်သူကိုသတ်ဖြတ်၊ လုယက်ခြင်းကို CRPH၊ NUG၊ PDF အမည်ခံအကြမ်းဖက်အုပ်စုများက ဥပဒေမဲ့ကျူးလွန်နေသည်။

၂။ ခြိမ်းခြောက်၊ လူသတ်၊ အဖျက်အမှောင့်လုပ်ရပ်များ လုပ်ဆောင်နေသည့် CRPH၊ NUG၊ PDF အကြမ်းဖက်သမားများကို အားပေးမှု၊ ထောက်ခံမှု၊ ကူညီထောက်ပံ့မှုမပြုခြင်းသည် ပြည်သူလူထု၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

၃။ ယင်းတို့၏ လက်နက်၊ ခဲယမ်းကိုင်တွယ်သယ်ဆောင်မှုနှင့် အကြမ်းဖက်သမားတို့၏သတင်းကို လျှို့ဝှက်ပေးပို့ခြင်းသည် အပြစ်မဲ့ပြည်သူများ၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

# ကယ်လီဖိုးနီးယားပြည်နယ်တောင်ပိုင်း လော့စ်အိန်ဂျလိစ်မြို့အနီးတွင် လောင်ကျွမ်းနေသောတောမီးကို ထိန်းချုပ်နိုင်ပြီဖြစ်



ဝါရှင်တန် နိုဝင်ဘာ ၁၁

အမေရိကန်နိုင်ငံ ကယ်လီဖိုးနီးယားပြည်နယ် တောင်ပိုင်း လော့စ်အိန်ဂျလိစ်မြို့ အနီးတွင် လောင်ကျွမ်းနေသောတောမီးကို မီးသတ်တပ်ဖွဲ့က နိုဝင်ဘာ ၁၀ ရက်တွင် ထိန်းချုပ်နိုင်ပြီဖြစ်ကြောင်း ယနေ့သတင်းများအရ သိရသည်။

တောမီးသည် ၈၃ စတုရန်းကီလိုမီတာခန့်ထိ လောင်ကျွမ်းခဲ့ကာ တောမီးလောင်ကျွမ်းမှုကြောင့် ဗန်တူရာကောင်တီအနီး တစ်ဝိုက်နေထိုင်သူများကို တောမီးအရေးပေါ်သတိပေးချက်ထုတ်ပြန်ခဲ့ပြီး ယခုအခါတောမီးသတိပေးချက်အဆင့်လျှော့ချလိုက်ကြောင်း၊ အမျိုးသားမိုးလေဝသပညာရှင်များ၏ ပြောကြားချက်အရ စိုထိုင်းစရှိသောလေတိုက်ခတ်မှုက တောမီးငြိမ်းသတ်ရာတွင် မီးသတ်တပ်ဖွဲ့ကိုအကူအညီဖြစ်စေခဲ့ကြောင်း ပြည်နယ်အာဏာပိုင်များက ပြောကြားခဲ့သည်။

တောမီးကြောင့် လူနေအိမ်နှင့် အခြေခံအဆောက်အအုံ ၂၀၀ ကျော် ထိခိုက်ပျက်စီးခဲ့သည့်အပြင် မြို့ဆင်ခြေဖုံးရပ်ကွက်များ၊ မွေးမြူရေးခြံများနှင့်အမေရိကန်ဒေါ်လာ ၂ ဒသမ ၄ သန်းခန့်တန်ဖိုးရှိထောပတ်သီး၊ လိမ္မော်သီးနှင့်ဘယ်ရီသီးများ ပျက်စီးဆုံးရှုံးခဲ့ကြောင်း စိုက်ပျိုးရေးဦးစီးဌာနမှ စိုက်ပျိုးရေးအရာရှိများက ပြောကြားခဲ့သည်။

တောမီး လောင်ကျွမ်းပြီးနောက် ကျန်ခဲ့သည့် မီးခိုးငွေ့များကိုငြိမ်းသတ်ရန် ရက်အတော်ကြာအချိန်ယူရမည် ဖြစ်ကြောင်း၊ လာမည့်ရက်ပိုင်းအတွင်း အရှေ့မြောက်လေပြင်းများ ထပ်မံတိုက်ခတ်နိုင်သဖြင့် တောမီးထပ်မံလောင်ကျွမ်းနိုင်သည်ကို သတိပြုနေထိုင်ကြရန် အမျိုးသားမိုးလေဝသဌာနမှ မိုးလေဝသပညာရှင်ရိုင်ဝေါ်ဘရန်က သတိပေးပြောကြားခဲ့ကြောင်း သိရသည်။

Ref : Russia Today

Trs : KZ

# တစ်ကမ္ဘာလုံးအတိုင်းအတာဖြင့် ပလတ်စတစ်ညစ်ညမ်းမှုဖြေရှင်းနိုင်ရေး ပဋိညာဉ်စာချုပ်ချုပ်ဆိုရန် EU ဆန္ဒရှိနေ

ပဲရစ် နိုဝင်ဘာ ၁၁

ဘယ်လ်ဂျီယံနိုင်ငံတွင် အခြေစိုက်သည့် ဥရောပသမဂ္ဂအဖွဲ့အစည်းသည် တစ်ကမ္ဘာလုံးအတိုင်းအတာဖြင့် ပလတ်စတစ်ညစ်ညမ်းမှုပြဿနာကို ဖြေရှင်းနိုင်ရေးအတွက် ပဋိညာဉ်စာချုပ်ချုပ်ဆိုရန် ဆန္ဒရှိနေကြောင်း ယနေ့သတင်းများအရ သိရသည်။

ဥရောပသမဂ္ဂအဖွဲ့အစည်းအနေဖြင့် ၎င်းပဋိညာဉ်စာချုပ်ချုပ်ဆိုနိုင်ရေးအတွက် ဆွေးနွေးမှုများပြုလုပ်ရန် ဆန္ဒရှိနေပြီး ကုလသမဂ္ဂအဖွဲ့နှင့် ပူးပေါင်းဆောင်ရွက်သွားရန် ဆန္ဒရှိနေကြောင်း၊ ဥရောပနိုင်ငံကြီးတချို့မှ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာဝန်ကြီးများအနေဖြင့်လည်း ပလတ်စတစ်ညစ်ညမ်းမှုပြဿနာကိုဖြေရှင်းမှုနှင့်ပတ်သက်ပြီး စိတ်ဝင်စားမှုပြသရန် ဥရောပသမဂ္ဂက တိုက်တွန်းခဲ့ကြောင်း သိရသည်။

"ဥရောပတိုက်မှာရှိတဲ့ နိုင်ငံအသီးသီးကသဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာဝန်ကြီးတွေအနေနဲ့ ပလတ်စတစ်ညစ်ညမ်းမှုထိန်းချုပ်ဖို့နဲ့ပတ်သက်ပြီး ပဋိညာဉ်စာချုပ် ချုပ်ဆိုဖို့အတွက် စိတ်ဝင်စားမှုတွေပြသတာ အားရဖွယ်မရှိပါဘူး။ ဒါကိုကြည့်ခြင်းအားဖြင့် ပူးပေါင်းဆောင်ရွက်မှုတွေ အားနည်းနေတာကို တွေ့ရတယ်။ ဥရောပနိုင်ငံအသီးသီးကတာဝန်ရှိသူတွေအနေနဲ့ ပလတ်စတစ် ညစ်ညမ်းမှုထိန်းချုပ်ရေးအတွက် ပဋိညာဉ်စာချုပ်ချုပ်ဆိုဖို့ ဆွေးနွေးမှုပြုလုပ်ရေးမှာပူးပေါင်းလာဖို့မျှော်လင့်ပါတယ်"ဟု ပဋိညာဉ်စာချုပ် ချုပ်ဆိုရေးအတွက် စိတ်ဝင်စားနေသည့် EU အဖွဲ့ဝင်နိုင်ငံ ပြင်သစ်ဂေဟ စနစ်ဆိုင်ရာဝန်ကြီး အက်နက်စ်ပန်နီယာကပြောကြားခဲ့ကြောင်း သိရသည်။

Ref : Sputnik News

Trs : Sai Sat




# ဇင်ဘာဘွေနိုင်ငံတွင် သဘာဝဘေးဒဏ်ကြောင့် ငါးလတာကာလအတွင်း ကျွဲ၊ နွားတိရစ္ဆာန်ကောင်ရေ ၉၀၀၀ ထက်မနည်းသေဆုံးခဲ့

ဟာရာရီ နိုဝင်ဘာ ၁၁

ဇင်ဘာဘွေနိုင်ငံတွင် ယခုနှစ်အတွင်း ရာသီဥတုလွန်ကဲပြီး သဘာဝ ဘေးအန္တရာယ်များဖြင့် ရင်ဆိုင်ခဲ့ရမှုကြောင့် ဇွန်လမှ အောက်တိုဘာလအတွင်း ကျွဲ၊ နွားတိရစ္ဆာန်ကောင်ရေ ၉၀၀၀ ထက်မနည်း သေဆုံးခဲ့ကြောင်း ဇင်ဘာဘွေနိုင်ငံ မြေယာ၊ စိုက်ပျိုးရေး၊ ငါးဖမ်းလုပ်ငန်း၊ ရေထုအရင်းအမြစ်နှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေး ဝန်ကြီးဌာန၏ အမြဲတမ်းအတွင်းရေးမှူးဖြစ်သူ အိုဘက်ဂျီရီက ပြောကြားခဲ့ကြောင်း ယနေ့သတင်းများအရ သိရသည်။

အယ်နီညိုရာသီဥတုကြောင့် ဇင်ဘာဘွေနိုင်ငံအတွင်း မိုးခေါင်ရေရှားပါးမှုနှင့်ရေထုအရင်းအမြစ်များပျက်စီးခဲ့ပြီး စားကျက်များရှားပါးကာ ကျွဲ၊ နွားတိရစ္ဆာန်များသေဆုံးမှုနှုန်း မြင့်မားလာခဲ့ခြင်းကြောင့် ဇင်ဘာဘွေနိုင်ငံ၏ စိုက်ပျိုးရေးနှင့်မွေးမြူရေးလုပ်ငန်းများအတွက် အခက်တွေ့စေသကဲ့သို့ အသားထုတ်လုပ်ရေးလုပ်ငန်းများလည်း အခက်အခဲဖြင့် ရင်ဆိုင်နေရကြောင်း သိရသည်။

ယခုနှစ် မိုးခေါင်ရေရှားပါးမှုလျော့ချရေးအစီအစဉ်အရ ဇင်ဘာဘွေနိုင်ငံ မြေယာ၊ စိုက်ပျိုးရေး၊ ငါးဖမ်းလုပ်ငန်း၊ ရေထုအရင်းအမြစ်နှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာနက နိုင်ငံတစ်ဝန်းပြောင်းစေ့ မက်ထရစ်တန်ချိန် ၁၅၀၀၀ ကျော်ကို ရာသီဥတုလွန်ကဲမှုပြဿနာဖြင့်ဆိုးရွားစွာရင်ဆိုင်နေရသည့် ဒေသများသို့ ပေးဝေခဲ့ကြောင်း၊ ပေးဝေခဲ့သောပြောင်းစေ့များသည် ဒေသခံများအတွက် စားနပ်ရိက္ခာပံ့ပိုးပေးခြင်းဖြစ်သကဲ့သို့ ကျွဲ၊ နွားတိရစ္ဆာန်များအတွက်ရည်ရွယ်၍ ပံ့ပိုးပေးခဲ့ခြင်းဖြစ်ကြောင်း အိုဘက်ဂျီရီက ပြောကြားခဲ့သည်။

Ref : Sputnik News

Trs : Sai Sat

# Toraji မုန်တိုင်းကြောင့် ဖိလစ်ပိုင်နိုင်ငံရှိ ကျေးလက်ဒေသ ၂၅၀၀ မှ ဒေသခံများကို ဘေးလွတ်ရာရွှေ့ပြောင်းရန် သတိပေးချက်ထုတ်ပြန်

မနီလာ နိုဝင်ဘာ ၁၁

ဖိလစ်ပိုင်နိုင်ငံ မြောက်ဘက်ပိုင်းဒေသများသို့ Toraji ဟုအမည်ပေးထားသော အပူပိုင်းမုန်တိုင်း တိုက်ခတ် နေသည့်အတွက် မြောက်ဘက်ပိုင်းရှိ ကျေးလက်ဒေသ ၂၅၀၀ မှ ဒေသခံများကို ဘေးလွတ်ရာ ရွှေ့ပြောင်းရန် ဖိလစ်ပိုင်အစိုးရက သတိပေးချက်ထုတ်ပြန်ထားကြောင်း ယနေ့သတင်းများအရ သိရသည်။

ဖိလစ်ပိုင်နိုင်ငံတွင် ပြီးခဲ့သည့်တစ်လတာကာလအတွင်း Trami၊ Kong-reyနှင့် Yinxing ဟုအမည်ပေးထားသော မုန်တိုင်းများတိုက်ခတ်မှုကြောင့် လူဦးရေ ၇၀၀၀၀၀ ကျော်ထိ နေရပ်ကိုစွန့်ခွာကာ ကယ်ဆယ်ရေး စခန်းများတွင် နေရာချထားပေးရကြောင်း၊ Toraji အပူပိုင်း မုန်တိုင်းကြောင့် ဘေးလွတ်ရာရွှေ့ပြောင်းရန် ညွှန်ကြားထားသော ဒေသခံများမှာ အိုင်လိုကို့စ် နယ်မြေ၊ ကာဂါယန် နယ်မြေ၊ ကော်ဒီလီရာနယ်မြေ တို့ရှိ ကျေးလက်ဒေသများမှ ဒေသခံများဖြစ်ကြပြီး မုန်တိုင်းကြောင့် ရေကြီးရေလျှံမှုအပြင် မြေပြိုကျမှုများဖြင့် ရင်ဆိုင်ရဖွယ်ရှိနေကြောင်း သိရသည်။

"Toraji အပူပိုင်းမုန်တိုင်းဟာ မြောက်ဘက်ပိုင်း နယ်မြေတွေဆီကို ဦးတည်တိုက်ခတ်လာနေပါတယ်။ မုန်တိုင်းဖြတ်သန်းဖွယ်ရှိနေတဲ့ ဧရိယာတွေမှာနေထိုင်တဲ့ ဒေသခံတွေကိုတော့ ဘေးလွတ်ရာရွှေ့ပြောင်းဖို့ ညွှန်ကြားထားပြီးဖြစ်ပါတယ်။ ဘေးလွတ်ရာရွှေ့ပြောင်းဖို့ ညွှန်ကြားထားတဲ့ ဧရိယာတွေမှာနေထိုင်တဲ့ ဒေသခံတိုင်း ညွှန်ကြားချက်လက်ခံရရှိပြီးတာနဲ့ ချက်ချင်းဘေးလွတ်ရာရွှေ့ပြောင်းဖို့ လိုအပ်လိမ့်မယ်"ဟု ဖိလစ်ပိုင်ပြည်ထဲရေးဝန်ကြီးဌာနမှ ပြောရေးဆိုခွင့်ရှိသူ တစ်ဦးက သတိပေးပြောကြားခဲ့သည်။

Toraji အပူပိုင်းမုန်တိုင်း မတိုင်မီတစ်လအတွင်း တိုက်ခတ်ခဲ့သော မုန်တိုင်းသုံးကြိမ်ကြောင့် ဖိလစ်ပိုင်နိုင်ငံတွင် သေဆုံးသူစုစုပေါင်း ၁၅၉ ဦးထိရှိခဲ့သည်ဟု ဖိလစ်ပိုင်အစိုးရက ထုတ်ပြန်ခဲ့ကြောင်း သိရသည်။

Ref : Russia Today

Trs : Sai Sat

# ကျူးဘားနိုင်ငံတွင် ပြင်းအား ၆ ဒသမ ၈ မဂ္ဂနီကျူရှိ ငလျင်တစ်ခုလှုပ်ခတ်

ဟာဗားနား နိုဝင်ဘာ ၁၁

ကျူးဘားနိုင်ငံတွင် ပြင်းအား ၆ ဒသမ ၈ မဂ္ဂနီကျူရှိ ငလျင်တစ်ခု နိုဝင်ဘာ ၁၀ ရက်က လှုပ်ခတ်မှုဖြစ်ပွားခဲ့ကြောင်း ယနေ့သတင်းများအရ သိရသည်။

နိုဝင်ဘာလ ပထမပတ်က မုန်တိုင်း တိုက်ခတ်မှုဒဏ်မှ ပြန်လည်ထူထောင်ရန် ကြိုးစားရုန်းကန်နေရသော ကျူးဘားနိုင်ငံတွင် ငလျင်လှုပ်ခတ်ခဲ့ကြောင်း၊ မုန်တိုင်း တိုက်ခတ်ပြီးနောက် လျှပ်စစ်မီး ပြတ်တောက်မှုများအပြင် နောက်ဆက်တွဲပြဿနာများနှင့် ရင်ဆိုင်ကြုံတွေ့နေရဆဲနိုင်ငံအတွက် ယခုကဲ့သို့ အင်အားပြင်းလျင်တစ်ခု လှုပ်ခတ်ခဲ့မှုက အလွန်ဆိုးရွားကြောင်း ဒေသအာဏာပိုင်များက ပြောကြားခဲ့သည်ဟု သိရသည်။

"လူသေဆုံးမှုနဲ့ ထိခိုက်ဒဏ်ရာရရှိမှုမရှိခဲ့ပေမဲ့ မြေပြိုမှုတွေ၊နေအိမ်တွေနဲ့ဓာတ်အားလိုင်းတွေ ပြတ်တောက်မှုတွေရှိခဲ့ပါတယ်"ဟု ကျူးဘားသမ္မတ မီဂဲလ်ဒီးရပ်စ်ကနဲက ဆိုရှယ်မီဒီယာပို့စ်တစ်ခုတွင် ဖော်ပြခဲ့သည်။

အင်အားပြင်း ငလျင်သည် ဘာတိုလိုမီမာဆိုမြို့၏ တောင်ဘက် ကီလိုမီတာ ၄၀ အကွာတွင် လှုပ်ခတ်ခဲ့ကြောင်း အမေရိကန်ဘူမိဗေဒလေ့လာရေးဌာန (USGS) က သတင်းထုတ်ပြန်ခဲ့ပြီး ယခုအချိန်ထိ လူသေဆုံးမှုနှင့် ထိခိုက်ဒဏ်ရာရရှိမှု မရှိကြောင်း သိရသည်။

ကျူးဘားတွင် လှုပ်ခတ်ခဲ့သည့်ငလျင်ကြောင့် ဂျမေကာကဲ့သို့သော အနီးအနားနိုင်ငံများတွင်လည်း သက်ရောက်မှုတချို့ကို ခံစားခဲ့ရသည်ဟု အမေရိကန်ဘူမိဗေဒ လေ့လာရေးဌာန (USGS)က ထုတ်ပြန်ခဲ့ကြောင်း သိရသည်။

Ref : Sputnik News

Trs : KZ

**သစ်ပင်စိုက်ပါ တို့ကမ္ဘာ**

**သာယာလှပ စိမ်းမြမြ**

# ပျော်ပျော်ရွှင်ရွှင်ဆင်ယင်နွှဲ မြတ်တဲ့ကထိန်ပွဲ

## ဘုန်းမောင်ဝင်း(ဖျာပုံ)

ကျွန်တော်တို့ငယ်ငယ်တုန်းက ကျေးလက်တောရွာတွေမှာ ကထိန်ခင်းမယ်ဆိုရင် ဆိုင်းအဖွဲ့တွေ ငှားလေ့ရှိပါတယ်။ အလွန်နာမည်ကျော်ကြားတဲ့ ဆိုင်းအဖွဲ့ဆိုရင် ကြိုတင်ပြီးငှားရပါတယ်။ တစ်ခါတစ်ရံမှာ အဲဒီဆိုင်းအဖွဲ့အားတဲ့ရက်ကိုကြည့်ပြီး ကထိန်ခင်းမဲ့ရက်ကိုရွေးကြပါတယ်။ ကထိန်ခင်းရတဲ့ ကာလအပိုင်းအခြားအနေနဲ့ကလဲ သီတင်းကျွတ်လပြည့်ကျော် ၁ ရက်ကနေ တန်ဆောင်မုန်းလပြည့်နေ့ထိ ကထိန်ခင်းခွင့်ရတာမို့ ဒီတစ်လမှာပဲ တစ်ရွာနဲ့တစ်ရွာအပြိုင်ကုသိုလ်ယူကြရပါတယ်။ အကျွေးအမွေးဧည့်ခံမှုအနေနဲ့ ကြက်သား၊ ဝက်သား၊ ငါးဟင်းတစ်မျိုးမျိုးနဲ့ ဟင်းချို၊ ငါးခြောက်ထောင်းကြော်၊ ငါးပိရည်တို့စရာ စသဖြင့် ရွာလုံးကျွတ်ကျွေးမွေးကြတာမို့ ပျော်စရာအလွန်ကောင်းတဲ့ပွဲတော်တစ်ခုပါပဲ။

ပျော်စရာအကောင်းဆုံးကတော့ ပဒေသာပင်တွေ စီတန်းလှည့်လည်တဲ့အချိန်အခါပါပဲ။ ပဒေသာပင်တွေမှာ ငွေပဒေသာပင်ကိုအသွင်အမျိုးမျိုးနဲ့ အလှဆင်ထားတာကလဲ ကြည့်လို့အလွန်ပဲကောင်းပါတယ်။ ဒ့ါပြင် ထီး၊ ဖိနပ်၊ ယပ်၊ သပိတ်၊ သင်္ကန်းနဲ့ အခြားအသုံးအဆောင်တွေစုံလင်လှပါတယ်။ ပဒေသာပင်လှည့်လည်ရာ လမ်းတစ်လျှောက်မှာ ဒိုးပတ်ဝိုင်းနဲ့ အကနဲ့ မြိုင်မြိုင်ဆိုင်ဆိုင်ရှိလှပါတယ်။ ဦးရွှေရိုးနဲ့ ဒေါ်မိုးအက ကတော့ သူမပါရင်မပြီးဆိုသလိုပါပဲ။ ကျေးရွာအုပ်စုအနေနဲ့ ကျင်းပတဲ့ကထိန်ဆိုရင်တော့ ရွာအချင်းချင်းဒါနချင်းပြိုင်၊ အပြုံးချင်းပြိုင်သလို အဆို၊ အတီး၊ အကမှာလဲ အပြိုင်အဆိုင်ပါပဲ။

ဒါဟာ ကောင်းမွန်တဲ့လက္ခဏာပါပဲ။ မြန်မာ့ဆိုင်းဝိုင်းကြီးနဲ့ အလှူဒါနပြုရတာဟာ အလွန်ပဲကျက်သရေမင်္ဂလာအပေါင်းနဲ့ ပြည့်စုံလှပါတယ်။ လူရွှင်တော်တွေဆိုရင်လဲ အလှူနဲ့ပတ်သက်လို့ (ကထိန်ပွဲနဲ့ပတ်သက်လို့) ပြောဟောပြတာတွေဟာ ဓမ္မကထိကအလားထင်မှတ်ရပါတယ်။

ကထိန်ပွဲမှာကထိန်နဲ့ပတ်သက်လို့ သိဆိုတီးမှုတ်ကြရသလို ကထိန်အကြောင်းအရာတွေကလဲ သိသလိုလိုနဲ့မသိသူများမယ်ထင်ပါတယ်။ ကထိန်ဆိုတာ ကထိနဆိုတဲ့ပါဠိစကားကနေ ဆင်းသက်လာတာပါ။ ကထိနဆိုတာ မြဲမြံခြင်း၊ ခိုင်ခံ့ခြင်းလို့ အဓိပ္ပာယ်ရပါတယ်။ ကထိန်ခင်းခွင့်ရတဲ့ ရဟန်းတော်တွေဟာ သီတင်းကျွတ်လပြည့်ကျော် ၁ ရက်ကစပြီး တပေါင်းလပြည့်နေ့ထိ ငါးလတိုင်တိုင် ကထိန်အာနိသင် အကျိုးငါးပါးကိုမြဲမြံခိုင်ခံ့စွာရရှိကြလို့ ကထိန-ကထိန်လို့ ခေါ်ကြတာဖြစ်ပါတယ်။

ကထိန်သင်္ကန်းလှူဒါန်းခြင်းနဲ့ ပတ်သက်လို့ ရေးစာဆိုပညာရှင်ဖိုးသူတော်ဦးမင်းက "လှူကထိန်သင်္ကန်းနှင့်၊ မဂ်လမ်းတဲ့ဆုပန်ရှယ်။ သည်ချိန်ကိုဝတ်မှုန်ကြဲလို့၊ ခဝဲရွှေညာရင်းမှာ၊ သင်းရနံ့ကြွယ်။ ကောင်းကင်လယ်၊ ထက်ဝယ်ဘုံဦး။ ရွှေလစန္ဒာနှင့်၊ ကြတ္တိကာကြယ်ပြောင်ရှန်းငယ်၊ ထွန်းထိန်လို့မြူး"လို့ ရေးဖွဲ့ထားပါတယ်။ ကထိန်ခင်းခြင်းကောင်းမှုကုသိုလ်ပြုရခြင်းဟာ ဒီကနေ့ကာလမှ ပေါ်ပေါက်လာတာမဟုတ်ပါဘူး။ ရှေးမြန်မာဘုရင်တွေလက်ထက်ကတည်းက ကျင်းပလာခဲ့တာဖြစ်ကြောင်း ဒီလေးဆစ်ကဗျာလေးကိုကြည့်ခြင်းဖြင့် သိရှိနိုင်ပါတယ်။

မြန်မာတို့ရဲ့ယဉ်ကျေးမှုဟာ ဗုဒ္ဓဘာသာကိုးကွယ်မှုကနေ ဆင်းသက်လာတာဖြစ်လို့ ကထိန်ခင်းခြင်းဆိုတာ မြတ်စွာဘုရားလက်ထက်ကတည်းက ရှိခဲ့တာဖြစ်ပါတယ်။ သမိုင်းကြောင်းကို ပြန်ပြောင်းတွေးဆမယ်ဆိုပါက ဗုဒ္ဓမြတ်စွာဘုရားရှင်လက်ထက်မှာ ပါဝေယျကတိုင်းသား ဘဒ္ဒဝဂ္ဂီရဟန်းသုံးကျိပ်ဟာ သာဝတ္ထိပြည် ဇေတဝန်ကျောင်းတော်မှာ သီတင်းသုံးနေတော်မူတဲ့ ဘုရားရှင်ထံဖူးမြော်ကြဖို့လာခဲ့ကြပါတယ်။ ဝါဆိုရန်နီးကပ်လာတဲ့အခါ သာဝတ္ထိပြည်ကို မရောက်နိုင်တော့ဘဲ သာကေတမြို့မှာပဲ ဝါဆိုကာ သီတင်းသုံး နေခဲ့ကြပါတယ်။

ရဟန်းတော်တွေအားလုံးဟာ ပံ့သကူစုတင်၊ အရညစုတင်၊ ပိဏ္ဍပါတ်စုတင်၊ တေစီဝရိတ်စုတင်တွေကို ဆောင်ကြသူတွေချည်းဖြစ်ပါတယ်။ ဝါကျွတ်လို့ ပဝါရဏာပြုပြီး ဘုရားရှင်ထံဆက်လက်ကြွချီလာခဲ့ပါတယ်။ လမ်းခရီးမှာ မိုးရွာတာနဲ့ကြုံနေရလို့ ရဟန်းတော်တွေဟာ မိုးထဲလေထဲမှာ မိုးစိုနေတဲ့သင်္ကန်းတွေနဲ့ ပင်ပန်းဆင်းရဲစွာဇေတဝန်ကျောင်းတော်ကိုရောက်ရှိကြပါတယ်။ ပံ့သကူစုတင်ဆောင်ကြသူတွေဖြစ်လို့ ရဟန်းတော်တွေဝတ်ရုံနေတဲ့သင်္ကန်းတွေဟာ ပံ့သကူသင်္ကန်းတွေသာဖြစ်ပါတယ်။ တေစီဝရိတ်စုတင်ကိုပါ ဆောင်ထားကြလို့ ရဟန်းတော်တို့မှာ သင်္ကန်းသုံးထည်စီသာရှိကြပါတယ်။ ရေစိုသဖြင့် လဲရန်အခြားသင်္ကန်းအပိုမရှိကြပါ။ သီတင်းကျွတ်ပြီးစ မိုးရေထဲကလာရတဲ့အခါ မထေရ်မြတ်သုံးကျိပ်တို့ဟာ အလွန်ပဲဆင်းရဲပင်ပန်းကြပါတယ်။

**❖ ဒီနေရာမှာတစ်ခုသတိပြုစေချင်တာကတော့ ဘုံကထိန်ပွဲမှာ ဦးဆောင်လုပ်ဆောင်မှုမှန်ကန်ရင် အားလုံးကထိန်အလှူရှင်ဖြစ်ပါတယ်။ လုပ်ဆောင်မှုမမှန်ကန်ရင် တစ်ဦးတစ်ယောက်မှ အလှူရှင်မဖြစ်ပါဘူး။ အားလုံးစုပေါင်းလှူထားတဲ့အလှူငွေနဲ့ ကထိန်သင်္ကန်း၊ ဥတ်သင်္ကန်းကိုလှူတယ်ဆိုရင် အားလုံးအလှူရှင်ဖြစ်နိုင်ပါတယ်။ ဆိုလိုတာက ဒုကုဋ်၊ ကေသီ၊ သင်းပိုင်တစ်ခုခုထဲက ကထိန်သင်္ကန်းအဖြစ်သတ်မှတ်မဲ့ သင်္ကန်းဟာ အများစုပေါင်းအလှူငွေပါဝင်ထားတာမျိုး ဖြစ်ရပါမယ်။ ❖**

အဲဒီလိုဆင်းရဲပင်ပန်းစွာနဲ့ ခြောက်ယူဇနာကွာဝေးတဲ့သာကေတမြို့ကနေ သာဝတ္ထိပြည်ဇေတဝန်ကျောင်းတော်ကိုရောက်လာတဲ့အခါ ဘုရားရှင်က နှုတ်ခွန်းဆက်စကားပြောကြားရင်း ခရီးလမ်းအကြောင်း စတာတွေကိုမေးမြန်းတော်မူပါတယ်။ ရဟန်းတော်တွေကလဲ ခရီးလမ်းမှာ မိုးထဲရေထဲ ဆင်းရဲပင်ပန်းစွာ လာရပုံကိုလျှောက်တင်ကြပါတယ်။ အဲဒါကိုအကြောင်းပြုပြီး ဘုရားရှင်က ကထိန်ခင်းခြင်းကို ခွင့်ပြုတော်မူခဲ့တာဖြစ်ပါတယ်။ ဘုရားရှင်က သံဃာတော်တွေသင်္ကန်းကြောင့် ဝန်မလေးကြစေဖို့နှင့် အလှူရှင်တွေလဲ စေတနာသဒ္ဓါတရားဖြင့် လှူဒါန်းနိုင်ကြစေဖို့အလို့ငှာ အဲဒီအချိန်ကစပြီး ကထိန်ခင်းခွင့်ပြုခဲ့လို့ ကထိန်သင်္ကန်းပေါ်ပေါက်လာတာဖြစ်ပါတယ်။

ကထိန်ခင်းရာမှာ ပညတ်များစွာရှိပါတယ်။ ကျောင်းရှိသံဃာတွေက ဒကာ၊ ဒကာမတို့ကို ကထိန်ခင်းရန် ရေလာမြောင်းပေး၊ အရိပ်အမြွက်စကားပြောဆိုခြင်းမပြုရပါ။ မိုးပေါ်ကရေစက်တွေသူ့အလိုလိုကျလာသလို ဒကာ၊ ဒကာမတွေက သဒ္ဓါတရားထက်သန်စွာနဲ့လှူဒါန်းတဲ့သင်္ကန်းသာဖြစ်ရပါမယ်။ ကထိန်သင်္ကန်းကို ဘယ်သူမဆိုလှူနိုင်ပါတယ်။ ရဟန်းသာမဏေတွေပင် အခြားရဟန်းတွေကို ကထိန် သင်္ကန်းလှူနိုင်ပါတယ်။ ဒါပေမဲ့ ကထိန်ခင်းခြင်းမှာတော့ ရဟန်းတော်တွေနဲ့သက်ဆိုင်ပါတယ်။ ရဟန်းတော်တွေကသာ ကထိန်ခင်းနိုင်ပါတယ်။

ရဟန်းသံဃာတွေ ကထိန်ခင်းဖို့အတွက် အဲဒီကထိန်သင်္ကန်းကို ဒကာ၊ ဒကာမတွေက လှူပေးကြရတာဖြစ်ပါတယ်။ ကထိန်အလှူဆိုတာ ဥတ်သင်္ကန်းအလှူပါပဲ။ ကထိန်အလှူရှင်ဆိုတာ ဥတ်သင်္ကန်းအလှူရှင်ပဲဖြစ်ပါတယ်။ ဥတ်သင်္ကန်းဆိုတာ ဥတ်ကမ္မဝါနဲ့ ကထိန်ခင်းရလို့ ကထိန်သင်္ကန်းကိုပဲ ဥတ်သင်္ကန်းလို့ခေါ်တာဖြစ်ပါတယ်။ အဲဒီကထိန်သင်္ကန်းကို တစ်ဦးတစ်ယောက်တည်းက လှူဒါန်းနိုင်သလို အများစုပေါင်းပြီး ဘုံကထိန်အဖြစ်လဲ လှူနိုင်ပါတယ်။ ရဟန်းတော်တွေဆင်မြန်းတဲ့သင်္ကန်းဟာ အမျိုးအစားအားဖြင့်သုံးမျိုးပဲရှိပါတယ်။ အဲဒါတွေကတော့ ဒုကုဋ်သင်္ကန်း ခေါ် နှစ်ထပ်သင်္ကန်း၊ ကေသီ ခေါ် အပေါ်ရုံသင်္ကန်း၊ သင်းပိုင် ခေါ် ခါးဝတ်သင်္ကန်းတို့ဖြစ်ပါတယ်။

ကထိန်သင်္ကန်းဆိုတာ အခြားသင်္ကန်းတွေလိုအခြားလတွေမှာလှူလို့မရပါဘူး။ တစ်လတာအတွင်းမှာပဲ လှူဒါန်းခွင့်ရှိသလို တစ်ပါးပါးကို ဦးတည်လှူရတာမျိုးမဟုတ်ပါဘူး။ သံဃာကိုသာရည်မှန်းလှူရတဲ့ သံဃိကဒါနဖြစ်ပါတယ်။ ကထိန်သင်္ကန်းကိုသံဃာအဖွဲ့က ကထိန်းခင်းထိုက်တဲ့ ရဟန်းကိုရွေးချယ်ပေးအပ်ရပါတယ်။ အဲဒီလို ရွေးချယ်ရာမှာ သင်္ကန်းနွမ်းပါးတဲ့ရဟန်းကို ရွေးချယ်ရပါတယ်။ သင်္ကန်းနွမ်းပါးတဲ့ ရဟန်းနှစ်ပါး၊ သုံးပါးရှိနေလျှင် သိက္ခာဝါကြီးတဲ့ ရဟန်းကို ရွေးရပါတယ်။

အဲဒီလိုရွေးချယ်ပြီးတဲ့အခါ သိမ်တွင်းသို့အနည်းဆုံး ငါးပါးပါဝင်တဲ့ သံဃာအဖွဲ့နဲ့ ကထိန်ခင်းမဲ့ ရဟန်းပါသွားပြီး ကမ္မဝါစာရွတ်ဖတ်ကာ ကထိန်သင်္ကန်းကို ပေးအပ်ရပါတယ်။ ကထိန်ခင်းမဲ့ ရဟန်းတော်မှာ ပုရိမဝါကပ်သူဖြစ်ရမယ်။ ဝါတွင်းမှာဝါကျိုးတဲ့အဖြစ်မျိုးမရှိစေဘဲ သီတင်းကျွတ်လပြည့်နေ့မှာ ပဝါရဏာပြုပြီး ဝါကျွတ်လာတဲ့သူလဲဖြစ်ရပါမယ်။ အဲဒီရဟန်းတော်သာ ကထိန်သင်္ကန်းကို အလှူခံခွင့်၊ ကထိန်ခင်းခွင့်ရှိပါတယ်။

ကထိန်ခင်းမဲ့သင်္ကန်းမှာ ဒုကုဋ်၊ ကေသီ၊ သင်းပိုင်သင်္ကန်း သုံးမျိုးအနက် တစ်မျိုးနဲ့ပဲ ကထိန်ခင်းရပါတယ်။ ကထိန်ခင်းမဲ့သင်္ကန်းကို ပေးအပ်ပြီးတဲ့အခါ ကထိန်ခင်းမဲ့ရဟန်းတော်ဟာ အဲဒီသင်္ကန်းကို ကျောင်းတိုက်အတွင်းရှိ သံဃာတွေရှေ့မှောက်မှာ "ဤသင်္ကန်းဖြင့် ကထိန်ခင်းပါမည်"လို့ ကြေညာရပါတယ်။

ကထိန်ခင်းပြီးတဲ့အခါ အဲဒီရဟန်းတော်ကပင် "အတ္ထတံ ဘန္တေ သံဃဿ ကထိနံ ဓမ္မိကော ကထိနတ္ထာရော၊ အနုမောဒသ၊ အရှင်ဘုရားတို့သံဃာအဖွဲ့သည် ကထိန်ခင်းလိုက်ပါပြီ၊ ကထိန်ခင်းမှုသည် ဝိနည်းကံနှင့်လျော်ညီပါသည်။ အရှင်ဘုရားတို့ ဝမ်းမြောက်အနုမောဒနာပြုကြပါ"လို့ ကျောင်းတိုက်သံဃာကို ပန်ကြားရပါတယ်။ သံဃာအဖွဲ့ဝင်တွေကလဲ "ဤဝိနည်းကံနှင့်လျော်ညီစွာ ကထိန်ခင်းမှုကို ဝမ်းမြောက်စွာသာဓုခေါ်ပါသည်"လို့ အနုမောဒနာပြုရပါတယ်။

ကထိန်ခံ၊ ကထိန်ခင်းတဲ့ရဟန်းတော်တွေနဲ့ ကထိန်အနုမောဒနာပြုတဲ့ ရဟန်းတော်တွေပါ ကထိန်ခင်းတဲ့နေ့ကစပြီး တပေါင်းလပြည့်နေ့ထိ ကထိန်အကျိုးငါးပါးကိုရရှိပါတယ်။ အဲဒါတွေကတော့ ကျောင်းမှာရှိတဲ့ ရဟန်းတစ်ပါးကို မပန်ကြား၊ မပြောဆိုဘဲ မြို့တွင်း၊ ရွာတွင်းဆွမ်းစားပင့်ထားတဲ့အိမ်ကို သွားနိုင်ခြင်း(ကထိန်အကျိုးမရသောအခါ ယခုလိုသွားလျှင် အာပတ်သင့်သည်။)၊ အဓိဋ္ဌာန်တင်ပြီးဆောင်နေသောသင်္ကန်းကို မယူဆောင်ဘဲသွားနိုင်ခြင်း(အခြားအခါမှာ ဤသို့သွားလာလျှင် အာပတ်သင့်သည်။)၊ ထမင်းစားကြွပါ စသဖြင့်မအပ်မရာပင့်ဖိတ်သော ဆွမ်းကိုစားနိုင်ခြင်း (အခြားအခါမှာစားလျှင် အာပတ်သင့်သည်။)၊ ရလာသမျှသောသင်္ကန်းတွေ အဓိဋ္ဌာန်ဝိကပ္ပနာမပြုဘဲထားနိုင်ခြင်း(အခြားအခါမှာ ဤသို့ထားလျှင် အာပတ်သင့်သည်။)၊ ဤကျောင်းတိုက်အတွင်း၌ သံဃာကိုရည်စူးလှူဒါန်းသော သံဃိကသင်္ကန်းကို ဤရဟန်းတွေသာရပိုင်ခွင့်ရှိခြင်း(ကထိန်အကျိုးကို မရရှိသောရဟန်း၊ ကထိန်ခင်းပြီးမှ ဤကျောင်းတိုက်၌ လာရောက်နေထိုင်သောရဟန်းတွေသည် ဤသံဃိကသင်္ကန်းကို ခွဲဝေယူခွင့်မရရှိပါ။) တွေပဲဖြစ်ပါတယ်။

ကထိန်သင်္ကန်းလှူဒါန်းတဲ့ အလှူရှင်တွေမှာလဲ တူသောအကျိုးကိုဖြစ်စေပါတယ်။ သွားလေရာရာအရပ်တို့မှာ အနှောင့်အယှက်မရှိဘေးကင်းစွာသွားရခြင်း၊ မိမိပိုင်ပစ္စည်းတွေကို ရန်သူတို့မဖျက်ဆီးနိုင်ခြင်း၊ စားကောင်းသောက်ဖွယ်အထူးပေါများပြီး အစာအတွက် ဘေးမဖြစ်နိုင်၊ အဆိပ်မသင့်နိုင်ခြင်း၊ မိမိပိုင်ပစ္စည်းတွေကို ကာလကြာမြင့်စွာ မေ့လျော့နေပေမဲ့ မဆုံးပါးနိုင်ခြင်း၊ ပစ္စည်းရှာရာတွင် သူတကာထက်ထူးပြီး ထီပေါက်သလို အစုလိုက်အပုံလိုက်ရခြင်း၊ ရုပ်ရည်အဆင်းချောမောလှပခြင်း စတဲ့အကျိုးတရားတွေကိုရရှိခံစားနိုင်မှာဖြစ်ပါတယ်။

ကထိန်သင်္ကန်းကပ်လှူပွဲကို တစ်ဦးတစ်ယောက်တည်းက ပေးလှူတာလဲရှိပါတယ်။ စေတနာရှင်တွေစုပေါင်းတဲ့ဘုံကထိန်အနေမျိုးနဲ့လဲ လှူဒါန်းကြပါတယ်။ အချို့အသင်းအဖွဲ့တွေမှာ ကထိန်သင်္ကန်းကပ်လှူပွဲအတွက် လစဉ်အသင်းသားတွေဆီက အချိုးကျအလှူငွေတွေ ကောက်ခံစုဆောင်းလေ့ရှိပါတယ်။ ဒီနေရာမှာတစ်ခုသတိပြုစေချင်တာကတော့ ဘုံကထိန်ပွဲမှာဦးဆောင်လုပ်ဆောင်မှုမှန်ကန်ရင် အားလုံးကထိန်အလှူရှင်ဖြစ်ပါတယ်။ လုပ်ဆောင်မှုမမှန်ကန်ရင် တစ်ဦးတစ်ယောက်မှ အလှူရှင်မဖြစ်ပါဘူး။ အားလုံးစုပေါင်းလှူထားတဲ့ အလှူငွေနဲ့ ကထိန်သင်္ကန်း၊ ဥတ်သင်္ကန်းကို လှူတယ်ဆိုရင် အားလုံးအလှူရှင်ဖြစ်နိုင်ပါတယ်။ ဆိုလိုတာက ဒုကုဋ်၊ ကေသီ၊ သင်းပိုင်တစ်ခုခုထဲက ကထိန်သင်္ကန်းအဖြစ်သတ်မှတ်မဲ့ သင်္ကန်းဟာ အများစုပေါင်းအလှူငွေ ပါဝင်ထားတာမျိုးဖြစ်ရပါမယ်။ ဒါမှသာအားလုံးဟာ ကထိန်အလှူရှင်ဖြစ်လာမှာဖြစ်ပါကြောင်းလေ့လာသိရှိရပါတယ်။ ဒါကြောင့် အားလုံးပါဝင်တဲ့ မဟာဘုံကထိန်အဖြစ် "ပျော်ပျော်ရွှင်ရွှင်ဆင်ယင်နွှဲ မြတ်တဲ့ကထိန်ပွဲ" ဖြစ်ပါစေကြောင်း ရေးသားလိုက်ရပါတယ်။




လူကုန်ကူးခံရသူများအနေဖြင့် အကူအညီနှင့်အားပေးမှုများ
လိုအပ်သည်ဟု ခံစားနေရပါက
သတင်းအချက်အလက်မျှဝေရာစင်တာသို့
ဆက်သွယ်နိုင်ပါသည်။

ဆက်သွယ်ရန်လိပ်စာ - လူမှုဝန်ထမ်း၊ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန
ပြန်လည်ထူထောင်ရေးဦးစီးဌာန
အမှတ်(၆၅)၊ကျိုက်ဝိုင်းဘုရားလမ်း၊ မရမ်းကုန်းမြို့နယ်၊ရန်ကုန်တိုင်းဒေသကြီး
ဆက်သွယ်ရမည့်ဖုန်း - ၀၁-၆၆၆၆၁၉ (ရုံးချိန်အတွင်း)



"အဂတိပယ်ခွာ ပြည်သာယာ"
Remove Corruption, Promote Prosperity

**အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်သို့ တိုင်ကြားရာတွင် သတိပြုရမည့်အချက်များ**

၁။ မည်သူမဆို အဂတိလိုက်စားမှုနှင့် စပ်လျဉ်း၍သော်လည်းကောင်း၊ အဂတိ လိုက်စားမှုဖြင့် ကြွယ်ဝချမ်းသာလာခြင်းနှင့် စပ်လျဉ်း၍သော်လည်းကောင်း၊ သတ်မှတ်ချက်များနှင့်အညီ ကော်မရှင်သို့ဖြစ်စေ၊ ကော်မရှင်ရုံးသို့ ဖြစ်စေ၊ ဤဥပဒေအရ ဖွဲ့စည်းသော လုပ်ငန်းကော်မတီ၊ လုပ်ငန်းအဖွဲ့၊ ပဏာမစိစစ်ရေးအဖွဲ့နှင့် စုံစမ်းစစ်ဆေးရေးအဖွဲ့တစ်ခုခုသို့ ဖြစ်စေ၊ သက်ဆိုင်ရာ အစိုးရ ဌာန၊ အစိုးရအဖွဲ့အစည်းတစ်ခုခုသို့ဖြစ်စေ သတင်းပေးပို့ချက်နှင့် တိုင်တန်းချက်များကို ပေးပို့နိုင်သည်။

၂။ တိုင်ကြားစာပေးပို့ရာတွင် ကော်မရှင်ထံ မိတ္တူပေးပို့ခြင်းမပြုဘဲ တိုက်ရိုက် လိပ်မူပေးပို့ရမည်။

၃။ တိုင်ကြားသူ၏ အမည်၊ လက်မှတ်၊ နိုင်ငံသားစိစစ်ရေးကတ်ပြားမိတ္တူ၊ ဆက်သွယ်ရန် လိပ်စာအပြည့်အစုံ၊ ဖုန်းနံပါတ် ပါဝင်ရမည်။

၄။ အရေးကြီးသော သက်သေခံချက်ဖြစ်သည့် မျက်မြင်သက်သေ၊ စာရွက်စာတမ်း၊ ဓာတ်ပုံ၊ အသံဖိုင်၊ ဗီဒီယိုဖိုင် စသည်တို့ရှိကြောင်း ဖော်ပြနိုင်ရမည်။

၅။ ပုဂ္ဂိုလ်တစ်ဦးတစ်ယောက်အား နစ်နာစေရန် သို့မဟုတ် ဂုဏ်သရေ ပျက်စေရန် တမင်ပြုလုပ်တိုင်ကြားပါက ဤဥပဒေပုဒ်မ ၅၉ အရ အရေးယူ ခံရနိုင်သည်ကိုလည်း သတိပြုရမည်။

**လိပ်မူတိုင်ကြားရန် လိပ်စာ**

အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်
ရုံးအမှတ် (၅၆)၊ ဇေယျာသိဒ္ဓိလမ်း၊ ဥတ္တရသီရိမြို့နယ်၊ နေပြည်တော်၊
စာတိုက်သေတ္တာအမှတ်(၁၄၄)၊ ဖုန်းနံပါတ် ၀၆၇-၈၁၀၃၃၄၇၊
၀၆၇-၈၁၀၃၃၃၄၊
Email Address – accm@accm.gov.mm၊
Website Address – http://www.accm.gov.mm


# ထီးချိုင့်မြို့နယ်တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ မြေပဲ ဧက ၂၉၈၀ ထိ စိုက်ပျိုးပြီးစီးပြီဖြစ်



**ထီးချိုင့် နိုဝင်ဘာ ၁၁**

စစ်ကိုင်းတိုင်းဒေသကြီး ကသာခရိုင် ထီးချိုင့်မြို့နယ်တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ မြေပဲ ဧက ၂၉၈၀ ထိ စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း ထီးချိုင့်မြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ထီးချိုင့်မြို့နယ်တွင် မြေပဲ ဧက ၁၂၂၈၀ စိုက်ပျိုးရန် လျာထားပြီး ယခုနှစ် အောက်တိုဘာလမှ စတင်စိုက်ပျိုးခဲ့ရာ ယနေ့တွင် ဧက ၂၉၈၀ ထိ စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း သိရသည်။

"ဒီနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီမှာ ထီးချိုင့်မြို့နယ်အတွင်း မြေပဲ ဧက ၁၂၀၀၀ ကျော် စိုက်ပျိုးဖို့ လျာထားပါတယ်။ ဒီနေ့ထိ ဧက ၂၀၀၀ ကျော် စိုက်ပျိုးပြီးစီးပြီဖြစ်ပါတယ်။ မြေပဲစိုက်ပျိုးမှုအနေနဲ့ လျာထားဧက ပြည့်မီအောင် စိုက်ပျိုးနိုင်ဖို့အတွက် ဆောင်ရွက်နေပါတယ်။ ဆီထွက်သီးနှံအနေနဲ့က အောင်မြင်တဲ့ အနေအထားမှာ ရှိပါတယ်။ မြေပဲစိုက်ပျိုးမှုအနေနဲ့ တစ်နှစ်ထက်တစ်နှစ် တိုးချဲ့စိုက်ပျိုးနိုင်တဲ့ အနေအထားမှာ ရှိပါတယ်" ဟု ထီးချိုင့်မြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးကိုကိုအောင်က ပြောပြသည်။

ထီးချိုင့်မြို့နယ်၌ မြေပဲစိုက်ပျိုးရာတွင် တစ်ဧကလျှင် မျိုးတစ်တင်းခွဲ စိုက်ပျိုးရပြီး မျိုးစရိတ်၊ အလုပ်သမားစရိတ်နှင့် မြေဩဇာ၊ ပိုးသတ်ဆေးဖိုးများအပါအဝင် ငွေကျပ် နှစ်သိန်းကျော် ကုန်ကျစရိတ်ရှိကြောင်း သိရသည်။

ထီးချိုင့်မြို့နယ်တွင် မြေပဲစိုက်ခင်းများ အောင်မြင်ဖြစ်ထွန်းရေး၊ ပိုးမွှားရောဂါကျရောက်မှု မရှိစေရေး၊ ပေါင်းမြက်ကင်းစင်စေရေးအတွက် စိုက်ခင်းများအတွင်း ကွင်းဆင်းစစ်ဆေးပြီး ကင်းထောက်မှတ်တမ်းယူခြင်း လုပ်ငန်းများကို မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ ဝန်ထမ်းများက ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။ (၂၀၆)

**ခြင်ဆေးခွေသုံးလျှင် သတိယှဉ် အောက်တွင်ခံခွက် မမေ့နှင့်**

# မိုင်းဖြတ်မြို့နယ် အင်ပါဟူ(အောက်)ကျေးရွာ၌ VDP စီမံကိန်းမိတ်ဆက်ခြင်းနှင့် ကော်မတီဖွဲ့စည်း

**မိုင်းဖြတ် နိုဝင်ဘာ ၁၁**

ရှမ်းပြည်နယ် (အရှေ့ပိုင်း) တာချီလိတ်ခရိုင် မိုင်းဖြတ်မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ်တွင် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း (VDP) အကောင်အထည်ဖော်ဆောင်ရွက်မည့် အင်ပါဟူ(အောက်)ကျေးရွာ၌ VDP စီမံကိန်း မိတ်ဆက်ခြင်းနှင့် ကော်မတီဖွဲ့စည်းခြင်းကို နိုဝင်ဘာ ၁၀ ရက် နံနက်ပိုင်းက အဆိုပါကျေးရွာ၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ မိုင်းဖြတ်မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ခင်မေလွင်က ကျေးရွာဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းစီမံကိန်း (VDP) ဆောင်ရွက်ရခြင်း ရည်ရွယ်ချက်များ၊ အကျိုးကျေးဇူးများနှင့် လုပ်ငန်းစဉ်များအကြောင်း ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ စီမံကိန်းတာဝန်ခံဝန်ထမ်းများက ကျေးရွာဖွံ့ဖြိုးရေးကော်မတီဖွဲ့စည်းရာတွင် လိုက်နာရမည့် စည်းကမ်းချက်များ၊ ကျေးရွာက ဆောင်ရွက်ရမည့် လုပ်ငန်းစဉ်များနှင့် စပ်လျဉ်း၍ ကဏ္ဍအလိုက် ရှင်းလင်းပြောကြားသည်။

ထို့နောက် မိုင်းဖြတ်မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ခင်မေလွင်နှင့် တာဝန်ရှိသူများက ကျေးရွာသူ၊ ကျေးရွာသားများ၏ သဘောဆန္ဒနှင့်အညီ ကျေးရွာဖွံ့ဖြိုးရေးကော်မတီဝင် ခုနစ်ဦးကို ရွေးချယ်ပေးခဲ့သည်။

အင်ပါဟူ (အောက်) ကျေးရွာ၌ ကျေးရွာဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းစီမံကိန်း ရန်ပုံငွေကျပ်သိန်း ၁၅၀၊ ကျေးရွာပြည်သူထည့်ဝင်ငွေများဖြင့် ကျေးရွာဖွံ့ဖြိုးရေး လုပ်ငန်းများကို မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဝန်ထမ်းများ၏ နည်းပညာပံ့ပိုးမှု၊ အနီးကပ်ကြီးကြပ်မှုတို့ဖြင့် ကျေးရွာသူ၊ကျေးရွာသားများကိုယ်တိုင် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။ **ဇင်မာ**

အင်္ဂလန်နိုင်ငံ International Brewing Awards၊ သြစတြေးလျနိုင်ငံ Australian International Beer Awards၊ ဘယ်လ်ဂျီယံနိုင်ငံ Monde (World) Selection၊ ဂျာမနီနိုင်ငံ European Beer Star ပြိုင်ပွဲကြီးများမှ အမြင့်ဆုံးဆုတံဆိပ်များ ရရှိခဲ့သော ဒဂုံအဖျော်ယမကာကုမ္ပဏီလီမိတက် ထုတ်ကုန်များ . . .

'ဒဂုံနှင့်အတူ ဂုဏ်ယူလိုက်ပါ'

ပင်ရင်းအရောင်းဌာန - ဖုန်း - ၀၁ ၃၆၁၀၈၄၁၊ ၀၁ ၆၅၁၁၇၇၊ ၀၁ ၆၅၂၁၆၉

KHA YAE PIN MART - မင်္ဂလာဒုံ၊ ပြည်လမ်း၊ ရန်ကုန်မြို့ ဖုန်း - ၀၉ ၆၇၁၄၄၃၅၅၅

STARMART nine mile Showroom - (၉)မိုင်၊ ပြည်လမ်း၊ ရန်ကုန်မြို့ ဖုန်း - ၀၉ ၂၆၃၁၄၇၃၈၅

STARMART MANDALAY Wholesale - ၂၆လမ်းနှင့်၆၆လမ်းထောင့်၊ မန္တလေးမြို့ ဖုန်း - ၀၉ ၆၆၁၇၀၂၂၄၄

STARMART Nay Pyi Taw - ရန်ကုန် - မန္တလေး လမ်းဟောင်း၊ ရွာကောက်ရပ်၊ ပျဉ်းမနား၊ ဖုန်း - ၀၉ ၆၈၅၁၁၉၀၇၇




သဘာဝအစစ်မို့ အရသာထူး စိတ်ရွှင်ကြည်နူး . . . .

ရွှေဖီဦး BLACK TEA (နောက်တရား)ကို Export Quality အဆင့်မီစွာ ထုတ်လုပ်ဖြန့်ဖြူး လျက်ရှိပါသည်။

ရွှေဖီဦး

(ASEAN-OSHNET AWARD) တွင် BEST Practices Award ရရှိခဲ့သည့် ရွှေဖီဦး

ပင်ရင်းအရောင်းဌာန - ဖုန်း - ၀၉ ၃၀၈၆၁၆၅၅၊ ၀၉ ၄၂၀၂၁၉၄၃၆

STARMART nine mile Showroom -(၉)မိုင်၊ ပြည်လမ်း၊ ရန်ကုန်မြို့ ဖုန်း - ၀၉ ၃၀၈၆၀၁၈၀

KHA YAE PIN MART-မင်္ဂလာဒုံ၊ ပြည်လမ်း၊ ရန်ကုန်မြို့ ဖုန်း - ၀၉ ၆၇၁၄၄၃၅၅၅

STARMART MANDALAY Wholesale-၂၆လမ်းနှင့်၆၆လမ်းထောင့်၊ မန္တလေးမြို့ ဖုန်း - ၀၉ ၆၆၁၇၀၂၂၄၄

STARMART Nay Pyi Taw-ရန်ကုန် - မန္တလေး လမ်းဟောင်း၊ ရွာကောက်ရပ်၊ ပျဉ်းမနား၊ ဖုန်း - ၀၉ ၆၈၅၁၁၉၀၇၇




## တစ်ဦးတည်းဖြစ်ပါကြောင်း

မန္တလေးမြို့၊ ချမ်းအေးသာစံမြို့နယ်၊ ကန်ကောက်ယာဉ်ပျံရပ်နေ ဦးဘကြား၏သား မောင်ကျော်ဝင်းထွန်း (ခ) မောင်ကျော်မင်းထွန်း သည် တစ်ဦးတည်းဖြစ်ပါကြောင်း။

**မောင်ကျော်ဝင်းထွန်း (ခ) မောင်ကျော်မင်းထွန်း (၃/ဘအန(နိုင်)၂၁၉၇၆၉)**

## တစ်ဦးတည်းဖြစ်ပါကြောင်း

မန္တလေးမြို့၊ မဟာအောင်မြေမြို့နယ်၊ မဟာမြိုင်-၂ ရပ်ကွက်နေ ဦးစိုင်းစိန်မြင့် (၉/မဟမ(နိုင်)၀၀၂၃၁၉)၏ ဖခင်အမည်မှန်မှာ ဦးဖုန်ရှီဟောင် (ခ) ဦးဖုံဆီယောင် မှာ တစ်ဦးတည်းဖြစ်ပါကြောင်း။

**ဦးဖုန်ရှီဟောင်(ခ)ဦးဖုံဆီယောင်(၁၃/တယန(နိုင်)၀၁၅၅၂၂)**

## အမည်မှန်

ပြင်ဦးလွင်မြို့၊ အောင်ဇေယျ ကိုယ်ပိုင်မူလတန်းကျောင်း၊ Grade-2 တွင် ပညာသင်ကြားနေသော (ဘ) ဦးပြည့်ဖြိုးကျော်၏သား မောင်အောင်မင်းခန့်၏အမည်မှန်မှာ အိမ်ထောင်စုလူဦးရေစာရင်းအရ မောင်အောင်ဘုန်းမြတ် ဖြစ်ပါကြောင်း။

**မောင်အောင်ဘုန်းမြတ်**

## သားအဖြစ်မှအမွေပြတ်စွန့်လွှတ်ခြင်း

အမရပူရမြို့နယ်၊ တောင်ကိုင်းကျေးရွာအုပ်စု၊ မြအင်းကျေးရွာနေ ဦးစိန်မောင် ၏သား **မောင်ဇင်မင်းထွန်း (၉/အမရ(နိုင်)၁၅၉၂၀၆)** သည် မိဘတို့၏စကားနားမထောင်ဘဲ အကြိမ်ကြိမ်စိတ်ဆင်းရဲအောင် ပြုလုပ်နေပါသဖြင့် ယနေ့မှစ၍ သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်လိုက်ပါသည်။ ၎င်းနှင့်ပတ်သက်သော ကိစ္စအဝဝကို လုံးဝ(လုံးဝ)တာဝန်ယူဖြေရှင်းပေးမည်မဟုတ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

*စုံစမ်းမေးမြန်းခြင်းသည်းခံပါ*

**ဦးစိန်မောင် (၉/အမရ(နိုင်)၀၂၆၁၃၃)**

## ဖခင်အမည်မှန်

မန္တလေးမြို့၊ ရတနာပုံတက္ကသိုလ်၊ သတ္တဗေဒ(ပထမနှစ်)တွင် ပညာသင်ကြားနေသော မဖြူလင်းလတ်၏ဖခင်အမည်မှန်မှာ မွေးဖွားစာရင်းအရ ဦးကျော်မြင့် ဖြစ်ပါကြောင်း။

**ဦးကျော်မြင့် (၉/မရတ(နိုင်)၀၈၅၀၇၆)**

## အရောင်းဝန်ထမ်းအလိုရှိသည်

### နေပြည်တော် တိရိ စ္ဆာန်အစာဆိုင်

- မန္တလေးတွင် တာဝန်ထမ်းဆောင်ရန်အတွက် အသက် (၁၈) မှ (၂၃)အတွင်း အမျိုးသား/အမျိုးသမီး အရောင်းဝန်ထမ်း အလိုရှိ
- အလုပ်ချိန် 9:00 မှ 7:00 နှင့် အလုပ်မှသတ်မှတ်ပေးထားသည့် အပတ်စဉ်နားရက်နှင့်အများပြည်သူနားရက်များခံစားခွင့်+ဘောနပ်ခံစားခွင့်များ
- ဆယ်တန်းအဆင့်ရှိရမည်။
- တိလေးတွေ ချစ်တတ်ရမည်။
- လစာ+ရက်မှန်ကြေး+အချိန်မှန်ကြေး=330000 ခန့် အရည်အချင်းအလိုက် အခြားဘောနပ်ခံစားခွင့်များ
- အလုပ်လျှောက်ရမည့်နေရာ 35 လမ်း-81x82 ကြား

Ph; 09-740980768

Viber; 09-91025574

## ပျောက်ဆုံးကြောင်း

မြန်အောင်မြို့နေ မောင်မင်းသူအောင်(ဘ) ဦးညွန့်ဌေး (၁၄/မအန(နိုင်)၁၈၁၃၄၁)၏ နိုင်ငံကူးလက်မှတ်အမှတ် (MC-443231) မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။

၀၉-၆၉၀၇၉၉၉၀၆

လျှပ်စစ် မီးကို ချွေတာ သုံးစွဲပါ

## ပြည်ပထွက်ခွာလိုသူ ပြည်သူများသို့ အသိပေးကြေညာချက်

၁။ လူတစ်ဦးချင်းစီ၏ ကိုယ်ရေးအချက်အလက်နှင့် ဇီဝဆိုင်ရာအချက်အလက်များကောက်ယူ၍ ဂဏန်း ၁၀ လုံးပါ Unique ID နံပါတ်ထုတ်ပေးခြင်းလုပ်ငန်းကို သက်ဆိုင်ရာလဝကမြို့နယ်ရုံးအားလုံး၌ ဥပဒေနှင့် အညီစိစစ်၍ အခမဲ့ဆောင်ရွက်ထုတ်ပေးလျက်ရှိပါသည်။

၂။ သို့ရာတွင် ပြည်ပထွက်ခွာလိုသည့် ပြည်သူများအနေဖြင့် ၎င်းတို့နှင့်သက်ဆိုင်သည့် လဝကမြို့နယ်ရုံးများ၌ UID နံပါတ်ဆောင်ရွက်ထုတ်ယူခဲ့ခြင်းမရှိဘဲ နယ်စပ်ဒေသများရှိ UID လုပ်ငန်းဆောင်ရွက်သည့်နေရာများ၌သာ UID နံပါတ်ရရှိရေးအတွက် အရေးတကြီးပြုလုပ် ဆောင်ရွက်လျက်ရှိကြသဖြင့် ယင်းနေရာ၌သာ လူစုလူဝေးများဖြစ်ပေါ်ခြင်း၊ လုပ်ငန်းဆောင်ရွက်မှုအချိန်နှောင့်နှေးကြန့်ကြာခြင်းများ ဖြစ်ပေါ်လျက်ရှိပါသည်။

၃။ သို့ဖြစ်ပါ၍ အကြောင်းအမျိုးမျိုးဖြင့် ပြည်ပထွက်ခွာလိုသူ ပြည်သူများအနေဖြင့် သက်ဆိုင်ရာ လဝကမြို့နယ်ရုံးများသို့ လူကိုယ်တိုင်သွားရောက်၍ UID နံပါတ် ကြိုတင်ထုတ်ယူဆောင်ရွက်ထားကြပါရန်နှင့် အခက်အခဲများရှိခြင်း၊ ငွေကြေးတောင်းခံခြင်းများရှိပါက အီလက်ထရောနစ်မှတ်ပုံတင်စနစ်ဦးစီးဌာန၏ Facebook စာမျက်နှာဖြစ်သည့် www.facebook.com/ eIDDept မှတစ်ဆင့် ဆက်သွယ်တိုင်ကြားဆောင် ရွက်နိုင်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန**

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက်(၉)ရပ်

၁။ နိုင်ငံရေး

(က) စစ်မှန်၍ စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုကို တည်ဆောက်နိုင်ရေး။

(ခ) တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘော တူစာချုပ်(NCA)ပါအတိုင်း အလေးထားလုပ်ဆောင်ရေး။

(ဂ) ပြည်သူလူထု၏ လူမှုစီးပွားဘဝလုံခြုံရေးအတွက် ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေးအပြည့်အဝရရှိစေရန် အလေးထားလုပ်ဆောင်ရေး။

၂။ စီးပွားရေး

(က) တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးတို့အတွက် တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့် အကျိုးဝင်သောစိုက်ပျိုးရေးနှင့် မွေးမြူရေးကို ခေတ်မီနည်းစနစ်များဖြင့် တိုးတက်အောင် ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။

(ခ) တိုးတက်ကောင်းမွန်လာသည့် စီးပွားရေးမောင်းနှင်အားကို မဏ္ဍိုင်ပြု၍ MSME စက်မှုလုပ်ငန်းများကို အားပေးဆောင်ရွက်ကာ ပို့ကုန်ကဏ္ဍမြှင့်တင်ရေး။

(ဂ) ပြည်တွင်းစားသုံးဆီဖူလုံရေးအတွက် ဆီထွက်သီးနှံစိုက်ပျိုးမှုကို အားပေးမြှင့်တင်ပြီး ပန်းတိုင်ရည်မှန်းချက်အတိုင်းထွက်ရှိအောင် ဆောင်ရွက်၍ နိုင်ငံအတွင်းဖူလုံမှုမှသည် ပြည်ပသို့တင်ပို့နိုင်သည်အထိ ကြိုးပမ်းဆောင်ရွက်ရေး။

၃။ လူမှုရေး

(က) တစ်နိုင်ငံလုံး အသိပညာ၊ အတတ်ပညာမြင့်မားတိုးတက်စေရေး၊ ကုန်ထုတ်လုပ်မှုအထောက်အကူပြုပညာရှင်များ ထွန်းကားလာစေရေးအတွက် လူတိုင်းလက်လှမ်းမီသည့်ဘက်စုံပညာရေးစနစ်ကို အကောင်အထည်ဖော်ဆောင်ရေး။

(ခ) တစ်မျိုးသားလုံးသက်ရှည်ကျန်းမာကြံ့ခိုင်ရေးအတွက် ပြည်သူအားလုံးအကျုံးဝင်မည့် ကျန်းမာရေးကဏ္ဍနှင့် အားကစားကဏ္ဍ မြှင့်တင်ဆောင်ရွက်ရေး။

(ဂ) နိုင်ငံ၏ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်များ၌ လူငယ်များအနေဖြင့် အဓိကစွမ်းအားစုအဖြစ် ပါဝင်နိုင်ရေး ဗလငါးတန်နှင့် ပြည့်စုံသော လူငယ်များဖြစ်စေရန် လူငယ်ကဏ္ဍကို မြှင့်တင်ဆောင်ရွက်ရေး။

❖ စိုက်ပျိုးမွေးမြူရေးထုတ်ကုန်များသည် ခိုင်မာသည့် ဈေးကွက်ရှိပြီးဖြစ်...

❖ နိုင်ငံစားရေရိက္ခာကို အထောက်အကူပြုစေနိုင်သကဲ့သို့ ပြည်ပသို့ ပို့ကုန်များ ပိုမိုတင်ပို့နိုင်သောကြောင့် ပြည်ပဝင်ငွေများ ပိုမိုရရှိစေမည်ဖြစ်...

❖ ထို့ကြောင့် ငွေကြေးတတ်နိုင်သည့် လုပ်ငန်းရှင်များအနေဖြင့် သေချာသည့်လုပ်ငန်းများဖြစ်သော စိုက်ပျိုးမွေးမြူရေး လုပ်ငန်းများတွင် ရင်းနှီးမြှုပ်နှံကြစေလို...

(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်၏ ၂၀၂၄ ခုနှစ် ဇွန် ၇ ရက်တွင် ပြုလုပ်သော နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အစည်းအဝေး (၃/၂၀၂၄)သို့ တက်ရောက်အမှာစကားပြောကြားမှုမှ ကောက်နုတ်ချက်)

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်၏ တရုတ်နိုင်ငံခရီးစဉ်တွင် နိုင်ငံတော်အတွက် ကဏ္ဍစုံဖွံ့ဖြိုးတိုးတက်အောင် ကြိုးပမ်းဆောင်ရွက်ခဲ့မှုအပေါ် အဖွဲ့အစည်းများမှ ဂုဏ်ယူဝမ်းမြောက်ကြောင်း ထုတ်ပြန်ကြေညာ

နေပြည်တော် နိုဝင်ဘာ ၁၁

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်သည် ၂၀၂၄ ခုနှစ် နိုဝင်ဘာ ၅ ရက်မှ ၁၀ ရက်ထိ တရုတ်ပြည်သူ့သမ္မတနိုင်ငံသို့ သွားရောက်ပြီး (၈)ကြိမ်မြောက် မဟာမဲခေါင်ဒေသခွဲထိပ်သီးအစည်းအဝေး၊ (၁၀)ကြိမ်မြောက် ဧရာဝတီ-ကျောက်ဖရား-မဲခေါင် စီးပွားရေးပူးပေါင်းဆောင်ရွက်မှုမဟာဗျူဟာထိပ်သီးအစည်းအဝေးနှင့် (၁၁)ကြိမ်မြောက် ကမ္ဘောဒီးယား-လာအို-မြန်မာ-ဗီယက်နမ်ပူးပေါင်းဆောင်ရွက်မှုထိပ်သီးအစည်းအဝေးများ၌ မြန်မာနိုင်ငံ၏ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးနှင့် ပညာရေးကဏ္ဍများ ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် စွမ်းစွမ်းတမံကြိုးပမ်းဆောင်ရွက်နိုင်ခဲ့ခြင်း၊ ဧရာဝတီ-ကျောက်ဖရား-မဲခေါင် စီးပွားရေးပူးပေါင်းဆောင်ရွက်မှုမဟာဗျူဟာ၏ အလှည့်ကျဥက္ကဋ္ဌအဖြစ် တာဝန်ယူဆောင်ရွက်နိုင်ခဲ့ခြင်းတို့အပြင် တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ ကမ္ဘောဒီးယားနိုင်ငံ၊ လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံနှင့် ထိုင်းနိုင်ငံတို့မှ ဝန်ကြီးချုပ်များနှင့်တွေ့ဆုံ၍ မြန်မာနိုင်ငံအတွက် အပြုသဘောဆောင်သောကောင်းမွန်သည့်ရလဒ်များရအောင် ဆွေးနွေးနိုင်ခဲ့သည်။

ထို့သို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်၏ မြန်မာနိုင်ငံ ကဏ္ဍစုံဖွံ့ဖြိုးတိုးတက်စေရန်အတွက် ကြိုးပမ်းဆောင်ရွက်နိုင်ခဲ့မှုအပေါ် မြန်မာ-တရုတ်ပူးပေါင်းဆက်ဆံရေးဗဟိုအသင်း၊ တရုတ်နွယ်ဖွားမြန်မာနိုင်ငံသားအသင်းအဖွဲ့များ၊ စာမျက်နှာ ၂၃ ကော်လံ ၁ ☆

## Abu Dhabi Championship ဂေါက်သီးရိုက်ပြိုင်ပွဲချန်ပီယံဆုကို ပေါဝါရင်း ဆွတ်ခူး




လန်ဒန် နိုဝင်ဘာ ၁၁

ယူအေအီးနိုင်ငံ ဒူဘိုင်းမြို့တွင် ကျင်းပခဲ့သော Abu Dhabi Championshipဂေါက်သီးရိုက်ပြိုင်ပွဲတွင် အင်္ဂလန်ဂေါက်သီးရိုက်ကစားသမား ပေါဝါရင်းက စုစုပေါင်းသတ်မှတ်ရိုက်ချက်ထက် ၂၄ ချက် လျော့ရိုက်ကာ ချန်ပီယံဆုဆွတ်ခူးနိုင်ခဲ့ကြောင်း ယနေ့တွင် ဖော်ပြခဲ့သည်။

တစ်နိုင်ငံတည်းသား ဟက်တန်က စုစုပေါင်းသတ်မှတ်ရိုက်ချက်ထက် ၂၂ ချက် လျော့ရိုက်ကာ အမှတ်ပေးဇယား၏ ဒုတိယနေရာတွင် ရပ်တည်နိုင်ခဲ့ပြီး မြောက်အိုင်ယာလန်ဂေါက်သီးရိုက်ကစားသမား မက်အီလ်ရွိုင်း၊ အင်္ဂလန်ဂေါက်သီးရိုက်ကစားသမား ဝေါ လေ့စ်နှင့် ဒိန်းမတ်ဂေါက်သီးရိုက်ကစားသမား အိုလီဆန်တို့က စုစုပေါင်းသတ်မှတ်ရိုက်ချက်ထက် ၂၁ ချက်လျော့ရိုက်ကာ အမှတ်ပေးဇယား တတိယနေရာတွင် စာမျက်နှာ ၂၆ ကော်လံ ၅ ❑

**သမိုင်းတွင်မည့် သမိုင်းဝင်ခြေလှမ်းများ**

ဆောင်းပါး စာမျက်နှာ - ၁၉

**မအူပင်မြို့နယ်တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ စပါး ၈၂၇၅၁ ဧကစိုက်ပျိုးမည်** စာမျက်နှာ - ၂၆

**တစ်ကမ္ဘာလုံးအတိုင်းအတာဖြင့် ပလတ်စတစ်ညစ်ညမ်းမှု ဖြေရှင်းနိုင်ရေး ပဋိညာဉ်စာချုပ် ချုပ်ဆိုရန် EU ဆန္ဒရှိနေ** စာမျက်နှာ - ၂၈